www.burmeseclassic.com

## သူ့အိုးပုတ်လေးကို ကျွန်တော်ပြန်မပေးပါ (တာရာမင်းဝေ)

(၁)

အစပိုင်းမှာတော့ မင်းဆက်က အကောင်းကြီးဖြစ်သည်။ မကောင်းကြီး
လည်း မဖြစ်မနေပါ။ မည်သူကမှ အပြစ်ပြောစရာမရှိခြင်းကို ဆိုလိုပါ
ပါသည်။ သူ့ စကားကိုပင် သူငယ်ချင်း အပေါင်းပါတွေက ဝိုင်းဝန်း သဘောတွေ့ နေသေးသည်။
" ဘယ်နိုင်ငံကလည်းတော့ ငါလည်းမမှတ်မိဘူးကွာ "
" အေး ......... "
" ဘယ်သူတွေ မှန်းလည်း မသိတော့ဘူး ...... "
" မြို့တစ်မြို့ ကို ရန်သူတွေ ဝင်တိုက်ရောတဲ့ ....... "
" အေး ........ "
" မြို့ခံတပ်တွေ ရှုံးသွားတယ် ၊ မြို့ကို သိမ်းပြီး ရန်သူဗိုလ်ချုပ်ကတစ်ဖက်က မြို့စားကတော်ကို
အခွင့်ရေးပေးတယ် "
" ဘာတဲ့လဲ ..... "
" တစ်နိုင် သယ်နိုင်သရွေ့ကို သယ်ပြီး ထွက်ပြီးသွားခွင့်ပြုတယ်တဲ့ ......... "
" အဲဒီတော့ ရွှေတွေချည်းပဲ သယ်သွားမှာပေါ့ကွ ...... "
မင်းဆက်၏ မျက်နှာ ရှုံ့မဲ့ သွားသည်။
" မင်း ..... ငွေကျော်နော် ...... "
" အေးလေ ..... ငွေကျော် ဘာဖြစ်လို့ လဲ ....... "
" ငါ့ သူငယ်ချင်း ဖြစ်ရတာ နာတယ်ကွ ....... "
" အောင်မာ ... ဘာကွ ....... မင်း ...... "
" မင်းအတွေးအခေါ်က တုံးလွန်းတယ် ...... "
" ဒါဖြင့် ဘာကို သယ်ရ မှာလဲ ၊ ဘာတွေကို တွေးခေါ်ရ မှာလဲ "
" ဟဲ ....ဟဲ ..... ဟဲ ..... "
မင်းဆက်က ပြောစရာရှိသည့် စကားကို မပြောဘဲ တဟဲဟဲရယ် နေသဖြင့် ငွေကျော် နှင့်
ရန်တိုက်ပေဖူးသည်။ နှစ်ယောက်လုံးကလည်း သိုင်မတတ် သဖြင့် ကြုံရာကျပန်း သိုင်းကွက်များကို သုံးကာ
သရေပွဲ ဖြစ်သွားသည်။
သို့သော် ... မြို့စားကတော်သယ်မည့် ပစ္စည်းကိုတော့ ငွေကျော် စိတ်ဝင်စားနေသည်။
" ကမ္ဘာကျော်ညေဖရှင်းချက်နော် ...... "
" အေးပါကွာ .... ပြောမှာသာ ပြောပါ ...... "
" မြို့စား ကတော်ကြီးကလေ ..... "
" အင်း ..... "
" ဟောဗျာ ...... "
" မကောင်းဘူးလား ..... "
" ကောင်းတယ် ..... မထင်ရဘူး ....... "
" သူ့ ဉာဏ်ပညာ သူ့သတ္တိမျိုး မင်းတို့ မှာရှိလား "
" မင်းမှာကော ရှိလို့လား ...... "
သူတို့ ထိုသို့ ပြောဆိုရင်းနှင့် ပင် အချိန်က စေ့နေပြီ ။ ငွေကျော် က ............
" ဟေ့ကောင်တွေ အခန်းထဲဝင် မယ် ..... "
ထိုသို့ အခန်းထဲဝင်မိခြင်းကပင် မင်းဆက် ဂြိုလ်ဝင်ခြင်းဖြစ်သည်
ပထမဦးဆုံးအချိန်က အင်္ဂလိပ်ဆရာမအချိန် ဖြစ်သည်။ စာမေးပွဲ မဟုတ်တဟုတ်ကိုလည်း စစ်ထားသည်။
Essay ရေးခိုင်းထားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

'စားသောက်ပွဲ တစ်ခုမှာ ' တဲ့ ........ ။
ရေးလိုက်ချင်တာကတော့ ပြောမနေပါနှင့်တော့ ။ ဟင်းနာမည်တွေ မရေးတတ်၍ အားလုံး
(သွားရည်တမြားမြားနှင့် ) သက်ပြင်းချရသည်။
Essay က ရေးပြီးပါပြီ ။ ဆရာမကလည်း မနေသာမထိုင်သာ စစ်ကြောပြီးပါပြီ။
သူတို့ (မင်းဆက်+ငွေးကျော်+သိန်းဦး ) တို့ အခန်းထဲသို့ မင်မောင်း ကလေးနှင့် ရောက်သွားကြ၏ ။
" ဟိုကောင် ..... "
" ဗျာ ......... "
အလိုအလျောက်ပင် မင်းဆက်က ထူးမိလျက်သား ဖြစ်နေသည် ။
ဆရာမက သူ့ကို ထိုသို့ခေါ်နေလျက်သား ဖြစ်သောကြောင့်ပင် .......
အမှန်တော့ ဆရာမကလှလှငယ်ငယ်လေး နာမည်က ဒေါ်ဖက်ဖူးဝါ တဲ့ .....
( ဤကား စကားချပ် )
" နင့် အပြစ် နင်သိလား ..... "
" မသိပါဘူး ......... "
" နင် အက်ဆေးကို ဘယ်လိုရေးထားလဲ ...... "
" အင်္ဂလိပ်လိုရေးထားပါတယ် .......... "
" ကဲ .... ရွှေကဗျာ ထစမ်း ....... "
ရွှေကဗျာဆိုသည်က ဆရာမဒေါ်ဖက်ဖူးဝါ၏ ညီမအရင်းခေါက်ခေါက်ဖြစ်၏။
အက်ဆေးကို စာမေးပွဲ ဖြေသလို ဖြေစဉ်က သူ့နဘေးခုံမှာ ထိုင်သူ ဖြစ်သည်။
" ကဲ ..... မင်းဆက် .... "
ရွှေကဗျာက ထပြီးပြီဖြစ်၏ ။
" ဟုတ်ကဲ့ ...... "
" နင် ဘာကိစ္စ ခိုးချရတာလဲ ..... "
" ကျွန်တော်ခိုးချတယ်လို့ ဘယ်သူပြောလဲ ..... "
" ဟဲ့ ... ငါသိတယ်ဟဲ့ ... နင် ရွှေကဗျာရဲ့ အက်ဆေးကို ခိုးချထားတာ "
" ဆရာမ ... အဲဒါမျိုးကတော့ ကျွန်တော့်ကို မတရားမပြောနဲ့ဗျာ ..... "
" ဟဲ့ ... ငါက နင့်ကို မတရားပြောပါ့ မလား ..... "
" ဒါဆို ... သူကို ဘာကိစ္စ မတ်တတ်ရပ်ခိုင်းထားမှာလဲ ..... "
" အောင်မယ် ..... "
ဆရာမဒေါ်ဖက်ဖူးဝါ ဒေါသအမျက်ချောင်းချောင်း ထွက်သွား၏။ အမှန်မှာ ဆိုလျှင် ဒေါ်ဖက်ဖူးဝါသည်
အတော့်ကို ချောမွေ့သော အမျိုးသမီးဖြစ်၏။ ရွှေကဗျာ၏ အစ်မ၊ ရှစ်နှစ်ကြီးပြီး ရှစ်ဆယ်ကျော်
အဘွားကြီးကဲ့သို့ အုပ်ချုပ်သည်။ (သူ ခေတ်မီချင်လျှင်လည်း နည်းနည်းတော့ ခေတ်မီသည် )
ရွှေကဗျာကိုလည်း ညီမဆိုပြီး မျက်နှာသာမပေး။ အိမ်မှာတော့မသိ။ ကျောင်းမှာတော့ ခပ်မာမာပဲဖြစ်သည်။
(မှတ်ချက်။ ရွှေကဗျာကလည်း လှသည်။ )
" ငါ အဖြေလွှာနှစ်ခုကို တိုက်ကြည့်ပြီးပြီ .. နင်ခိုးချတာ ..... "
" ဟာ ... မဟုတ်ပါဘူး ဆရာမရယ် ..... "
" ဘာမဟုတ်ရ မှာလဲ ငါသေသေချာချာစစ်ပြီးပြီ ...... "
" အဲဒါနဲ့ပဲ ကျွန်တော်က ခိုးရောလား ..... "
" အထောက်အထား ရှိလို့ ပြောနေတာ .... "
" ဟင် ... ဆရာမကလည်း အတင်းကြီးပဲ ....... "
" နင် ဘာရေးထားလဲ မှတ်မိလား ...... "
" ပုဇွန်ထုတ်ကြော်ကြီးရယ် ... ဝက်သားကြပ်တိုက်ရယ် ... ပြီးတော့ .... "
" တော်ပြီ ... တော်ပြီ .. အဲဒါတွေက ရွှေကဗျာ့ Essay ထဲမှာပါပြီးသားပဲ "
မင်းဆက်သက်ပြင်း ချမိသည်။ ယခုမှ အပြောရခက်တော့သည်။ ခိုးချတာကတော့ ဟုတ်ပါသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

သူက ရွှေကဗျာထံမှ ခိုးချခြင်း မဟုတ်။ ရွှေကဗျာက ဘာမှမပြော အောင်မြင်သူအပြုံးနှင့်
ရယ်ကျဲကျဲလုပ်နေသည်။ နံဘေးမှ နန်းနန်းထိုက်ကိုပင် .........
“ ငါ့လို ဉာဏ်ပညာမျိုး ငါ့လိုသတ္တိမျိုး နင်တို့ မှာ ရှိလို့လား ”
ဟုပြောသေး၏။
ပြောလိုက်ရမကောင်း .... သို့သော် မပြောတော့။ပြောစရာကတော့ရှိသည်။
မင်းဆက် မနည်းစိတ်ထိန်းထားရသည်။
“ သူ့ကိုပဲ သေသေချာချာမေးပါဦး ..... ”
“ ဘယ်သူ့ကိုလဲ ...... ”
“ ဆရာမရဲ့ ကဗျာလေးကိုလေ ..... ”
“ အံမယ် ... ငါ့ညီမကလား နင့်ဆီက ခိုးချမှာ ..... ”
“ ဆရာမ အဲဒီလိုပုဂ္ဂိုလ်စွဲတွေ မထည့်ပါနဲ့ ..... ”
ဆရာမ၏ဒေါသအမျက်က နောက်တစ်ခါ ချောင်းချောင်း ပြန်ထွက်လာပြန်သည်။
“ ဘာပြောတယ် .... ဘာပြောတယ် ”
“ ဆရာမ ရဲ့ ညီမကသာ ကျွန်တော့်ဆီက ခိုးချတာပါ ..... ”
“ ရာရာစစ ...... ”
“ အကြာရာအစစမှာ ကျွန်တော်က သူ့ထက် သာပါတယ် ”
“ နင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ...... ”
“ ဟုတ်တာတွေပါ ဆရာမရယ် ....... ”
“ ရွှေကဗျာက နင့်ဆီက ခိုးချတယ် ဟုတ်လား ..... ”
“ အမှန်ပါပဲ ....... ”
“ တကယ် ..... ”
“ အဟုတ် ...... ”
“ မဖြစ်နိုင်ဘူး ...... ”
“ ဘာကြောင့်လဲ ..... ”
“ နင်ဘာလို့ သူ့ Essay ကို အစအဆုံး ကူးချထားရတာလဲ ..... ”
“ ဗျာ ....... ”
မင်းဆက် အကြောင်သား အငေးသားဖြစ်သွားသည်။ ပြောရတာ အတော်ခက်နေပ်လား။ ညီမဘက်ကတော့
ပြောင်ပြောင်တင်းတင်း ဘက်လိုက်မည်မဟုတ်။ သွေးရိုးသားရိုးထင်နေခြင်း ဖြစ်သည်။ ရွှေကဗျာ့ဘက်ကို
လှည့်ကြည့်တော့ အပြစ်ကင်းစင်သော မျက်နှာလေးနှင့် .......
“ ကဲ .... ကဗျာ နင်ကလည်း ကူပြောပေးဦးလေဟာ ..... ”
“ ဘာလဲ ... ငါက ငါခိုးချပါတယ်လို့ ကူပြောပေးရ ဦးမှာလား ... ”
“ အေးလေ ....... ”
“ ဝေးသေး ........ ”
“ နင်ပဲ ငါ့ဘက်ကို လှည့်လှည့်ကြည့်ပြီးတော့လေ ..... ”
“ အောင်မာ ..... ”
“ ငါက ငါ့ကိုချောတယ် အောက်မေ့လို့ ..... ”
“ နင်နော် ...... ”
“ နင် ငါ့ဆီက ခိုးချတာလေ ..... ”
“ နင် လုပ်လာပြန်ပြီလား ....... ”
“ နင် အမှန်အတိုင်း ဝန်ခံစမ်းပါ ”
“ နင် Essay ကိုဘယ်လိုရေးသလဲ ပြောစမ်းပါ ..... ”
“ ဒီလိုရေးပါတယ် ၊ နင်ကြည့်လို့ ရဗအောင် အဖြေလွှာစာရွက်ကို နင်ဘက်သာသာထိုးထိုး လုစ်ပြထားတယ် ”
“ နင် မဟုတ်တာတွေ မပြောနဲ့ နော် ...... ”

www.burmeseclassic.com

“ ဟုတ်တာပေါ့ ပြောနေတာ၊ပထမတော့ ငါက နင့်ကို အခန်းထဲက ထွက်ခိုင်းမလို့ သနားလို့ ....... ”
“အောင်မာ .... အောင်မာ ..... ”
ခက်တော့ခက်နေပါပြီ။အက်ဆေးလေးတစ်ပုဒ်နှင့် သူ့ဘဝက သူခိုးဖြစ်ရပြီ။ အမှန်ဆို သူမကမှ သူခိုးမ ...... ။
“ ဒီမယ် ရွှေကဗျာ .... ”
“ ဘာလဲ ”
“ နင်က ငါ့ဘဝကို အမည်းစက်မသုတ်နဲ့နော် .... ”
“ နင့်ဘာသာနင် အစကတည်းက မည်းမည်းကြီး ... ”
“ အဲဒီလောက် ဝင်းလက်နေတဲ့ အသားအရည်ကိုများ ... ”
ဆရာမ စိတ်မရှည်တော့ .......
“ ကဲ ... ကဲ .. မင်းတို့ဘာသာ ငြင်းကြမှာလား ၊ ငါအဆုံးဖြတ်ကို စောင့် မှာလား ..... ”
“ ကျောင်းအုပ်ကြီးကို ခေါ်ရင် ကောင်းမလား ..... ”
“ မင်းဆက် ..... ”
“ ခညာ .... ”
“ နင်ဟာ ပြောလေ ဆိုးလေပါလား ..... ”
“ ဒါဖြင့် ဆရာမကပဲ တရားမျှတစွာပဲ ဆုံးဖြတ်ပေးပါ ...... ”
“ အေး ... ငါ ... ကျောသားရင်သား မခွဲခြားပဲ ဆုံးဖြတ်ပေးမယ် .... ”
“ ဟုတ်ကဲ့ .... ”
“ တရားခံကတော့ နင်ပဲ ...”
“ ဟင် .. ဘာ .... ဘာကြောင့်လဲ .... ”
“ နင့် Essay က ရွှေကဗျာ့ရဲ့ Essay လောက် မပြည့်စုံဘူး ”
“ သူက ကျွန်တော်ဆီက ကူးချတဲ့ဟာကို ...... ”
“ နင်က ဆိုင်မှာ ငွေရှင်းတဲ့အဆင့်ထိ မရောက်ဘူး၊သူက ငွေပါ ရှင်းပေးသွားတယ် ”
“ ဟောဗျာ .... ”
“ မင်းဆက်မင်းဘာ ငြင်းချင်သေးလဲ ....... ”
“ ဘယ်လိုမှ မငြင်းနဲ့တော့ ....... ”
မင်းဆက်က
“ ရွှေကဗျာ .... ”
“ ဘာလဲ ..... ”
“ နင်ကျေးဇူးရှင်ကို ကျေးဇူးဆပ်တာပေါ့ ..... ”
“ ဘာ ..... ”
ရွှေကဗျာက တစဆွေ့ နှစ်ဆွေ့ ဟု မတိုင်ပင်ပဲ ဆွေ့ဆွေ့ ခုန်သည်။
“ နင်ပြောချင်တာပြော ငါဘာမှ မဖြစ်ဘူး ...... ”
“ နင် ငါ့ဆီက ခိုးချတယ်ဆိုတာ ဝန်ခံစမ်းပါ ...... ”
ရွှေကဗျာက လုံးဝ ဝန်မခံချေ။သူ့အမ ဆရာမ ဖက်ဖူးဝါမှ မဟုတ် ။ တခြားဆရာ ကလည်း သူမအမှန်ဟု ထင်မိမည်။
“ နင်က ငါ့အက်ဆေးကို အပိုဒ်လေးထပ်ထည့် ပြီး လူလည်ကျတာကို ရှင်းပြလိုက်ပါလား ........ ”
ဆရာမဖက်ဖူးဝါ ဇဝေဇဝါဖြစ်သွားသည်။ သူ့ညီမအကြောင်းလည်း သူသိထားပုံရသည်။ ထို့ ကြောင့် ............
“ ရွှေကဗျာ ..... ”
“ ရှင် မမ ...... ”
“ သူပြောတာ အဟုတ်လား ...... ”
“ ဘာဖြစ်လို့ ဟုတ်ရ မှာလဲ ...... ”
“ နင်က သူ့အက်ဆေးကို ခိုးချတာ မဟုတ်ဘူးပေါ့ .... ”
“ မဟုတ်ပါဘူး ... ပေါက်တီးပေါက်ရှာ ”

www.burmeseclassic.com

www.burmeseclassic.com

" စေတနာဟာ လူတိုင်းနဲ့မတန်ဘူး ဆိုတဲ့ စကားက အမှန်ပဲ ...... "
" မှန်တော့ ဘာဖြစ်လဲ ..... မှန်လို့ ရောင်းကောင်းနေတာပဲ ...... "
" နင်သာ ယောကျ်ားလေးဆိုရင် ငါ့လက်သီးနဲ့ အတွေ့ပဲ ...... "
" အောင်မာ လာစမ်းပါ လာစမ်းပါ ...... "
" လာမယ် ..... လာပြီဟေ့ ............ "
ဆရာမဒေါ်ဖက်ဖူးဝါက ဝင်ဟန့်ရသည်။
" ဟဲ့ ... နှစ်ယောက်လုံး တိတ်တိတ်ငြိမ်ငြိမ်နေကြစမ်း ..... "
ပြီးမှ အဆုံးအဖြတ်ပေးသည်။
" ငါ ဒီကိစ္စမှာ လူကိုမကြည့်ဘူး ၊ မှုကိုကြည့်ပြီး ဆုံးဖြတ်မယ် ...... "
" ဟုတ်ကဲ့ ...... "
" ဟုတ် ........... ကဲ့ ................. "
ဒုတိယမြောက် တုံ့ပြန်စကားဖြေသူက မင်းဆက်ဖြစ်လေသည်။
သူထင်သည့် အတိုင်းပါပဲ ........ ။
" ခိုးချသူက မင်းဆက်ဖြစ်နိုင်တယ် ..... "
မင်းဆက်စိတ်ပျက် သွားသည်။
" ဟုတ်မှာပေါ့ .. ဆရာမ ၊ ကျွန်တော်က 'ဇ' လည်းရှိတာကိုး ...... "
" ဘာပြောတယ် ....... ဘာပြောတယ် ........ "
" ကျွန်တော်က သူခိုးပဲဟာ .. ငယ်ငယ်ကတည်းက ခိုးစားတတ်တယ် ..... "
" အခုလည်း နင် သူ့ဆီက ခိုးချတာပဲ မဟုတ်လား ....... "
" ကျွန်တော်က အမြီးလေးဆောင့်ဆွဲရင် သူက စာရွက်လှန်လှန်ပြရတယ်လေ ......... "
" မင်းဆက် နင်နော် ...... "
ဆရာမ ဖက်ဖူးဝါ ဒေါကန်သွားခြင်းဖြစ်၏။
" ကောင်းပြီလေ ... ဆရာမတို့ မျက်မြင်သက်သေမှ မရှိဘဲ ......
သက်သေလုပ်မယ် စီရင်မယ်ဆိုရင်တော့ တစ်မျိုးပေါ့ ..... "
ပြဿနာက မပြီးချေ။ မင်းဆက်၏ညီမသားချင်းများကလည်း မကျေနပ်ကျချေ။ အစ်မ (၁) က ပြဿနာရှာသည်။
" ဟဲ့ .... မင်းဆက် ...... "
" အိုး ..... ကျွန်ုပ်၏အလှပဆုံးသော အစ်မတော်ပါလား ..... "
" နင် .... ပြောင်ချော်ချာ်လုပ်မနေနဲ့ ...... "
" ဘာဖြစ်လို့ လဲ ........ "
" နင် ရွှေကဗျာဆီက စာကူးချတယ်ဆို ....... "
" ပြောင်းပြန်တွေ ပြောနေတာ ...... "
" နင် ဘာနဲ့ သက်သေပြမလဲ ...... "
" အစ်မနဲ့ ပတ်သက်ပြီးတော့ ပဲ သက်သေပြရမှာ ပဲ ..... "
" ဘာကိုလဲ .... "
" ငါ့အစ်မလို မိန်းမပျိုလေးတစ်ယောက်မှာ သူခိုးမောင်လေးတစ်ယောက် ရှိတယ်ဆိုတာ ဘယ်ဖြစ်မလဲ ...... "
" ငါ့မောင်တွေ ဘာတွေ လုပ်မနေနဲ့ .. သူခိုးက သူခိုးပဲ ...... "
အစ်မ(၁) ပြန်ထွက်သွားသည်။ ကိစ္စက ရှိသေးသည်။ အစ်မ(၂)က ဝင်လာသည်။ သူမက စာအုပ်သမား ။
" နင်ဟုတ်လား မဟုတ်ဘူးလား ...... "
" မဟုတ်ပါဘူးဆို ...... "
" နင် အဲဒါကို ဘာဖြစ်လို့ သက်သေမပြတာလဲ ..... "
" ဘယ်လိုသက်သေလဲ .... "
" နင့်ဆီက ဖက်ဖူးဝါ စာခိုးချတာကိုလေ .... "

www.burmeseclassic.com

www.burmeseclassic.com

" ဖက်ဖူးဝါ မဟုတ်ပါဘူး ရွှေကဗျာပါ .... "
" အေး .... အေး ..... ထားပါတော့ ... ဘေးကလူတွေက မြင်သွားတာ မရှိဘူးလား ...... "
" မပြောတတ်ဘူး .... ကိုယ်စာကိုယ် မဲ ဖြေနေကြတာပဲ ...... "
" နင် သေလိုက်တော့ .... "
" ဘာကိစ္စ သေရ မှာလဲ ..... "
" ဒါလေးကိုတောင် မဖြေနိုင်ရင် နင်သေလိုက်ပေါ့ ..... "
" အဲဒါကြောင့် အမေတို့က ပြောတာ ...... "
" ဘာလဲ ..... "
" အလတ်မက အရင် လင်ရမယ်တဲ့ ...... "
" ဘာ ... ဘာ ... ဘာပြောတယ် ..... "
အငယ်ဆုံးအစ်မ အမှတ်(၃) ဆီရောက်မှ ပြေလည်သွား၏ ။
" တခြားအမှတ်တွေနဲ့ ယှဉ်ကြည့် ခိုင်းလိုက်လေဟာ ... ဘယ်သူပိုတော်သလဲလို့ ........ "
အစ်မအငယ်ဆုံးက နွေးထွေးမှုတသောစိတ်ထားရှိသည်။
" သူ့အချိုးကို သူကမှ ဝန်မခံတာ ..... "
အစ်မငယ်၏စိတ်ကူးက ကောင်းသည်။
" ဖိုးသား ...... "
သူတို့က စိတ်လိုလက်ရရှိလျှင် မင်းဆက်ကို 'ဖိုးသား' ဟုခေါ်တတ်သည်။
" ပြောလေ မမလေး ..... "
" သူနဲ့ မင်းနဲ့ကြဲတိုင်းမှာ သူခများ ငါ့ကို ရက်နေရှာမှာပဲလို့ ပြောကြည့်ဟာ ....... "
" ဘယ်လိုပြောရမလဲ ...... "
" မကြားတကြားပြော ..... စောင်းပါးရိပ်ခြည်ပြော .. ဒီဘာဏ်ကို သူခံနိုင်မှာ မဟုတ်ဘူး ...... "
" နိပ် ဟ ..... "
" အဲဒါဆိုလည်း မဆိုးပါဘူး ...... "
ညီအစ်မသုံးယောက်က အထွေးဆုံးသောမောင်လေးဖြစ်သူကို အလွန်ချစ်တတ်သည်။ (ဝတ္ထုစာအုပ်များ ထဲကလို) တစ်ဦးတည်းသော မောင်လေးကို တုန်အောင်ချစ်ကြ၏။ မောင်ငယ်ကို မျက်နှာအညိုး မခံကြချေ။
အစ်မ(၁)အမည်က 'ပယင်းပွင့် '၊ အမှတ်(၂) အမည်က ' သလင်းပွင့် '
အမှတ်(၃) အမည်က ' အလင်းပွင့် ' တို့ ဖြစ်၏ ။
ထိုအထဲ မှာ အလင်ပွင့် နှင့် မင်းဆက်က အခင်တွယ်ဆုံး။သူက 'မမလင်း ' ဆိုလျှင် အလင်းပွင့် မှာနေစရာမရှိ။
အမေဖြစ်သူကော အစ်မဖြစ်သူတော်ကပါ လာရောက်ဖျောင်းဖျကြသည်။ သူကိုယ်နိုက်ကတော့ အလင်းပွင့်၏ အကြံပေးချက်ကို လိုက်နာလေသည်။
ထိုကြောင့် အပေါင်းအသင်းများနှင့် တိုင်ပင်ပြီး အထူးနှုတ်စွမ်းပြသည်။
" တောက် .... အနုလက်နဲ့ ရွှေခွက်နှိုက်တာပါကွာ ...... "
" ပါးရှဲ့ကြီးနဲ့ မဲ့ပြတယ် ဆိုမလား ........... "
" သွားခေါကြီးနဲ့ ငေါ်ပြတယ်ဆိုရင်ကော ....."
" တစ်ခုမှ မကောင်းပါဘူးကွာ ........ "
ထိုသို့ ဖြင့် ရွှေကဗျာ မကြားအောင် ပြောကြသည်။သူတို့ဘာသာသူတို့ ပြောနေကြခြင်းဖြစ်သဖြင့် မည်သို့မှလည်း မတတ်နိုင်သာ။ဒီကြားထဲ ရွှေကဗျာ သူတို့အနီးမှ ဖြတ်သွားလျှင် ' နံသည် ' ဟူသော အမူအရာမျိုးဖြင့် နှာခေါင်းကို လက်နှင့် ခါရမ်းကြသည်။
ရွှေကဗျာ ရေရေလည်လည်ခံနေရသည်။ ရွှေကဗျာနဲ့ ဖက်ဖူးဝါလည်း ကတောက်ကဆဖြစ်ကြရသည်။
" ဟိုက .... ဒီလောက်မခံချိမခံသာ ပေါက်ကွဲနေတာ သူ့အက်ဆေးကို နင်တကယ်ကူးချလို့ ဖြစ်မှာပေါ့ ....... "
" မမမှာ လူသက်သေ ပစ္စည်းသက်သေ ရှိလို့လား ..... "

www.burmeseclassic.com

" ရှိတယ်လေ ....... "
" ဘယ်မှာလဲ ဘယ်သူလဲ .... "
" ဒီမှာလေ နင့်ပေါ့ ...... "
" မမနော် ........ "
ရွှေကဗျာက ဖက်ဖူးဝါကို ကျောင်းမှာသာ ကြောက်သည်။ အိမ်မှာ သိပ်ကြောက်ခြင်းမရှိပေ။ ဖက်ဖူးဝါကလည်း စိတ်ဓာတ်ကြည်လင်သူ ဖြစ်၍ နိုင်ထက်စီးနင်း မလုပ်လှ ။
" ဒီညီအစ်မတွေ ဘာဖြစ်နေကြတာလဲ .... "
ဖေဖေနှင့် မေမေတို့ အပြင် မှ ပြန်ရောက်လာကြသည်။
ဖက်ဖူးဝါက ....
" ကျောင်းကိစ္စတွေ ပြောနေကြတာပါ ..... "
" အဲဒါ ရန်ဖြစ်စရာလား ...... "
" မေမေတို့သမီးက ဘေးလူဆီက စာကူးချတယ်လေ စာမေးပွဲမှာ .... "
" အင် ... ဟုတ်လား ဘယ်သူ့ဆီကလဲ ..... "
" သူ့ဘေးမှာထိုင်တဲ့ မင်းဆက် ဆိုတဲ့ ကောင်လေးဆီက .... "
" ရွှေကဗျာ ဟုတ်လား "
" မေမေကလဲ မဟုတ်ပါဘူး .. မမဘာသာ အထင်လွဲနေတာ "
" ငါသေချာစဉ်းစားပြီးပြီ .. နင်က ခိုးချတာပဲ ဖြစ်ရမယ် "
" မမနော် .. ကဗျာက သူ့ဆီက ခိုးချပါတယ် ဆိုရင် မမပဲ နာမည်ပျက်မှာ ... ဟွန်း ..... "
" သေချာတာပေါ့ .. အင်္ဂလိပ်စာသင်တဲ့ ဆရာမရဲ့ ညီမက အင်္ဂလိပ်စာဖြေရာမှာ ခိုးချတယ်ဆိုတော့ ကောင်းပါတော့ မလား ....... "
ရွှေကဗျာက ဘာမှမတုံ့ပြန်တော့ဘဲ ရှောင်ထွက်သွားလေသည်။

( ၂ )

မင်းဆက်နှင့် မိုးနွယ်တို့ အတွက် ဤယနေ့သည် အားရက်ဖြစ်၏။ ဘယ်ကိုသွားကြမည်နည်း .. မည်သူ့ကို နှောင့်ယှက်ရမည်နည်း ....
ဟု အမြင်ကျယ်ကျယ် စဉ်းစားနေမိကြသည်။
" မင်းဆက် "
" ဟင် .... "
" ဟင် မလုပ်နဲ့ ...... ဟုတ်ကဲ့လို့ပြော .... "
" သီဟဆီ သွားရင် ကောင်းမလား .... "
" အေး ... ငါကြားတာတော့ သီဟက မျက်နှာမှာ အဖုအထစ်တွေနဲ့ဆို...."
သီဟဆိုသူက သဘော်သား။ မင်း ငါနှင့်ပြောပြီး သူငယ်ချင်းပေါင်း ပေါင်းနေသော်လည်း သူတို့ထက် အသက်အများကြီး ကြီးသည်။
" အေး ဟုတ်တယ် ... ခု သူသဘော်မလိုက်တော့ဘူး ..... "
" ဘာဖြစ်လို့လဲ ..... "
" အေး မသိဘူး ... သူ့မျက်နှာမှာတော့ အဖုအပိန့်တွေ အများကြီးထွက်လာတယ် .... "
" ဘာဖြစ်တာလဲ .... "
" အဲဒါလည်း မသိဘူး ၊ အဲဒီအဖုအပိမ့်တွေကြောင့် အိမ်ထဲက အိမ်ပြင်တောင် မ ထွက်ဘူးတဲ့ ..... "
" ဒါဆိုရင် တို့သွားသင့်တယ် ..... "
" အေး .. သူ့ကိုခေါ်ပြီး တို့တစ်နေရာရာ သွားကြည့် မယ် ...."
"သူ့ မျက်နှာမှာ ဘုတွေဒစ်တွေ ရှိနေတာကို မဝေဖန်မယ့် နေရာပေါ့ ..... "
" ဘယ်လဲ .... "
" တိရစ္ဆာန်ရုံ "

www.burmeseclassic.com

" အေး ကောင်းတယ် .... "
ဘာရယ်မဟုတ်ဘဲ နှစ်ဦးသား ရယ်ဖြစ်ကြသည်။
ထို့နောက် သူတို့တွေ သီဟဆီသို့ ရောက်သွားကြသည်။သီဟက အမှန်တကယ်ပင် မျက်နှာမှာ အဖုအပိမ့်တွေ ရှိနေသည်။ ပင်လယ်ထဲမှာ ဘာတွေ ပေါက်ကရစားလာသည်မသိ ။ဘုန်ပါတ် ၁၈ မှာ ယင်ကောင် တစ်ကောင် လာနားသည်ကို မောင်ထုတ်ရင်း သီဟက ...
" ငါ အပြင်မထွက်ချင်ပါဘူးကွာ .... "
" အဲဒါဆို မင်းမျက်နှာက ဘုတွေ ပျောက်တော့ မှာ မဟုတ်ဘူး .... "
" ဘာဆိုင်လို့ လဲ ..... "
" ဆိုင်တာပေါ့ .... ကုယ်ီ့ရေ ကိုယ့်မြေ ကိုယ်ရှုခင်းမှာ အသားကျပြန်နေလိုက်ရင် ပုံမှန်ပြန်ဖြစ်သွားမှာပေါ့ ... "

မင်းဆက်စကားကြောင့် သီဟ တွေဝေသွားသည်။ မိုးနွယ်ကလည်း ဝင်တွန်းသည်။
" ဟုတ်တယ် သီဟ ... ဒါမှ မင်း ဒီဘဝက လွတ်မှာ .... "
ဒါကိုတော့ သီဟက လက်မခံ။
" အောင်မယ် ငါက အခု ဘာဖြစ်နေလို့လဲ ... "
" မင်းကကွာ ... မျက်နှာမှာကွာ ဘုတွေနဲ့ဆိုတော့ကွာ ... "
" ဘာဖြစ်လဲ .... "
" မင်းမှာလည်း ခံစားနေရ မှာပေါ့ .. အိမ်နေ အမေရိုက်၊ကျောင်းနေဆရာရိုက်၊ လမ်းမှာနေ ပုရွက်ဆိပ်ကိုက် ဆိုတာမျိုး ဖြစ်နေမှာပေါ့ ..... "
" မင်းတို့ ပြောမှပဲ လူလည်း နေစရာတောင် မရှိတော့ဘူး .... "
" အဲဒီအနေအထားကြီး ပပျောက်သွားအောင်ပေါ့ ..... "
" ဌေးကျော် နဲ့ သိန်းဦးကို ခေါ်သွားသီးမလား ..... "
" အပေါင်းအသင်းစုံတော့ ပိုကောင်းတာပေါ့ကွာ .. ပျော်စရာကြီးပဲ ..."
သူတို့ သုံးယောက်သား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဌေးကျော်နှင့် သိန်းဦးကို ဝင်ခေါ်ကြသည်။ တစ်စုံတစ်ယောက် လာအခေါ်ကို စောင့်နေကြပုံရသော ဌေးကျော်နှင့် သိန်းဦးကလည်း နေအိမ်များမှပင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြသည်။
ထို့နောက် တစ်စုတဝေးပင် ချီတက်လာကြတော့သည်။ တိရစ္ဆာန် ရုံဆီ။
တိရစ္ဆာန်ရုံကို ရောက်တော့ တိစ္ဆာန်များကို တွေ့ကြရတာ အံ့သြစရာ မဟုတ်ပါဘူး။ ထို့အတူပင် တိစ္ဆာန်များကို လာရောက်ကြည့်ရှုသည့် လူသူအပေါင်းကို တွေ့ရသည်မှာလည်း အံ့သြစရာ မဟုတ်ပါ ။
" ဟေ့ကောင် ဟိုမှာ ကြည့်စမ်း .... "
" လဒတွေပါကွ ..... "
" မဟုတ်ဘူး ... မဟုတ်ဘူး .... လူကိုပြတာ .... "
သိန်းဦး သူတို့ကို လက်ညှိုးညွှန်ပြရာဆီ ကြည့်လိုက်တော့ .....
" ဟင် ..... "
" ဟာ ..... ဟုတ်ပါ့ ... "
" သြော် ... သူကလည်း အလာကြီးပါလား ...... "
ဆရာမဖက်ဖူးဝါဖြစ်သည်။ လှလှပပ ဝတ်စားဆင်ယင်ထားသည် ။တစ်ယောက်တည်းမဟုတ် အတွဲနှင့် ... ။ ဤသည်က အံ့သြစရာဖြစ်သည်။
" သြော် .. သူက ဒီလိုကိုး ... "
" အေးလေ .... ငါတို့ ဆရာမတော်လှတော်လှနဲ့ ယောက်မမြင်းစီးထွက်လာတာကို .......... "
" ဒီကိစ္စကို ငါတို့ ဘယ်လိုလုပ်ကြမလဲ ........ "
" ကျောင်းအုပ်ဆရာကြီးကို အသိပေးရမလား ...."
" ဘာဆိုင်လဲကွ သူ့ဘာသာ အရွယ်ရောက်လာလို့ လူလားမြောက်တဲ့ကိစ္စကို ........ "
" သွားနှုတ်ဆက်လိုက်ကြမလား ...... "

www.burmeseclassic.com

www.burmeseclassic.com

" အို ... သူ့ဘာသာနေပါစေကွာ သူတို့နောက်ကတော့ လျှောက်လိုက်ကြမယ် ........ "
" သူတို့က မလျှောက်ဘဲ ထိုင်နေရင်ကော ....... "
" ငါတို့က မလှမ်းမကမ်းမှာ ထိုင်မယ်ကွာ ....... "
" သူတို့က ပခုံးလေးမှီပြီး လမ်းလျှောက်ရင်ကော .... "
" ငါတို့တစ်တော်လည်း တစ်ယောက်ပခုံး တစ်ယောက်မှီပြီး လျှောက်
မယ်ကွာ .... "
ရယ်ဖြစ်ကြပါသည်။ ဘာရယ်မဟုတ်ဘဲ ဖက်ဖူးဝါတို့ အတွဲနောက်မှ လျှောက်လိုက်သွားကြသည်။
သူလိုကိုယ်လို ခပ်ခွာခွာမှ လျှောက်လိုက်သွားခြင်းဖြစ်၍ မည်သူကမှ ထွေထွေထူးထူး သတိမပြုမိကြ ။
ဖက်ဖူးဝါ၏ အမျိုးသားက ရုပ်ရည်သန့်ပြန့်ပါသည်။ ပိုးဟပ်ဖြူလေးလို ခပ်နွဲ့နွဲ့ပင်ဖြစ်၏ ။
" ဒီတိုင်းလျှောက်လိုက်နေရတာ ပျင်းတယ်ကွာ နောက်ရအောင် "
" ဘယ်လိုနောက်မလဲ ..... "
" ဒီလိုပဲ နောက်တာပေါ့ ... ဟိုမှာ ယိုင်ပြီ ...... "
ထိုသို့ပြောကာ ဆင်းဆက်က စာချိုးအော်ရွတ်သည် ။
" အသည်းလေး အသည်းလေး
ကိုကိုချစ်တဲ့ အသည်းလေး
အသည်းလေးက ခြေမခိုင်
ကိုကို့ ဘက်ကိုယိုင်
ကိုကိုဝမ်းသာ လှမ်းကာပွေ့
ပျော်တယ်လေ့ ပျော်တယ်လေ့ ........ "
ဖက်ဖူးဝါ ရှက်သွားသည်။အမျိုးသားဖြစ်သူကလည်း ကပျာကယာ ပြန်လွှတ်ပေးသည်။ ဖက်ဖူးဝါက
ရှန်းထွက်ရင်း ဒီအသံကို ကြားဖူးသ
လိုပဲဟု စဉ်းစားမိ၏ ။
ဝက်ဝံရုံဘက်ရောက်တော့လည်း ...........
" ဝက်ဝံကြီး ဝက်ဝံကြီး
ဗလကောင်းတဲ့ ဝက်ဝံကြီး
တို့ကိုကိုလည်း ထွားတယ်ကွယ်
ဝက်ဝံကြီးလိုနှယ်
ငှက်ပျောသီးတွေ များများစား
ချစ်တဲ့ ကိုလူထွား ဟား ...... ဟား ..... ဟား ...... "
ဖက်ဖူးဝါစိတ်ဆိုးစပြုလာသည်။ စိတ်အနှောင့်အယှက်ဖြစ်လာသည်။
" ကိုတိုး ...... "
" ဟင် ... ပြောလေ ဖူး ..... "
" ကိုတိုး နောက်ကအသံတွေကို စိတ်မတိုဘူးလား ...... "
" သြော် .... လူငယ်တွေ ဆိုတော့ ဒီလိုပဲပေါ့ကွယ် ..... "
" ဖူးကတော့ လှည့်ပြောလိုက်ချင်ပြီ ....... "
" သူတို့ ပြောတာ ကိုယ်တို့ကို တိုက်ရိုက်ပြောတာမှ မဟုတ်ဘဲ ...... "
ထိုအချိန်မှာပဲ နောက်ထပ်စာချိုးရွတ်သံ ပေါ်လာသည်။
" မျောက်ရှာဆူညံ
ဂျုံးပြန်အောင် ဆော့ကစား
တို့ကိုကို တို့မမတို့
ဝင် ဆော့စို့လား .... "
ရယ်သံများထွက်လာသည်။ ကိုတိုးလည်း ရယ်သည်။
" ကိုတိုးက ဘာအရယ်တာလဲ ...... "

www.burmeseclassic.com

" ဩော် .. တော်တော်နောက်တဲ့ .. ကောင်လေးတွေပဲလို့ ..... "
" သူများကို သွားနောက်ပါလား ဘာလို့ ဖူးတို့ကိုပဲ လိုကနောက်နေတာလဲ ...... "
" ဖူးအသိထဲက များလား ...... "
" လှည့် မကြည့်ရဲဘူး ... တော်ကြာ လှည့်ကြည့် မှ လှည့်ကြည်တယ်လေးဆိုပြီး စာချိုးနေဦးမယ် ...... "
နှစ်ယောက်သား ရယ်မိကြသည်။ ရယ်မိတော့လည်း အလွတ်ပေးမခံရ။
" ပျော်တယ် ပျော်တယ် ကိုကိုရယ်
အသည်းလေး ပျော်တယ် .......
ထပ်ပျော်ရအောင် အသည်းရဲ့
ကိုကို ' က ' မကွဲ့ ...... "
ကိုတိုး နှာခေါင်းနီသွားသည်။
" ဒါတော့ ဒီကောင်တေါ် လွန်နေပြီ ... "
" ရန်မဖြစ်ရဘူးနော် ကိုတိုး ....... "
" မဖြစ်ပါဘူး သူတို့က အများကြီး ...... "
ခုထိ နောက်မှ ဇရွတ်အုပ်စုကို သူတို့ လှည့်မကြည့်ရဲ ...... ။
" တစ်ဆိုင်ဆိုင် ဝင်ထိုင်ရအောင် ..... "
" ကောင်းတယ် ....... "
သူတို့နှစ်ယောက် စားသောက်ဆိုင် တစ်ဆိုင် အတွင်းသို့ ဝင်ထိုင်ကြသည်။ ဖက်ဖူးဝါက ......
" အငြိုးတကြီးနဲ့ ဘယ်လို ဖြစ်နေကြတာလဲ ....... "
" ငယ်ပါသေးတယ် အပျော်သက်သက် ဖြစ်မှာပါ ...... "
" ကိုယ်ပျော်တာက သူတစ်ပါးကို အနှောင့် အယှက် ဖြစ်ရင် ဘယ်ကောင်းပါ့ မလဲ ...... "
" အေးလေ .. အဲဒါ တော့ သိတာပေါ့ .... ဖူးရဲ့အသိတွေလား .... "
" ဘာဖြစ်လို့ မေးတာလဲ "
" ကိုယ်နဲ့တော့ မသိဘူး အဲဒါကြောင့် ... "
ဖက်ဖူးဝါ အကြည့်ရပ်သွားသည်။ တွေ့လိုက်ရသည်က ဘီလူးသရဲ မျက်နှာထက် ဆိုးသည်။ မချောလို့လား ဆိုတော့လည်း မဟုတ်။ တွေ့လိုက်ရသည်က မင်းဆက် မျက်နှာ .......
ကိုတိုးက
" ဖူး ဘာဖြစ်လို့လဲ ..... "
" မင်း .... မင်းဆက်တို့ အုပ်စု ...... "
" ဖူးနဲ့ သိလား ...... "
" သိတာပေါ့ .. သူတို့က ဖူးအင်္ဂလိပ်စာသင်ပေးနေတဲ့ တပည့်တွေပဲဟာ ...... "
" ကျောင်းကလား ........ "
" အင်း ...... "
" ဩော် ... ဒါကြောင့် သူတို့ ဆရာမကို လိုက်ပြောင်နေကြတာကိုး .."
" အိုး ..... ပြောင်စရာလား ...."
" အေးလေ နော် .... အချိန်တန်လို့ အမြီးပေါက်တဲ့ဟာကို .... "
" ဟာ ... ကိုတိုးနော် ....."
သူတို့ ကြိတ်ရယ် ဖြစ်ကြသည်။ ကျယ်ကျယ်လည်း မရယ်ရဲ။ ဟိုဘက်ဝိုင်းမှာ စာချိုးထ ရွတ်နေဦးမည်။ ဖက်ဖူးဝါ စိတ်ထဲ မှာတော့ ' ဒီကောင်တွေ နေနှင့် ဦး ' ဟု တွေးနေမိသည်။ သူတို့ နဲ့မှ ကြုံကြုံ ဖန်ဖန် ဆုံရသည့် ဖြစ်အင်ကိုလည်း အံ့သြမိသည်။
ပြီးတော့ .........
အပွန်း ... နည်းနည်းတော့ မျက်နှာလည်း ပူသည်။ ဒီကောင်တွေ အကြောင်းကို အိမ်ရောက်မှ ရွှေကဗျာထံ တိုင်ရ ဦးမည်။ အင်း .....
ပြောင်းပြန်တွေတော့ ဖြစ်ကုန်ပြီ။

www.burmeseclassic.com

သူတို့ ထမင်းသုတ်စားတုန်း ဒွေးကျော်က သီချင်းအော် ဆိုသည်။

“ ပန်းသတင်း လေညင်းဆောင်သလို X X X X လူသတင်း လူချင်းဆောင်ခဲ့ X X X X ပျံ့ပျံ့သင်းသင်း X X X X သန့်သန့်ရှင်းရှင်း X X X X ဆရာမတို့ မင်္ဂလာသတင်း X X X X ”

“ ဟေ့ကောင် .... ဟေ့ကောင် .. သီချင်းပျက်ပြီကွ ..... ”

“ အေးလေ ... သီလျင်းတောင် တစ်မျိုး ဖြစ်သွားပြီ ...... ”

တဝါးဝါးတဟားဟား ရယ်ကြရင်း မှာချင်တာတွေ အသီးသီးမှာ ကြသည်။ မိုးနွယ် က ......

“ ဟေ့ကောင်တွေ .. ဆရာမကို ငါတို့နောက်တာ တော်ကြစို့ ... တကယ်စိတ်ဆိုးသွားဦးမယ် ..... ”

“ အေးပါကွာ ..... ”

“ အဲဒါဆိုရင်လည်း ငါတို့ ဘယ်လို လုပ်ကြမလဲ ..... ”

“ ဒီလိုလုပ် .. ဒီထဲမှာ .. ဆရာမနဲ့ အရင်းနှီးဆုံးဆိုလို့ မင်းဆက်ပဲ ရှိတယ် .... ”

“ အဲဒါ ဘာလုပ်ရ မှာလဲ ..... ”

“ ငါတို့ ရှောင်ပေးမယ် ၊ မင်းတစ်ယောက်ထဲကျန်မှ ရောသောကောသောနဲ့ ဆရာမကို စိတ်ဆိုးပြေအောင် လုပ်ထားလိုက်ပေါ့ ........ ”

“ အေး မင်းတို့ကိုတော့ ချောက်တွန်းထားမယ် ....”

“ဟား ... ဟား .. အဲဒီလိုတော့ မလုပ်နဲ့လေကွာ ..... ”

သကောင့်သားတွေ အမီးအနားသို့ လမ်းလျှောက်ထွက်သွားကြသည်။ ဖက်ဖူးဝါ၏အမျိုးသား ကိုတိုးဆိုသူကလည်း သန့်စင်ခန်းဘက် ထွက်သွားသည်။ မင်းဆက်နှင့် ဖက်ဖူးဝါပဲ ကျန်ရစ်ခဲ့သည်။ မင်းဆက်က သူဝိုင်းမှ နေ၍ လှမ်းရယ်ပြလိုက်သည်။

“ အဟီး ...... ”

“ ဘာအဟီးလဲ ..... ”

“ ဆရာမကို နှုတ်ဆက်တာလေ ....... ”

“ မင်းတို့ လိုက်နှောက်ယှက်နေကြပြီးတော့ ......”

“ မနှောင့်ယှက်ပါဘူး ကဗျာရွတ်ကြတာ .... ”

“ နင်တို့ရွတ်ကြတာ ကဗျာ မှ မဟုတ်ဘဲ ...... ”

“ ဆရာမက ကျွန်တော်တို့ရဲ့ အနုပညာကို မစော်ကားပါနဲ့ .... ”

ဖက်ဖူးဝါ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

“ ဒါဖြင့် နင်တို့ကို ငါက ဘယ်လို ပြောရမလဲ ”

( ကိုတိုး က လပ်အေးအေးပင်။ ပြုံယောင်းသန်းသောမျက်နှာ ရှိ၏။ ခင်မင်ဖွယ်ရာကောင်းသော ဥပတိဖြစ်၏။ ဖက်ဖူးဝါကို ထိုသန့်စင်ခန်းထဲမှလူနှင့် သူတို့သဘောတူနိုင်ပါသည်။

“ လူငယ်တွေ ကို နားလည်ပေးရမှာပေါ့ .... ”

“ နင်တို့က လူငယ်တွေ ဆိုတော့ ငါက လူကြီးလား ...... ”

“ ဟုတ်တယ်လေ ငါက လူကြီးပဲလို့ သဘောထားပါ၊ လူငယ်တွေကို မြေတောင်မြှောက်ပေးရမှာပေါ့ .... ”

“ ထိုအခိုက်မှာပင် ဆိုင်ထဲသို့ လူသုံးယောက်ဝင်လာသည်။ ဘီယာမူးလာပုံရသည်။ အစအနောက်လည်း ကြမ်းသည်။ ဖက်ဖူးဝါကို စေ့စေ့ကြည့်ကာ .....

“ ဒီလိုမှန်းသိရင် ဒီဆိုင်ထဲကို အစောကြီး ဝင်လာပါတယ်ကွာ ”

“ ခုလည်း နောက်မကျသေးပါဘူးကွ၊ သူ့ခမျာ တို့ကို စောင့်မျှော်လျက်နေဆဲပါ ဆိုသလိုပေါ့ ... ဟား ... ဟား ... ဟား ..”

ပြောပြောဆိုဆို ဖက်ဖူးဝါ၏ စားပွဲ မှာ ဝင်ထိုင်သည်။ ဖက်ဖူးဝါက မျက်နှာကို တင်းတင်းထားပြီး ကိုတိုးအလာကို မသိမသာမျှော်သည်။

မင်းဆက်က

“ဆရာမ ကျွန်တော် တို့ ဝိုင်းကို ကူးလာပါ့ လား”

ထိုလူငယ်သုံးယောက်က မင်းဆက်ကို ပြူးစတူးပြဲတဲကြည့်ကာ .....

“ ဘာလဲကွ ဘာလဲ ...... ”

www.burmeseclassic.com

" အေးလေ ... ဘလိုင်းကြီးပါလား ...... "
" ကိုယ့်ဘာသာကို ချဉ်းကပ်ပါလား .... "
မင်းဆက် စိတ်ပျက်သွားသည်။ ဒီခေတ်ကြီးထဲမှာ ဒါမျိုးတွေရှိသေးပါ
လား .. ဟုလည်း တွေးမိ၏။ ထိုအချိန်မှာပဲ ကိုတိုးက သန့်စင်ခန်းမှ ပြန်ထွက်လာသည်။
အခြေအနေကိုကြည့်ပြီး သဘောပေါက်
သွားပုံရ၏။ မင်းဆက်က .....
" အစ်ကိုကြီး အစ်ကိုကြီး ... "
" ဆို .... "
" ဒီကောင်တွေကို အစ်ကိုကြီးပဲ ထိုးခါးနှင့် ၊ လက်လွန်ခြေလွန်တော့ မဖြစ်စေနှင့်ပေါ့ ၊ ကြည့်ကျက်ထိုးထား
... ကျွန်တော် လုံခြုံရေး ဝန်ထမ်းပြေးခေါ်လိုက်ဦးမယ် "
" ဟင် .... "
မင်းဆက်က လုံခြုံရေးဝန်ထမ်း ပြေးမခေါ်လိုက်ရပါ။နိုးနွယ်တို့ အုပ်စု ပြန်ရောက်လာသောကြောင့် ဖြစ်သည်။
သီဟက မျက်နှာအတန်ငယ်
ကြမ်းသည်။ သူ့မျက်နှာမှ သတ္တမမြောက်ဘုကို ပွတ်စမ်းရင်း စိုက်ကြည့် လိုက်သောအခါ ထိုသုံးယောက်သား
နေမထိထိုင်မသာ ဖြစ်သွားကြသည်။ တကယ်လုပ်မည့် ရုပ်မှန်း သိကာဘာသိဘာသာ
လစ်ထွက်သွားကြသည်။
ထိုအခါကျမှပင် ကိုတိုးနှင့် ဖက်ဖူးဝါက သီဟကိုကြည့်ကာ .......
" ကျေးဇူးပဲ ...... "
" ရပါတယ် ..... "
တစ်ဆက်တည်းမှာ ဖက်ဖူးဝါက မင်းဆက်ကို မျက်စောင်းနှင့် အတူကြည့်ရင်း ........
" မင်းဆက်တို့ များ အားကိုးလိုက်ရတာ ...... "
" ကျွန်တော်လုပ်ရပ်လည်း ကောင်းပါတယ် ဆရာမရဲ့ ...... "
" ဟွန်း ......... "
ထို့နောက် လူစုခွဲကြသည်။ မင်းဆက်တို့က ဖက်ဖူးဝါနောက်သို့ ဆက်မလိုက်ကြတော့ပါ။
" တို့ ဘယ်ကို ဆက်သွားကြမလဲ ....... "
" အိုး .. ဘုရားတက်မယ် ၊ ရုပ်ရှင်ကြည့်မယ်ပေါ့ကွာ ..... "
" မင်းအစီအစဉ်ကြီးက ရိုးလိုက်တာ ...... "
" တစ်ခါတလေ .. ရိုးရိုးနေကြည့်စမ်းပါကွာ .. အဲဒီကြားထဲ ဆန်းဆန်းတွေ တွေ့ချင် တွေ့ မှာပေါ့ ....... "
" သဘော .... သဘော .... "
ထိုသို့ဖြင့် ထိုအစီအစဉ်အတိုင်း သူတို့ ချီတက်သွားဖြစ်ခဲ့သည်။ အခါကြီးရက်ကြီးမဟုတ်သော်လည်း
ရွှေတိဂုံစေတီသည် ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးများ ပြည့်နေ၏။
ထိုလူအုပ်ကြီးထဲ သို့သူတို့လည်းရောက်ရှိသွားသည် စေတီပေါ်မှာ နေရာအနှံ့ လျှောက်ပြီးမှ
ခေါင်းလောင်းကြီးနံဘေးတွင် ဝင်ထိုင်ကြသည်။
" ဟာ .... ဟေ့ကောင်တွေ .... ဟေ့ကောင်တွေ ...... "
ငွေးကျော်က အလန့်တကြားအော်ကာ ဘုရားဝတ်ပြုနေသူတစ်ဦးကိုညွှန်ပြ၏
" ဟာ ..... "
" မွေးမေလေ့ ........ "
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။ ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားဝတ်ပြုနေသူက
ရွှေကဗျာဖြစ်နေသည်။
" တယ် ဟုတ်ပါ့လား ...... "
" ဣန္ဒြေအပြည့် နဲ့ နော် ..... "
" ဘုရားရှိခိုးတာ မဟုတ်ဘူးကွ .... ဂါထာရွတ်နေတာ ထင်တယ် "
" သွားနားထောင်ရအောင် "

www.burmeseclassic.com

www.burmeseclassic.com

" နှောင့်ယှက်လို့ မကောင်းဘူးကွ ..... "
" မနှောင့်ယှက်ဘူး ၊ ဘာဂါထာရွတ်နေတာလဲ သိချင်လို့ ..... "
" မင်းနဲ့ ဘာဆိုင်လို့ လဲ ...... "
" ဆိုင်တာပေါ့ ကျောင်းသားအချင်းချင်းကို ..... "
" မင်း ငပေါပဲ ..... "
" ထင်ချင်ရာထင်ကွာ ... သူအနား သွားဝင်ထိုင်မယ် "
" မင်းတစ်ယောက်တည်းသွား ....... "
" သွားတယ် ....... "
သီဟတို့ အုပ်စုက မလှမ်းမကမ်းမှာ ချန်ရစ်ပြီး အညေခအနေကိုစောင့်ကြည့်နေသည်။ မင်းဆက် ရွှေကဗျာ့အနားမှာ ဝင်ထိုင်ပြီး ဘုရားဝတ်ပြုလိုက်သည်။ ရွှေကဗျာကတော့ မျက်စိစုံမှိတ်ပြီး ဂါထာကို အာရုံပြုရွတ်နေသဖြင့် အခြေအနေကို မသိ ။
သူမက ဂါထာလေးတစ်ပုဒ်ထဲကို ထပ်ကာထပ်ကာ ရွတ်နေခြင်းဖြစ်သည်။ နံဘေးမှ နားထောင်နေသော မင်းဆက်ပင်လျှင် အလွတ်ရလာသည်။
**ပကာသေယာ ပညာဝါစ**
**ပညာပဇ္ဇောတိ မဟာဝိယော**
**ပညာဝါ ဒီတိကက္ခာ ပရိဘောစ ဝိယောစသိ**
သူမ၏ ကိုယ်သင်းရနံ့လေးက တစ်ချက် သင်းပျံ့လာသည်။ သူမနံဘေးမှာ ထိုသို့ ကပ်ထိုင်ရသည်ကို မင်းဆက် ပျော်သလိုလို ခံစားရ၏။ တကယ်သာ ချစ်သူတွေဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမည် နည်းဟုတွေးရင်း ရင်ဖိုမိသည်။ စိတ်တွေ တစ်မျိုးဖြစ်လာသည်။
ထိုအခိုက် ... ရွှေကဗျာက မျက်လုံးဖျတ်ခနဲ ပွင့်လာပြီး အံ့အားသင့်သွားကာ .....
" နင်က ဘာလာလုပ်တာလဲ ...."
" ငါလည်း ဘုရားရှိခိုးမလို့ ..... "
" တစ်ခြားနေရာသွားပါလား ၊ ဘုရားက အကျယ်ကြီး ......."
" အေးလေ .. အဲဒါကြောင့် အားယယ်ပြီး နင့်ဘေးနားမှာ လာထိုင်နေတာ ...... "
" နင်ဘယ်ချိန်က ရောက်တာလဲ ..."
" နင့် ဂါထာ တောင် အလွတ်ရနေပြီ ....... "
သူမက သူကို မျက်လုံးဝင့်ကြည့် သည်။
" သေချာလို့ ပြောတာပေါ့ ၊ မယုံရင် ရွတ်ပြရမလား ....... "
" ဒါဆို ရွတ်ပြ .... "
မင်းဆက် ရွတ်ပြလိုက်သည်။ ရွှေကဗျာရွတ်သည့် သံနေသံထား အတိုင်းပင် ဖြစ်သည်။ ရွှေကဗျာက မဲ့ပြုံးပြုံးလျက် နားထောင်နေသည်။
ပြီးမှ ........
" အဲဒါ ဘာဂါထာလည်း သိလား ...... "
" အေး ... အဲဒါ နင့်ကို မေးမလို့ ..."
" အင်မတန်ရှားပါးတဲ့ဂါထာ နင်ရလိုက်တာ ကံကောင်းတယ် .... "
" ဟုတ်လား ပြောစမ်းပါဦး ...... "
" အဲဒါ စာမေးပွဲအောင်တဲ့ ဂါထာ ..... "
" ဘာ ...... "
" စာမေးပွဲအောင်တဲ့ ... ဂါထာပါဆို ...... "
စိတ်မရှည်သလို မျက်ခုံးတွန့်ချိုးပြီး ပြောပုံလေးကပင် ( နည်းနည်းလောက်ဖြစ်ဖြစ် ) ချစ်ချင်စရာ ။
" ငါ ကြားတောင် မကြားဖူးဘူး .... "
" အခု နင် အလွတ်တောင် ရသွားပြီမို့လား ..... "
" အင်း ........ "

www.burmeseclassic.com

" အဒါ နင်နဲ့ကံစပ်လို့ ရတယ်သဘောထား ၊ ငါ့သူငယ်ချင်းတွေတောင်းရင်တောင် ငါက တော်တော်နဲ့ပေးတာ မဟုတ်ဘူး ၊ ခု နင် ကံကောင်းတာ ..... "
" ထပ်ပြီး ကံကောင်းချင်ပါသေးတယ်ဟာ ..... "
" ဘာလဲ ...... "
" ဂါကို ရွတ်ပြီး အဓိဋ္ဌာန်ဝင်ရင် ကြားနာရမယ့် ဆုံးမစကားတွေပေါ့ "
ကိုယ့်အပြောက ဘာအဓိပ္ပါယ်ပေါက်သွားသည် မသိ ။ သူမကလည်း သူမနားလည် သလို ရွှန်းရွှန်းဝေဝေ ပြောပြခဲ့သည်။
" ဤဂါထာကို ရွတ်လျှင် အမဲ၊ကျွဲသား ၊ နွားသားရှောင်နိုင်ရမည် ဖြစ်ကြောင်း ... ကျက်မှတ်သည့်စာအုပ်အား အပြန်အသွား ပါးစပ်ဖြင့် သုံးခါရွတ်ရန် .........................................
စသည်ဖြင့် ... ဖြစ်၏။ ဖယောင်းတိုင်ထွန်းရမည့် ပုံစံတောလည်းပါသေး၏။ သူမအစား သူ ရင်မောပါသည်။ ကျက်မှတ်ထားသော စာကိုသာ အောင်မြင်အောင် ဖြေလိုက်ချင်တော့၏။
စာမေးပွဲခန်းထဲ မှာ မေးခွန်းစာရွက်ကို သုံးခါ မန်းမှုတ်ဖို့လည်း ပါးသေးသည်။
မင်းဆက် စိတ်မစားလှ၍ ဂါထာကို ပြန်မေ့သွားသည်။ ရွှေကဗျာ ကိုတော့ စိတ်ဝင်စားသဖြင့် ပြန်မမေ့ပေ ။
" ကဗျာ .... "
" ဘာလဲ ...... "
" နင်တစ်ယောက်တည်း လာတာလား "
" အေး .... "
" ပြန်ရင်ရော ...... "
" တစ်ယောက်ထည်းပဲပြန်မယ် ၊ ဘယ်သူ့ကိုမှ မခေါ်ဘူး ၊ ဘယ်သူနဲ့ မှလည်း မသွားဘူး .... "
" နင့် အစ်မကိုတောင် ငါတို့ တွေ့ လိုက်သေးတယ် ...... "
" ဘယ်မှာလဲ .... "
" တိစ္ဆာန်ရုံထဲမှာ ........ "
" နင်နော် မမိုက်ရိုင်းနဲ့ ...... "
" ဟဲ့ ..... အကောင်းပြောတာ သူဘဲဘဲနဲ့ ..... "
ရွှေကဗျာ၏ မျက်နှာ တွေတွေဝေဝေ ဖြစ်သွားသည်။ မင်းဆက်က အားပေးလိုက်၏ ။
" အားမငယ်ပါနဲ့ဟာ .... အဲဒီလူက ငါ့ လောက် ရုပ်မဖြောင့်ပါဘူး .... "
" ဘာဆိုင်လို့လဲ ...... "
မင်းဆက် တဟားဟားရယ်ပြီး ထထွက်လာခဲ့သည်။

(၃)

ထိုကာလကြားထဲမှာ သူငယ်ချင်းများနှင့် မင်းဆက်တို့ သဘောထား ကွဲလွဲကြလေသည်။
မင်းဆက် = ညီမင်းဆက် ဟု အမည်ပြေည့်အစုံရှိသည့် သူနှင့် ရိုးစင်းစွာ သဘောထားကွဲကြခြင်း ဖြစ်သည်။
မင်းဆက်၏စိတ်ထဲတွင် ရွှေကဗျာကို အပြစ်မြင်ခြင်း မရှိတော့။ သူ့ခမျာ မရှိရှာ၍ ခိုးခြင်းဖြစ်မယ်ဟု သဘောထားသည်။ ကယ်ခေါင်းအုံးကို ခိုးသူအား ကိုယ့်ခြုံထည်ပါ ပေးလိုက်
ရန် ညီမြင်းဆက် အဆင်သင့်ရှိနေသည်။ ညီမြင်းဆက်၏ စိတ်က အဖြူထည်သက်သက် ဖြစ်၏။
ကျန်သောသူငယ်ချင်းများ၏ စိတ်ကို အညိုအမည်းစွန်းထင်းနေသည်ဟု မဆိုလို။အရွှတ် အနောက်သန်ကြခြင်းဟု ဆိုချင်ပါသည်။
ဤနေရာတွင် မင်းဆက်တို့ တက်နေသော ကျောင်း၏ သဘာဝကို
အနည်းငယ်ရှင်းလင်းရဦးမည်။ကျောင်းသဏ္ဍာန်ရှိသော သင်တန်းများဖြစ်သည်။ အင်္ဂလိပ်စာ ၊ ကွန်ပျူတာ ၊ ပန်းချီ စသဖြင့် သင်တန်းများရှိကြသည်။ ဘွဲ့ရပြီးသူအများစု လာရောက်သင်ကြားကြသည်။ ယခု မင်းဆက်နဲ့ ရွှေကဗျာ တို့က အင်္ဂလိပ်စာသင်တန်းမှ ဖြစ်သည်။
သင်တန်းက လွတ်လပ်ပါသည်။ အသင်အပြကောင်းသော ဆရာဆရာမများနှင့် ဖွဲ့စည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းသားများလည်း အထိုက်အလျောက်များပါသည်။ သင်တန်းကျောင်းနေရာက တစ်ခုတည်းညဖစ်ပြီး ကိုယ်စိတ်ဝင်စားရာသင်တန်းကို တက်ခွင့်ရှိသည်။
ယခု အင်္ဂလိပ်စာဆရာမ ဒေါ်ဖက်ဖူးဝါမလာခင် မိုးနွယ်နှင့် သိန်းဦးတို့ သောင်းကျန်းနေကြသည်။
ထမ်းပိုးတစ်ခု ထမ်းနေရဟန်ပြုပြီး ရှေ့ဆင့်နောက်ဆင့်လျှောက်လာကြသည်။
" တိုင်းသူပြည်သား လူအပေါင်းတို့လေး ....... "
" ဒူ ......... "
တစ်ယောက်ကအော် တစ်ယောက်က မောင်းထုသံပေးသည်။
" မိမိတို့ အင်္ဂလိပ်စာသင်တန်းတွင် စာမေးပွဲအောင်ဂါထာကို ရရှိထားသော ကျောင်းသူ တစ်ဦးရှိနေကြောင်း သိရသည်။ ထိုကျောင်းသူသည် လျှို့ဝှက်ဆန်းပြားသော နည်းလမ်းများ ဖြင့် စာခိုးချတတ်ကြောင်းလည်းသိရသည် "
" ဒူ ...... "
" ထိုကျောင်းသူအား ကြိမ်ဒဏ်ခတ်၍ မြိုင်ရပ်သို့ နှင်သင့် မနှင်သင့် စဉ်းစားဆုံးဖြတ်မည် ....... "
" ဒူ ....... "
" ပြစ်ဒဏ် လျှော့ပေါ့စေလိုလျှင် ထိုကျောင်းသူက မိမိတို့အားကြေးအိုးဆီချက်ကို တိတ်တဆိတ်ချောင်းမြောင်း ကျွေးမွေးရမည် ဖြစ်ကြောင်း အတန်းသူ အတန်းသားများအားလုံး ကို အသိပေးလိုက်သည် ...... "
ကာယကံရှင် ရွှေကဗျာ မည်သို့နေမည်မသိ။ မင်းဆက်က ကြားမှ မျက်နှာပူနေမိသည်။
ရွှေကဗျာက သူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေရာမှ ရပ်တံပြီး မိုးနွယ်နှင့် သိန်းဦးအား ကြည့်နေသည်။ ပြီး သူ့ကိုလှည့်ကြည့်သည်။
" သွားပါပြီဗျာ ..... "
မင်းဆက် အသံထွက်ပြီး ညည်းမိသည်။ ပြေလည်အောင် ဘယ်လိုများချော့မော့ရမလဲ။
" ရွှေရွှေကလည်းကွာ " ဆို သူကြိုက်မည် မဟုတ်။ " ဗျာကလေးကလည်း " ဆို ပိုဆိုးမည်။
ရွှေကဗျာ၏ ဒေါသမျက်ဝန်းတွေက သူ့ထံသို့ အရောက် 'ငါမပါဘူး ' ဆိုသည့်သဘော လက်ဟန်ခြေဟန်နှင့် ကပျာကယာပြမိသည်။
ခက်သည်က ယုံပုံမရချေ ။
ဆရာမဖက်ဖူးဝါက မရောက်သေးချေ။
ရွှေကဗျာနှင့် ကလှာဦးတို့ သန့်စင်ခန်းသို့ ထွက်ကြတာ တွေ့သည်။
မင်းဆက် အလျင်အမြန်လိုက်သွားလိုက်သည်။ ရွှေကဗျာကို .......
" ကဗျာ ကဗျာ ....... "
ရွှေကဗျာက ........
" ဘာလဲ ....... "
" ခုနက ဟိုကောင်တွေနောက်ပြောင်တာ ငါနဲ့ မဆိုင်ဘူးနော် ....... "
" နင်မပြောဘဲ စာမေးပွဲအောင်ဂါထာအကြောင်း ဘယ်လိုလုပ် သိမလဲ ..... "
" သူတို့က နင်ဘာဂါထာရွတ်နေတာလဲ သိချင်လို့တဲ့ ....... "
" အဲဒါကြောင့် နင်က ပြန်ပြောလိုက်တယ်ပေါ့ ..... "
မင်းဆက်က မျက်နှာငယ်လေးနှင့် .......
" အေးဟုတ်တယ် "
" သွား ..... သွား ..... နင့်လမ်း နင်သွား ......"
" မဟုတ်ပါဘူးဟာ ...... "
" ဟုတ်တယ် .... ဟုတ်တယ် ..... သွား ..... "
" နင် ငါ့ကိုခွင့်လွှတ်ရဲ့လား .... "
" မလွှတ်ဘူး ..... "
" လွှတ်ပါဟာ ...... "

www.burmeseclassic.com

" မလွှတ်ဘူး ..... "
ထိုအခိုက်မှာပင် ဘာတွေ ပျာယာခတ်နေသည် မသိသော ဆရာဦးသန်းလွင်နှင့်တိုးသည်။
ဆရာက သူတို့ကို မျက်မှောင်ကြုတ်ကြည့်နေသဖြင့် မင်းဆက်က .......
" အဟီး ... ဆရာ နေကောင်းလား ....... "
" ကောင်းတယ် .... ဒါထက် မင်းတို့ ဘာဖြစ်နေကြတာလဲ "
ရွှေကဗျာ က အရင်ဖြတ်ဖြေသည်။
" သမီးကို အတင်းပဲ စကားလိုက်ပြောနေတယ် ဆရာ ..... "
မင်းဆက် တစ်ချက် ကြောင်အမ်းအမ်းဖြစ်သွားသေးသည်။ ပြီးမှ ခြေကာကာ လက်ကာကာဖြင့် .........
" ကျွန်တော်သူ့ကို ရည်းစားစကား လိုက်ပြောတာ မဟုတ်ပါဘူး ဆရာ ..... "
" တကယ်ပဲလား ...... "
ဦးသန်းလွင် ဘာမှန်းမသိဘဲ ........
" ကဲ ... သမီးကလည်း ကျေနပ်လိုက်တော့ပေါ့ကွယ် .. သူက ရည်းစားစကားပြောတာ မဟုတ်ဘူးတဲ့ ..... "
" ဟာ ... ဆရာကလဲ ..... "
" ရည်းစားစကားပြောတာမဟုတ်ရင် ပြီးတာပဲကွယ် ....... "
" ဆရာက ဘာမှန်းလည်း မသိဘူး ....... "
ရွှေကဗျာက ခြေဆောင့်ပြီး ထွက်သွားသည်။
ဦးသန်းလွင်က သေချာချင်သည့် သဘောဖြင့် မင်းဆက်ကို ထပ်ပြောသည်။
" မင်းတကယ်ပဲ ရည်းစားစကားပြောတာ မဟုတ်ပါဘူးနော် .... "
" အာ ... တောက်တီးတောက်တဲ့ ဆရာရယ် ...... "
" ဒါဖြင့်မင်း ဘာတွေလျှောက်ပြောနေတာလဲ ...... "
" သူငယ်ချင်းတွေ သူ့ကို နောက်ပြောင်ကြလို့ ကျွန်တော်က ဝင်တောင်းပန်တာပါ ၊ ရည်းစားစကားပြောတာ မဟုတ်ပါဘူး ၊ ရည်းစားစကား ပြောချင်ရင် လမ်းမှာ ပြောမှာပေါ့ "
" အေး ... မင်းပြောတာလည်း သဘာဝကျပါတယ် ၊ ကဲ ... သွား .. သွား ... "
" ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..... "
အတန်းထဲရောက်တော့ ကျော်ငွေးက ဆီးမေးသည်။ သူ့ကို ဒိုင်ခံဖြေပေးပြီး အခြားမေးမြန်းလာသူများကို သူနှင့်ပဲ လွှဲထားလိုက်သည်။
(ဆရာဦးသန်းလွင်ကလည်း ဝင်ရောက်ဆွေးနွေးပါသည်။) ထိုအကျိုးဆက်များကြောင့် ထင်သည်။ အတန်းထဲမှာ သတင်းပြန့်လွင့်သွားသည်။
" ညီမင်းဆက်က ရွှေကဗျာကို ပြောတာ ရည်းစားစကား မဟုတ်ဘူးတဲ့ .... "
" ရွှေကဗျာက ညီမင်းဆက်က သူ့ကိုပြောတာ ရည်းစားစကားမဟုတ်လို့တဲ့ .... "
တူနှယ့်တူနဲ့ဖျောင် ကုန်ပါတော့သည်။
ရွှေကဗျာ မျက်နှာက စူပုတ်နေပါသည်။ ဆရာမ ဖက်ဖူးဝါကလည်း မျက်နှာမကောင်းလှ။
သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်သည်။စောင်းပါးရိပ်ချည်ပြောဆိုခြင်းတော့ မရှိ။
ထိုသို့လည်း မင်းဆက် မနေတတ်ချေ။ ထို့ကြောင့် ဖက်ဖူးဝါ အခန်းအပြင်အထွက်မှာ နောက်က လိုက်သွားပြီး .....
" ဆရာမ ... ဆရာမ .... "
ဖက်ဖူးဝါ တုန့်ခနဲ လှည့်ကြည့်၏။
" ရွှေကဗျာကို ကျွန်တော် ရည်းစားစကားပြောတာမဟုတ်ပါဘူး "
" အင်း ... ပြောချင်လည်းပြောပေါ့ .. သူပြန်ကြိုက်မှ ဖြစ်တာ "
" အဲဒါတော့ ..... ကျွန်တော် မသိလိုက်ဘူး ..... "
" ဘာ ... မင်းပြောတော့ ရည်းစားစကား မဟုတ်ပါဘူးဆို ... "
" မဟုတ်ပါဘူး .. အို ... ရှုပ်ကုန်ပါပြီ .. ဒီလိုပါ ဆရာမရယ် ... "
ထိုအခိုက် ဆရာဦးသန်းလွင်နှင့် တိုးပြန်သည်။ဆရာက သူအား စိတ်မရှည်သလို ကြည့်၏။

www.burmeseclassic.com

သူက ခြေလက်တရမ်းရမ်းနှင့် .....
" ကျွန်တော် ရွှေကဗျာ့ကို ရည်းစားစကားမပြောဘူးနော် ... ဆရာ ... "
ဆရာဦးသန်းလွင်က ဖက်ဖူးဝါကို လှမ်းကြည့်ပြီးမှ သူ့ကို ပြန်ကြည့်ကာ ....
" ဒါဖြင့် ခုကော ...... "
" အဲဒီအကြောင်းလိုက်ရှင်းပြနေတာပါ ...... "
" မင်း ဒုက္ခကလည်း မသေးပါလားနော် ..... "
" အကြီးကြီးပါပဲ ..... "
" သွားသွား .... ကိုယ့်အခန်းကိုယ်ပြန် ...... "
'သူက အောင့်သီးအောင့်သက်နှင့် အခန်းပြန်လာရသလို ဆရာမ ဖက်ဖူးဝါကလည်း စိတ်မကြည်မလင် နှင့် သူမသွားရာလမ်းကို သူမ ဆက်လျှောက်ရလေသည်။
သူ့အဖြစ်ကို သူငယ်ချင်းတွေကလည်း ရယ်ရအခက် ငိုရအခက်ဖြစ်နေသည်။ သိန်းဦးက လက်ညှိုးကြီးထောင်လျက် .....
" ဒီအဖြစ်အပျက်ကို ငါ့အမြင်ပြောရရင် ....... "
မင်းဆက်က ကမန်းကတန်းလက်ကာပြီး .......
" မင်း ရိုးရိုးပြောကွာ ... လက်ညှိုးကြီး မထောင်ပါနဲ့ ... "
သိန်းဦး မျက်နှာပျက်သွားသည်။
" မင်း ငါ့ကို အဲဒီလို မပြောနဲ့ကွာ "
"အင်း .. ဒဒါဆို မင်းလည်း ရိုးရိုးပြော "
" ရိုးရိုးပဲပြော လက်ညှိုးမထောင်နဲ့ ... "
" မင်းသွား ...... "
ထိုသို့ဖြစ်နေရခြင်းက အကြောင်းရှိသည်။ ဖက်ဖူးဝါတို့ ရွှေကဗျာ တို့နှင့် ဆုံသည့်နေ့က သူတို့ အုပ်စု ရုပ်ရှင်လည်း ဆက်ကြည့်ကြသည်။ ပြန်တော့ မှောင်နေပြီ ........
လူရှင်းသောလမ်းမှ ပြန်လာကြ၏။ ပြဿနာက ထိုမှစသည်။
" ဟေ့ကောင်တွေ ..... "
သိန်းဦးက ခေါ်ခြင်းဖြစ်သည်။
" ဘာလဲ ...... "
" ငါ အီးအီးပါချင်လို့ကွာ ...... "
" ဟေ .... "
အားလုံးမျက်လုံးပြူးသွားသည်။ဤအနီးအပါးတွင် အိမ်ခြေယာခြေဟူ၍ မရှိ။မြူနီးစပါယ် အိမ်သာက ပို၍ မရှိ။
" နည်းနည်းအောင့်ထားလိုက်ကွာ ၊ ရှေ့လမ်းဆုံကျမှ တစ်အိမ်အိမ်ကို အကူအညီတောင်းပြီး ဖြေရှင်းကြတာပေါ့ ...... "
" ငါ ... ငါ .... မအောင့်နိုင်တော့ဘူး .... "
မျက်နှာက ချွေးသီးချွေးပေါက်တော်ကျပြီး အသံတုန်ကြီး နှင့် ပြောသည်။ ဆက်၍ ......
" ဒီနားမှာ မှောင်နေတာပဲကွာ ၊ ဒီနားမှာပဲ သွားလိုက်တော့မယ် .... "
"ဟေ့ကောင် မလုပ်နဲ့ ... ကားတွေက ဖြတ်သွားနေတာ "
" အို .... သူတို့ မမြင်ပါဘူး ၊ နောက်ပြီး ....... "
" နောက်ပြီး ငါကလည်း တစ်တုံးတည်း ပါလာမှာပါကွာ "
အရေးထဲ ဈေးဆစ်နေသေးသည်။
" တစ်တုံးမှ မပါနဲ့ကွာ .... "
" မရတော့ဘူးကွ ....... "
ပြောပြောဆိုဆို လမ်းဘေး မှောင်ရိပ်ထဲပြေးဝင်သွားတော့၏။
သူ့ကို အတော်ကြာသည့် အထိ စောင့်နေရ၏။ အတော်ကြာမှ ပေါ့ပါး သွားဟန်ဖြင့် ထွက်လာ၏။ အားလုံးက ဝိုင်းမေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

" မင်းလက်ညှိုးက ဘာဖြစ်လာတာလဲ ...... "
" အီးအီးကုံးစရာ မှ မရှိဘဲ ..... "
" ဘာ ... ဒါဖြင့် မင်း ... မင်းလက်ညှိုးကြီးနဲ့ ..... "
" အဲဒီလိုတော့ လည်းဘယ်ဟုတ်ပါ့ မလဲကွာ ... "
" ဒါဖြင့် .... "
" ငါလည်းနီးရာ မြေကြီးခဲနဲ့ယူပြီး အီးအီးကုံးရတာပေါ့ ၊ ဖြစ်ချင်တော့ မြေကြီးခဲက တီကျစ်စာခဲဖြစ်နေတယ် ၊ ကြေသွားတယ် ....."
" ဒါ ... ဒါဆို ... မင်းလက်ကြီးညှိုးကြီးက ..... "
" အေး .. ရှေ့မှာ ရေတွေ့ရင် ဆေးပစ်ရမယ် ... "
သိန်းဦး၏ လက်ညှိုးက ထိုသို့ ပင်ရာဇဝင်လက်ညှိုးဖြစ်သည်။ သူတို့တွေ သိန်းဦးကို ခပ်ခွာခွာမှ လျှောက်သဖြင့် သိန်းဦးက မခံချင်လှချေ။ သို့သော် ဘာမှတော့ မပြောသာ။သူ့ အပြစ်နဲ့သူပေကိုး။ လမ်းအဆင်သင့်သောနေရာတွင် သူ့လက်ညှိုးကို သူဆေးကြော သန့်စင်ရ၏ ထိုအချိန်မှစ၍ သိန်းဦး၏ လက်ညှိုးကို သူတို့ လက်မခံကြချေ။ သိန်းဦးခမျာ အတော်ကြေကွဲ ဆို့နင့်နေရှာကြောင်း သိရှိရ၏။(တစ်ဆင့်စကားတစ်ဆင့်နားဖြင့် )အင်္ဂလိမာလက ပင်လျှင် သိန်းဦး၏ လက်ညှိုးကို ဖြတ်ရ မှာကြောက်သဖြင့် ရှောင်ပုန်းနေကြောင်း ကြားသိရသည်။
သိန်းဦးက မင်းဆက်ကို
" မင်းတို့ကို ငါက ဘာမှ မပြောရတော့ဘူးလား .... "
" ရိုးရိုးသားသားပြောလေကွာ .... လက်ညှိုးကြီး ထောင်ထောင်ပြီး မပြောနဲ့လို့ ဆိုလိုတာ ....... "
" မင်းတို့ကတော့ကွာ ........ "
" ကဲ မင်းပြောစရာ ရှိတာကို ရိုးရိုးပြောကွာ ...... "
သိန်းဦး အမအီမသာဖြစ်သွားသည်။ ပြောချင်စိတ်ပင်ကုန်ခန်းသွား သလိုလို လက်ညှိုးကို အင်ကျီအောက် မသိမသာဝှက်ပြီး ......
" ငါပြောချင်တာက ဒီလိုပါ ...... '
" အေး ... အေး ... ပြော ........ "
" မင်းဆက်နဲ့ ရွှေကဗျာက တစ်ယောက်ကို တစ်ယောက်စိတ်ဝင်စားနေကြတယ်၊ တစ်ယောက်ကို တစ်ယောက်က အပြန်အလှန် စိတ်လှုပ်ရှားနေကြတယ် "
မင်းဆက် တွန့်ခနဲ ဖြစ်သွားပြီး .......
" မင်းကို ဘယ်သူပြောလဲ ....... "
" ငါမြင်တွေ့ နေရတာပဲဟာ ...... "
" ဟင် .... မင်းဟာကလဲ ...... "
မင်းဆက်က ကျန်သူများဘက်လှည့် ပြီး .......
" မင်းတို့ ကကော ဘယ်လို မြင်လဲ ...... "
အားလုံး ခေတ္တ တွေဝေသွားသည်။ ပြီးမှ ကျော်ဌေးက ......
" အေး တစ်မျိုးတော့ တစ်မျိုးပဲ ..... "
" ဘာလဲကွာ ...... "
" သိန်းဦးပြောတာ စဉ်းစားစရာပဲ ..... "
" မင်းဆက်နဲ့ ရွှေကဗျာနဲ့ ရည်းစားတွေ ဖြစ်သွားနိုင်တယ် "
" နင်းကို ဘယ်သူပြောသလဲ ...... "
" ငါ့စိတ်ထဲက အလုလိုထင်နေတာ ...."
မင်းဆက်ငြိမ်သွားသည်။ ကျန်သူများက မင်းဆက်၏ မျက်နှာကို အကဲခတ်သလို ဝိုင်းကြည့်ကြ၏။ မိုးနွယ်က .....
" မင်းဆက် မင်းသဘောက ဘယ်လိုရှိသလဲ ...... "
မင်းဆက်က ခေါင်းကို ဖွကုတ်ရင်း ......

www.burmeseclassic.com

“ ငါလည်း မပြောတတ်ပါဘူးကွာ .... ”
“ ရွှေကဗျာကို မင်းချစ်ကြည့်လို့ ရလား ...... ”
“ မဆိုးပါဘူး ရွှေကဗျာက ဆွဲဆောင်မှု ရှိပါတယ် ...... ”
“ အောင်မာ ..... မင်းကများ ရွှေကဗျာကို ဆွဲဆောင်မှုရှိလေးဘာလေးနဲ့ ဒီလောက်လှတဲ့ ကောင်မလေးကို ....... ”
ဟုတ်ပါ၏။သူတို့ စာသင်ခန်းထဲမှာတင်မက အခြားစာသင်ခန်းမှာပင်လျှင် ရွှေကဗျာက အလှဆုံးဖြစ်သည်။
သူတို့က ပြောလာတော့ မင်းဆက်ရင်ထဲမှာ မောမိသလို ဖြစ်လာသည်။
“ ရည်းစားလည်း မထားဖူးဘူးကွ ၊ ရွှေကဗျာက မဆိုးပါဘူး ”
မင်းဆက်က ပြုံးပြုံးကြီးဖြင့် ........
“ အေးလေ ... အာလုံး က ဝိုင်းတောင်းဆိုနေကြတော့လည်း ငါ လိုက်လျှောပေးရ မှာပေါ့ ...... ”
“ ဘယလို လိုက်လျှောရ မှာလဲ ...... ”
“ ရည်းစားစကား အမှန်တကယ် လိုက်ပြောရမှာပေါ့ ....... ”
“ ရွှေကဗျာက စွာတယ် ၊ မင်းပြောရဲလို့လား ..... ”
“ ကြာည့်ကျက်ပြောလိုက်မှပေါ့ ပြေပြေလည်လည်ပြောရင် ရပါတယ် ”
“ အောင်မာ .. လာလာချည်သေး ... စမ်းကြည့်လိုက်လေ .... ”
“ စမ်းကြည့် မှာပါ ညီမင်းဆက်ပဲ .... ဟဲ ... ဟဲ ... ဟဲ .... ”
အားလုံးက စိတ်ထဲ မှာ မြင်ရောင်ကြည့်ရင်း မင်းဆက်နှင့် ရွှေကဗျာဆိုလျှင် လိုက်ဖက်မည်ဟု မှတ်ချက်ပြုမိကြသည်။
“ ကဲ ... ကဲ .... အဲဒါဆိုလည်း မြန်မြန်ပြော ... ဟော့ကောင် တော်ကြာ သူများဦးသွားမယ် ...... ”
“ နည်းနည်းတော့ မူပါရစေဦး ...... ”
“ မူမနေနဲ့ မနက်ကပဲ အောင်ကြီးက စာလိုက်ပေးလိုက်တယ် ...... ”
“ ဟုတ်လား ကဗျာက ယူလိုက်လား ...... ”
“ မယူဘူး ... မင်းပြောသလို မူနေတာလား မသိဘူး ....... ”
“ ခွေးကောင် .......... ”

( ၄ )

ရွှေကဗျာလည်း အခက်တွေ့နေသည်။
မင်းဆက်နှင့် သူမကို ရည်းစားလိုလို ဘာလိုလို ဝိုင်းပြောနေကြ
၍ဖြစ်သည်။ လိုက်ရှင်းနေလို့လည်း မကောင်း။ ဒီတိုင်းကြီး မှိန်းနေရတာလည်း မကောင်း။
ကလျာကဆို ဆိုသည်။
“ မင်းဆက်က မဆိုးပါဘူး ... နင့်ဘက်က လက်မခံနိုင်စရာ ရှိပါတယ် ...... ”
“ အဲဒါဆိုရင် နင်လက်ခံလိုက်ပါလား ...... ”
“ အို ... အဲဒါမျိုးထပ်မပြောနဲ့ဟာ ..... ”
“ ငြုတ်ဆုံထဲသာ ထည့်ထောင်းတော့ ...... ”
အားလုံးက ဝိုင်းရယ်ကြသည်။
“ သူက နင့်ကို တကယ်နှစ်နှစ်ကာကာ ချစ်နေတယ်ဆိုရင်ကော .... ”
ရွှေကဗျာ တွေဝေသွားသည်။ သူတို့ပြောတာ ဟုတ်တော့ဟုတ်သည်။ မင်းဆက်ဘက်မှ တစ်ဆင့်ပြီး တစ်ဆင့် တက်လာလျှင် ခက်မည်။
မောင်အရင်လို မဟုတ်တော့ဘူး ...... မဟုတ်တော့ပါဘူးကွယ် ..... ဟု သချင်းအော်ဆိုစရာလည်း မဟုတ်။
“ မပြောတတ်တော့ဘူးဟယ် .... စိတ်ရှုပ်တယ် .... ”
အိမ်ပြန်ရောက်တော့ ဖက်ဖူးဝါနှင့်စကားဆိုရသည်။
“ ကဗျာ ”

www.burmeseclassic.com

www.burmeseclassic.com

“ ရှင် မမ .....”
“ အားရင် မမအခန်းကို ခဏလာခဲ့ဦး ...... ”
အမှန်တော့ မအားပါ ၊ ကုလမသဂ္ဂအစည်းအဝေး သွားစရာရှိသည်။
သို့သော် .....
“ ဟုတ် လာခဲ့ပါမယ် ...... ”
ဖက်ဖူးဝါ အခန်းက အိမ်အတွင်းဘက်မှာ ဖြစ်သည်။ အသံလုံသည်။ ‘အောင်မလေးတော့ ..... ’ ဟု ခုနစ်ကြိမ်အော်ခွင့် ရှိသည်။ အပြင်မှ လူက မကြားရချေ။
“ မမ ကဗျာရောက်ပါပြီ ”
“ အေး ..... ထိုင် ”
ဖက်ဖူးဝါ၏ မျက်နှာက အနည်းငယ်တည်နေသည်။ ရွှေကဗျာ အနည်းငယ် မျက်နှာပိုးသပ်ထားရသည်။
ဖက်ဖူးဝါက ....
“ နင့်လူလုပ်ပုံ ကောင်းသလား ...... ”
“ ဘာလဲ မမ ဘယ်သူလဲ ...... ”
“ မင်းဆက်လေ ....... ”
“ ဟင် ......... ”
အဟုတ် အံ့သြသွားရသည်။
“ ဘာဖြစ်လို့လဲ မမ ...... ”
“ နင်တကယ် မသိဘူးလား ...... ”
“ ဟင့်အင်း ... မသိဘူး မမ .......... ”
“ ငါ့ကို စာတစ်ဆောင်ပေးသွားတယ် ...... ”
ရွှေကဗျာနားထဲမျာ မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။
“ ဘာ .... သူက ...... ”
“ အင်း ....... ”
“ မမကို ...... ”
“ အင်း ....... ”
“ ရည်းစားစာတော့ မဟုတ်ဘူး ...... ”
“ ဒါဖြင့် ......... ”
“ နင့်ဘာသာ ခြင်းထဲ မှာ ယူထုတ်ပြီး ဖတ်ကြည့် ...... ”
ရွှေကဗျာ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ပြီး စာရွက်ကို ထုတ်ယူဖတ်ရသည်။
‘ လေးစားရပါသော ဆရာမကြီး ဒေါ်ဖက်ဖူးဝါခင်ဗျား ကျွန်တော်ရှိသေစွာ အကြောင်းကြားအပ်ပါသည် ...... ”
ဟု အစချီကာ ရွှေကဗျာကို သူဘယ်လို မြတ်နိုးစုံမက်ရပါကြောင်း ဖွဲ့နွဲ့ရေးသားထားသည်။
ပြီးမှ အဆုံးသတ်တွင် ‘ ဆရာမကြီး အစွန့်ရှည်ပါစေ .... ထို့အတူ ရွှေကဗျာနှင့် ကျွန်တော့် အချစ်ရေးလည်း အစွန့်ရှည်ပါစေ .... ’ ဟုရေးသားထားသည်။
ရွှေကဗျာ ဖတ်ရင်းနှင့်လည်း ရယ်နေသည်။ စိတ်လည်း ရှုပ်ရသည်။
“ မမ ”
“ ပြော ...... ”
“ အဲဒါကို ဘယ်လို လုပ်ကြမလဲ .... ”
“ သူကနင့်ကို ရည်းစားစကားပြောမယ်လေ .... ”
“ နင့်ကြိုက်ရင် ကြိုက်တယ် ၊ မကြိုက်ရင် မကြိုက်ဘူး ပြန်ပြောလိုက်ပေါ့ ...... ”
“ ခက်တော့ ခက်နေပါပြီ ...... ”
ဖက်ဖူးဝါက ဘာမှ ပြန်မပြော။ ရွှေကဗျာက ဆက်၍ ......
“ ဒီစာကြီး ကဗျာကိုပေး ....... ”
“ နင် ဘာလုပ်မလို့လဲ ...... ”

www.burmeseclassic.com

" လိုရမယ်ရပါ ........ "
" မဟုတ်တာတွေ မလုပ်ရင်ပြီးတာပဲ ယူသွား ..... "
မင်းဆက်၏စာကို ယူပြီး ကိုယ့်အခန်းကိုယ် ပြန်ခဲ့သည်။ နောက်သင်တန်းရောက်မှ သူငယ်ချင်းတွေကို ပြပြီး တိုင်ပင်ကြည့်ရမည်။
ခုဟာက အတည်လား နောက်တာလား မသေချာ။ ညိုမင်းဆက်က ထူးထူးခြားခြားနောက်တတ်သည်။
တစ်ခါကလည်း မိုးကြည်ပြာမောင်ကို စကားလိုက်ပြောသည်။ မိုးကြည်ပြာမောင်က ယောကျ်ားစိတ်ပေါက်နေသူ ဖြစ်၏။ မိန်းကလေးတန်မဲ့ နှုတ်ခမ်းမွှေးရေးရေးလည်းပေါက်နေသည်။ ရန်ဖြစ်ဖို့လည်း လက်မနှေးတတ်။
ထိုသို့ မလွယ်သောကောင်မလေးကိုမှ မင်းဆက်က ........
" ဟဲ့ ..... မိုးကြည်ပြာ ....... "
" ဘာလဲ ....... "
" ဒီစာလေး နင်ယူထားလိုက် ......... "
" ဘာပြောတယ် ....... "
" အကောင်းပြောတာ နင်ယူသင့်တယ် ....... "
" ဘာကိစ္စ ယူရမှာလဲ၊ငါလက်သီးက လူမရွေးဘူးနော် ..... "
" ဆေးနည်းပါဟ ..... "
" ဘာဆေးနည်းလည်း ...... "
" ဆေးဒန်တစ်ဆ ၊ ရေငါးဆကို ငှက်ပျောစိမ်းရည် နဲ့ ခုနှစ်ရက်ချက် ပြီး ကိုယ်မှာလိမ်း ခန္ဓာကိုယ်ရဲ့ မလိုအပ်တဲ့ အမွေးတေါ ကျွတ်ထွက်လိမ့် မယ် ....... "
" ဝိုး ....... "
" အောင့်မငြေးဗျ ....... "
မိုးကြည်ပြာမောင် လှမ်းထိုးလိုက်သည့် လက်သီးက အတော်ပြင်းသည်။ မင်းဆက် အရှောင်ကောင်းသည ဖြင့် သီသီကလေး လွတ်သွားခြင်းညဖစ်သည်။ ပြီးနောက် မိုးကြည်ပြာမောင်လိုက်သဖြင့် လှည့်ပတ်ပြေးရတော့သည်။
မင်းဆက်မှာ အခြားသော ရာဇဝင်တွေလည်း ရှိသည်။သူမလုပ်ရဲတာ ဘာမှ မရှိ။ယခုလည်း သူကြိုတင် အသိပေးထားသိ အတိုင်း လုပ်တော့ မည်ပဲဖြစ်သည်။
ဘယ်လို လုပ်ရပါ့ မလဲ ...... "
နောက်နေ့ကျတော့ .... စာသင်ခန်းထဲမှာ ပြဿနာကို ကြုံရသည်။ ပြဿနာကို မျိုးမမက စသည်။
ရွှေကဗျာ့ကို .........
" ပဗျာ ... ဟဲ့ ... ကဗျာ ...... "
" ဘာလဲ ဟ ...... "
" နင့်ကို မင်းဆက်ကပေးတဲ့စာလေ .... သိလား .... "
" ဗုဒ္ဓေါ ........ "
" အေး .. အဲဒီစာ ဝါဝါဝင်းဆီ ရောက်သွားပြီ ........ "
" ဟင် ...... "
" မင်းဆက် အရေးအသားကကောင်းသားပဲလို့ သူတောင် ချီးကျူးနေသေးတယ် ......... "
" နေပါဦး သူများစာကို ဘာကိစ္စ ယူဖတ်နေရတာလဲ ..... "
" မသိဘူးလေ .... နောက်ဆုံးနေ့နဲ့တော့ နှင်းရည်နွယ်ဆီမှာ တွေ့တယ် ..... "
" ဟို သတ္တဝါ မင်းဆက်ကကော ...... "
" စာသင်ချိန်စေသေးလို့ တဲ့ .... TV ကလာတဲ့ ဘောလုံးပွဲ သွားကြည့်နေတာတွေ့တယ် ...... "
" ဘယ်မှာလဲ ..... "
" ဟိုဘက်လမ်းက လက်ဖက်ရည်ဆိုင်မှာ ........ "
" အေး ငါလိုက်သွားမယ် ....... "
" ဟဲ့ .. ဟဲ့ .... လိုက်မသွားနဲ့လေ ..... "

www.burmeseclassic.com

www.burmeseclassic.com

" ဘာဖြစ်လို့ လဲ ....... "
" ဟိုမှာက ယောကျ်ားလေးတော်ချည်းပဲ ဘောလုံးပွဲကြည့်နေတာ ၊ မင်းဆက်ကို နင်က ဘာသွားပြောမှာလဲ .... မကောင်းဘူးဟယ် .... "
ဟုတ်တော့လည်း ဟုတ်သည်။
" တောက် ...... "
ရွှေကဗျာက နာသာခံခက်ဖြစ်စွာ တောက်ခေါက်လိုက်သည်။
နောက်ဆုံး ထိုစာခေါက်လေးကို ရွှေနွယ်ရိုးထံမှ ပြန်ရသည်။ ရွှေကဗျာ ဒေါသထွက်စွာလိုက်သည့်ဖြစ်ခြင်း ။ ဖတ်တောင် ဖတ်မကြည့် ။ အားလုံးရှေ့ မှာပဲ ထိုစာကို .......
" ဖြဲ ..... ဖြဲ ....... "
ဆွဲဆုတ်ပစ်လိုက်သည်။ အစိတ်စိတ်အမွှာမွှာ ......
ထိုအချိန်မှာ မင်းဆက်က ရွှေကဗျာနောက်ဘက် မလှမ်းမကမ်းသို့ ရောက်နေသည်။ ' ဖြဲ ... ဖြဲ ' ဟူသော အသံနှင့်အညီ သူ့အသည်း ကွဲပါပြီဟူသော အမူအရာကို လုပ်နေပြန်သည်။ နောက်ဆုံး သေဆုံးသွားဟန်။ သူ ... ခေါင်းဒထောင်ပြီး မျက်လုံးပြန်ဖွင့်တော့ သူ့
ရှေ့မှာ ဘွားဘွားကြီး ရောက်နေသော ရွှေကဗျာ့ကို တွေ့ရသည်။
ရွှေကဗျာက ဝင်းဝင်းလက်နေသော မျက်လုံးများဖြင့် ......
" နင် ... ဒါ ဘာလုပ်တာလဲ ...... "
မင်းဆက်က အပြစ်ကင်းသော မျက်နှာနှင့်
" ငါဘာလုပ်လို့လဲ ...... "
" နင် ငါ့ကိုပေးတဲ့စာ ကိစ္စလေ ..... "
" ဟင် နင့်ကို ငါဘာစာပေးလို့လို့လဲ ....... "
ရွှေကဗျာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ အထစ်ထစ် အငေါ့ငေါ့ဖြင့်
" နင်ပဲ ငါ့ကို စာပေးတယ်လေ ...... "
" ရှင်းလိုက်လေခြင်းဟယ် ... နင့်ကို ငါ ဘယ်မှာ စာပေးလို့လဲ .... "
" နင်စာကိုတောင် လူတကာဖတ်ပြီးပြီ ....... "
" အဲ ...... "
စာက မရှိတော့ ။ ရွှေကဗျာ ဘာဆက်ပြောရမည် မှန်းမသိ ဖြစ်နေသည်။ အူကြောင်ကြောင် လုပ်နေသော မင်းဆက်ကို ဆွေ့ဆွေ့ ခုန်တမျှဒေါပွသည်။ သင်တန်းချိန်စပြီဖြစ်၍ ဘာမှလည်း မပြောသာတော့ ။
နောက်နေ့တွေကျတော့ ကြားပရိသတ်များက ကဗျာ့ကို လာမေးကြသည်။
" ကဗျာ .... "
" ဆို ...... "
" နင် မင်းဆက်ကို အဖြေပြန်ပေးလိုက်ပြီလား ...... "
" ဘာကိုဖြေရမှာလဲ ... ဘာအဖြေလဲ ..... "
" နင်ကလဲဟာ ငါက အကူညီတောင်းချင်လို့ ...... "
" ဘာအကူအညီတောင်းချင်တာလဲ ....... "
" နင် မင်းဆက်ကို ပြန်ပေးတဲ့ ချစ်စာလွှာထဲမှာ ငါကလည်း သူ့သူငယ်ချင်းကျော်ဌေးကို သူစိမ်းတစ်ယောက်လို သဘောမထားပါဘူးလို့ စောင်းပါးရိပ်ခြေည် ထည့်ရေးပေးစမ်းပါ "
" လဲသေလိုက် ...... "

*******************************************

ထိုသို့ဖြင့်
ဟိုလိုလို သည်လိုလိုနှင့်
သည်လိုလို ဟိုလိုလိုနှင့်
မင်းဆက်နှင့်ကဗျာတို့

www.burmeseclassic.com

ဘာညာ ဘာညာဖြစ်သွားကြသည်။
( ဘာညာဘာညာ = ချစ်သူများ )
မင်းဆက်က ရွှေကဗျာကိုပေးသောစာ ..... "
မင်းဆက်က ရွှေကဗျာကို ချစ်၏ ။
ရွှေကဗျာကလည်း မင်းဆက်ကို ........... ပါသည် ။

" ရွှေကဗျာ၏ ပြန်စာ "
ကွက်လပ်ကို စာတစ်လုံးဖြည့်ပြီး ပြန်ပေးလိုက်ခြင်းဖြစ်၏ ။

" ချစ် "

(၅)

သမီးရည်စားဖြစ်ပြီး ပထမဆုံးအကြိမ်ထွက်လည်ကြစဉ်မှာပဲ .... ပြဿနာကစတက်သည်။ ပြဿနာကို စတင်ဖန်တီးသူက ရွှေကဗျာဖြစ်သည်။
မြို့ထဲသွားရန် ဘတ်ကားမှတ်တိုင်သို့ ယှဉ်ရောက်နေရာမှာ ......
" မင်းဆက် ....... "
" ဟေ ....... "
" အခု လိုက်နေတာပဲ ........ "
" မဟုတ်ပါဘူး ... ငါနောက်ဘက်က လိုက်ခဲ့စမ်းပါလို့ ...... "
သူမနောက်သို့ နေရာရွှေ့ပေးရသည်။ သူမက သူကို တစ်ချက်ငဲ့ကြည့်သည်။ ပြီး ပိုက်ဆံအိပ်ထဲ မှ ဖြူဖြူအမှုန့် များကို လက်ညှိုးလက်မနှစ်ချောင်းဖြင့် ကိုင်ယူပြီး သူမ၏ ပခုံးပေါ်မှ ကျော်ကာ သူ့ကို ပစ်လိုက်၏။
" အား ..... "
မင်းဆက် အငိုက်မိသွားသည်။ မျက်လုံးတွေလည်း အတော်စပ်သွားသည်။ မျက်လုံးကို လက်နှင့်ပွတ်ရင်း ............
" ကဗျာ နင်ဘာလုပ်လိုက်တာလဲ ........ "
" ဆားနဲ့ ပစ်လိုက်တာ ....... "
" အေး ... အဲဒါ ဘာလုပ်တာလဲ ...... "
" ဂရိ အတွေးအခေါ်ရှိတယ် ၊ လူတစ်ယောက်ရဲ့ နောက်မှာ ဝိညဉ် နှစ်ကောင်လိုက်လေ့ ရှိတယ် ၊ နောက်လှည့်မကြည့်ပဲ ကိုယ်ဘယ်ဘက်ပခုံးပေါ်က ပစ်ရင် မကောင်းတဲ့ ဝိညဉ်ကို ထိကြည့် ဆွေ့ဆွေ့ ခုန်နာတယ်၊ ပုခုံးပေါ်က ပစ်ရင် မကောင်းတဲ့ဝိညဉ်ကိုထိ
ကြည့် ဆွေ့ဆွေ့ ခုန်နာတယ်။
" အေး အခု ငါကကော ...... "
" နင်က ဆွေ့ဆွေ့ခုန်မနာတော့ ဝိညာဉ်ကောင်းပေါ့ ...... "
နည်းနည်းတော့ စိတ်သက်သာရာရသွားသည်။သို့သော် မကျေနပ်ချေ။
" နင်က အဒြီလို ပေါတောတောပဲ .. နေတတ်သလား .... "
" ဒါထက်တောင် ပေါသေး ......... "
" ငပေါမလေး ......... "
" ငပေါမလေး ....ကိုမှလာကြိုက်တယ် ငပေါကြီး ...... "
ပြောပြီး ရယ်ကြရသေးသည်။
ရွှေကဗျာ၏ ကိုယ်သင်းရနံ့လေးက သင်းသင်းပျံ့ပျံ့ မွှေးနေသည်။ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ရင်း လမ်းအတူ လျှောက်နေရခြင်းကြောင့်ရင်ခုန်မှု အသစ်တို့ကို ဖြစ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာ့ပခုံးလေးကို သူလက်ညှိုးနဲ့ လှမ်းတို့လိုက်၏။
" ကဗျာ ....... "
" ဘာလဲ ...... "
" ရယ်စရာပြောပြမယ် ..... "
ပြောလေ ... ရယ်မယ် ...... "
ညစ်တီးညစတပတ် သိန်းဦး အဖြစ်ကိုပြောပြသည်။
ကဗျာ တခစ်ခစ်ရယ်သည်။
" သိန်းဦးကလည်း ကြဲကြဲဖန်ဖန် ......... "
" ကိုယ်လည်း ဝဋ်လည်သွားတယ် .... ကဗျာရဲ့ "
" ဘယ်လို ဝဋ်လည်တာလည်း ..... "
" နောက်တစ်ပတ်ကျတော့ ကိုယ်လည်း သူ့လို ဖြစ်ပါလေရော ..... "
" ဘာဖြစ်တာလဲ ..... "
" အဟီး .. ကိုယ်လည်း တီကျစ်စာခဲကို အားကိုးလိုက်မိလို့ ."
" ဒါ ... ဒါဖြင့် ...... "
" ကိုယ်လက်ညှိုးလည်း သူ့လက်ညှိုးလိုပဲ ....... "
" ဟင် ....... "
" နင့်ပခုံးကို ခုနက လှမ်းတို့လိုက်တာ အဲဒီလက်ညှိုးပေါ့ .."
" နင် ...... နင် ..... "
ကဗျာ့ခမျာ စကားလုံးပင်နင်နေရှာသည်။
" နင် အကျင့်ယုတ်တာပဲ ....... "
" မတော်တဆ ဖြစ်သွားတာပါဟာ ..... "
" သွား ... နင် ငါ့အနား မကပ်နဲ့ ...... "
" ချစ်သူတွေ ပဲဟာ ....... "
" တော်ပြီ မချစ်တော့ဘူး ....... "
" ဟင် .... ဒီနေ့ မှ ချစ်သူ ဖြစ်တဲ့ ...... ဟာ ......... "
" အေး ဒီနေ့ပဲ အဆက်ဖြတ်လိုက်ပြီ ...... "
မနည်းပြန်ချော့ရ၏။ စိကောက်နေသော သူ့မျက်နှာလေး တစ်မျိုးလေး ချစ်စရာကောင်းနေလေသည်။
" ကဗျာ က လည်း အစကတည်းက ရယ်စရာပြောကြမယ်လို့ပြောတဲ့ ဟာပဲ .... "
" ဟဲ့ ဟဲ့ ..... ဟိုရှေ့က အတွဲကို ကြည့်စမ်း "
" ဘာဖြစ်လို့ လဲ .... "
" ဘာမှ မဖြစ်ပါဘူး နင့်ကို လက်ညှိုးနဲ့ ထပ်တို့ ချင်လို့ ..... "
" နင်နော် .... အဲဒါဆို ငါတစ်ယောက်တည်း သွားတော့မယ် ..... "
" အိုးဟိုး ... တို့လည်းလိုက်မယ် ချန်မထားနဲ့ "
" သူတို့ စုံတွဲလမ်းလျှောက်နေကြသည်က ပုးတုံခွာတုံနှင့်
ဆတ်တောက် ဆတ်တောက်ဖြစ်နေသည်။ ကံကောင်း ထောက်မစွာ ဦးတည်ရာ အရပ်သို့ ရောက်သွားကြသည်။
အလယ်တန်းတုန်းက သူမ၏ ဆရာမအိမ်သို့ ဖြစ်သည်။မြန်မာစာဆရာမပီပီ နှုတ်ခွန်းဆက် ချိုသာသည်။
" ဟယ် ....သမီးလာ .. သားလည်း ထိုင် ..... "
" ဆရာမ ဘာတွေ လုပ်နေတာလဲ ....... "
" ကဗျာလေးကို သုတေသနလုပ်နေတာပါကွယ် ၊ တိမ်မြုပ်နေတဲ့ ကျေးလက် ကဗျာလေး တွေပေါ့
ချစ်စရာကောင်းလို့ကွယ် ...... "
" သမီးတို့လာတော့ အနှောင့် အယှက်ဖြစ်သွားပြီ ထင်တယ် ...... "
" မဖြစ်ပါဘူး .... ကဲ ထိုင်ကြပ်ဦး .... "
တဆက်တည်းမှာပဲ အိမ်တွင်းခန်းဘက်သို့ လှည့်၍ ........

www.burmeseclassic.com

“ မလှဝင်းရေ ကော်ဖီ နှစ်ခွက်လောက် လုပ်လာခဲ့ ...... ”
ပြီးမှ သူတို့ ဘက်ပြန်လှည့်ကာ ........
“ ကဗျာလေးတစ်ပုဒ်ကွယ် ဆရာမကို ဒုက္ခပေးနေလို့ ....... ”
“ ဘာကဗျာလည်း ဆရာမရဲ့ ...... ”
“ ကဗျာက ဒီလိုကွဲ့ ..... ”
ဆရာမက သံနေသံထားနှင့် ရွတ်ပြသည်။
“ စပါယ်တဲ့လေးရုံ
မလေးမောင်မပန်ထိုက်တယ်
ပန်းပြတ်ခိုက်ကြုံ
အပွင့်ရယ်ကုန်
တစ်ငုံကျန်ပါသေး .........
ပန်ချင်သူ ရွှေသျှောင်ကြီးတို့ရယ် .....
ခေါင်းဖီးခဲ့လေး ....... ” တဲ့ ...... ။
“ ဟုတ်ကဲ့ ဆရာမ ..... ”
“ အဲဒီ ကဗျာလေးထဲမှာ တစ်ခုခုဝှက်ထားသလိုပဲ ..... ”
“ ဟုတ်ကဲ့ ..... ”
“ အဲဒါကို ဆရာမ ဖော်ရခက်နေလို့ရ ခက်နေလို့ .... ”
“ အော် .... ဒါက ဘာသာရေး ကဗျာ ဆရာမရဲ့ .... ”
ရွှေကဗျာက မင်းဆက်ကို လှည့်ကြည့်၏။ ဆရာမက မျက်လုံးများ အရောင်လက်သွားကာ ......
“ အို .. သားသိလား .... သိရင်ပြောစမ်းပါဦးကွယ် .... ”
“ စပါယ်တဲ့ လေးရုံ ဆိုတာ ပွင့်တော်မူပြီးလေသော ဘုရားလေးဆူကို ခေါ်တာ ”
“ အိုအေအေး ... အဲဒါဆို ဆရာမ သဘောပေါက်ပြီ ၊ ကျန်သေးတဲ့တစ်ရုံက အရိမေတ္တယျပေါ့ ”
“ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ...... ”
ဆရာမကို ဆရာလုပ်စရာ မလိုပါ။ချက်ဆိုလျှင် နားခွက်က ခတ်မီးပွင့်ပါသည်။ကဗျာတစ်ပုဒ်လုံးကို ဆရာမက သဘောပေါက်သွား၏
ကဗျာ့ကို ချီးကျူးသလိုကြည့်ကာ
“ ကဗျာ .... ”
“ ရှင် ..... ”
“ ကဗျာ့ သူငယ်ချင်းက လူတော်ပဲ ..... ”
“ ဟုတ်တာပေါ့ .. ကျွန်တော်လူတော်ပေါ့ ..... ”ဟု မင်းဆက်ကဝင်မပြောလိုက်ပါ။ မျက်နှာသေကလေးနှင့် ငြိမ်နေလိုက်သည်။ ကဗျာ့ကလည်း ထိုနည်းလည်းကောင်း ........
ဆရာမက သူတို့ကို ဝေ့ကြည့်ကာ ......
“ ဆရာမဆီကို လာကြတာ အလည်သက်သက်ပဲလား ..... ”
အမှန်တော့ ဆွေပြမျိုးပြလာခြင်းဖြစ်သည်။ သို့သော်
“ အလည်ပါပဲ .... ဆရာမ ... ”
“ သားနာမည် က ဘယ်လို ခေါ်လဲ ..... ”
“ ညိုမြင်းဆက်ပါ ...... ”
“ ဩော် ... ကောင်းလိုက်တဲ့နာမည်လေး ၊ သားကမြန်မာစာကျောင်းသားပဲလား ...... ”
“ အဟင်း .... မဟုတ်ပဘူး ၊ ကျွန်တော်က အင်္ဂလိပ်စာနဲ့ ကျောင်းပြီးပြီသားပါ ၊ အခု အဆင့်မြင့်သင်တန်းတွေ ဆက်တက်နေပါတယ် ”
“ ကောင်းပါတယ်ကွယ် ပညာဘာတတ်ခေတ်ကြီးမှာ ကိုယ်က မကျန်ရစ်ခဲ့ဖို့ လိုတယ်၊ ဒါထက် ဒီမြန်မာကျေးလက် ကဗျာလေးတွေကိုကျတော့ သား ဘယ်လိုလေ့လာခဲ့သလဲ ..... ”
“ ကျွန်တော့် အဘိုးက ဦးလှမိုးပါ ၊ မြန်မာပညာရှိလို့ သတ်မှတ်ကြတာပဲ ..... ”

www.burmeseclassic.com

ဆရာမ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။
“ အို .. ကြားဖူးတာပေါ့ကွယ် ၊ ဒါဆို သားတို့အိမ်ကို ဆရာမ လာလည်ရမှာပဲ ..... ”
“ လာခဲ့ပါ ဆရာမ .. အဘိုးကလည်း အဲဒီလို လာဆွေးနွေးတာမျိုးကို သဘောကျတယ် ”
“ ဆရာမနာမည် ဒေါ်သန္တာချစ်တဲ့ မှတ်ထားနော် .... ”
“ ဟုတ်ကဲ့ ... ဆရာမ ...... ”
ကဗျာက မလိုတမာဝင်ပြောသည်။
“ ဆရာမ သတိတော့ထားနော် ၊ ဒီကောင်က ဆိုးတယ် .... ”
“ အို ... ရတယ် .... ဆရာမကလည်း ... ဆိုးတယ် ..... ”
အားလုံးရယ်ဖြစ်ကြပါသည်။ စကားဝိုင်းက မြိုင်သွားသည်။ဆရာမဆီမှာ
တစ်နာရီခန့် စကားပြောပြီးမှ ပြန်လာခဲ့သည်။
“ ကဲ ... ဘယ်သွားကြဦးမလဲ .... ”
ကဗျာက သူ့ကို မျက်လုံးထောင့်ကပ်ကြည့်ပြီး .......
“ မြန်မာပညာရှိရဲ့ မြေးကပဲ ဆုံးဖြတ်ပါ ”
“ ဟင် .. ဘာဆိုင်လို့လဲဟ ...... ”
နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ အရယ်ဆုံးတော့ ကဗျာပြောသည်။
“ ဒီလိုပဲမြို့ထဲလျှောက်သွားရအောင်ဟာ ...... ”
“ ဟင် .. ဖြစ်ပါ့မလား ...... ”
“ ဘာလို့ မဖြစ်ရ မှာလဲ ...... ”
“ ငါက မြို့ထဲမှာ လမ်းသိပ်မလျှောက်တတ်ဖူးဟ ၊ လူရှုပ်ပြီး လမ်းတွေလည်း မျက်စိလည်တယ်၊
ငါတကယ်ပြောတာ ”
“ လုပ်မနေနဲ့ .... ၊ လာသွားမယ် ”
ဇုဒ္ဒေါ...သူမ၏ ဦးဆောင်ရာနောက်သို့ မင်းဆက် လိုက်ခဲ့ရသည်။
TAXI ပေါ်မှာ စကားသိပ်မပြောဖြစ်။ကိုယ့်အတွေးနှင့် ကိုယ် လိုက်ခဲ့ကြသည်။ မြို့လည်းရောက်မှ သူမက
TAXI ဒရိုင်ဘာကို ... ”
“ မဟာဗန္ဓုလပန်းခြံရှေ့မှာ ရပ်ပေးပါ ....... ”
ကားပေါ်မှ ဆင်းတော့ ရှေ့မှ ဦးဆောင်သည်။
“ လာ .... သွားကြမယ် ...... ”
“ ဘယ် ... ဘယ်ကို သွားကြမှာလဲ ..... ”
“ ဘယ်ကိုပဲဖြစ်ဖြစ် လျှောက်သွားမယ် ဈေးလျှောက်ဝယ်မယ် ..... ”
“ ငါ့မှာ ရှိတယ် ... လာ လာ သွားကြမယ် ..... ”
ပြောပြောဆိုဆို အုံခဲနေသော လူသူစီးကြောင်းကြီးထဲကို သူမက ဝင်ရောက်သွားသည်။ သူ့ကျောပိုးအိတ်မှ
ကြိုးကလေးကို ဆွဲပြီး မင်းဆက်က သူ့လက်ညှိုးကို ခါးမှ ပုဆိုးဖြင့် ပွတ်လိုက်ရင်း ....
“ လက်ညှိုးမှာ ဘာအပြစ်မှ မရှိပါဘူးဟာ ငါနောက်ပြောတာပါ ..... ”
ရွှေကဗျာက ရှုတည်တည်ဖြင့်ကြည့်ရင်း လှည့်ထွက်သွားသည်။
မင်းဆက်က သူမ၏နောက်မှ တန်းလန်း ........ ။
ပိုးဆိုးသည်မှာ ရွှေကဗျာက စူပါမားကပ်ကြီးများမှ ပစ္စည်းများကို မဝယ်ဘဲ ဈေးမေးခြင်း၊
ပစ္စည်းထုတ်ပြခိုင်းခြင်းတို့ဖြစ်သည်။ မင်းဆက်က အားလုံးလိုလိုကို တစ်ခွန်းတည်းသော ဘာသာစကားဖြင့်
လှည့်ပတ်နှုတ်ဆက်ရ၏။
“ အဟီး ...... ”
တစ်နေရာမှာတော့ လူချင်း တကယ်ကွဲသွားသည်။ မင်းဆက်ဆွဲထားသည်က ရွှေကဗျာ့
လွယ်အိတ်ကြိုးမဟုတ်ဘဲ ကုလားမကြီးတစ်ယောက်၏ ဆာလာအိတ်ကြီး ဖြစ်သည်။
“ ဟရေး ... ကန်ကလေး ဘာလုပ်တာလဲ ...... ”
“ မဟုတ် .. မဟုတ်ပါဘူး .. လူမှားဆွဲမိတာပါ ..... ”

www.burmeseclassic.com

www.burmeseclassic.com

အသည်းအသန် တောင်းပန်ရသည်။ ကုလားမကြီးက မျက်စောင်း လှည့်ထိုးကာထွက်သွားသည်။ မင်းဆက် ပျာယာခတ်သွားသည်။ လူကြားထဲတိုးဝေ့ရင်း နင်းကန်ရှာရသည်။
မတတ်နိုင်တော့သည့် အဆုံး .......
" ကဗျာ "
" .......... "
" ကဗျာ ရွှေကဗျာ ...... "
" ကဗျာကျန်ခဲ့ပြီဟ ...... "
လူတေါက မင်းဆက်ကို အူကြောင်ကြောင် လှည့်ကြည့်ကြသည်။ မင်းဆက်သွားရာလမ်းကြောင်းက စွပ်ကြောင်းကြီးပင် ဖြစ်နေသည်။
" ကဗျာ နင်ဘယ်မှာလဲဟ ..... "
" နင့်အသံဖြကြီးကို ပိတ်ထားလိုက် ငါ ဒီမှာ ..... "
အထည်ဆိုင်တစ်ဆိုင်ရှေ့ မှ ထွက်လာသည်။ မျက်နှာက စူပုတ်လျက် .......
မင်းဆက်က အလျင်အမြန် သူ့ဘေးကို ပြေးကပ်ပြီး ....
" ငါကအစကတည်းက နင့်ကို ပြောသားပဲ ...... "
" တော်ပြီ ... တော်ပြီ အပြင်ပြန်ထွက်မယ် "
ကမန်းကတန်း သူနောက်ပြေးလိုက်ရလေသည်။
"ဒီတစ်ခါဘယ်သွားမှာလည်း ...... "
" မြကျွန်းသာ ..... "
သူမက ခပ်ပြတ်ပြတ်ပြန်ဖြေသည်။
" သြော် ... အေး .... အဲဒါဆိုရင်တော့ ရတယ် "
" ရမနေနဲ့ ... အဲဒီရောက်ရင် နင်သေပြီသာ အောက်မေ့ ..... "
ဘုရား ..... ဘုရား ..... ဘာများစးပါလိမ့် ....... ။
အငှားကားဖြင့် မြကျွန်းသာရောက်သွားကြသည်။ ဥယျာဉ်ထဲ မှာ ဟိုဟိုသည်သည် လျှောက်ကြည့်ကြပြီးနောက် သူမကပင် တစ်ဆိုင်ဆိုင်ထိုင်ရအောင် "ဟု ဆို၏ ။
" ထိုင်လေ .... ဗိုက်ဆာရောပေါ့ ...... "
ဆီချက်ခေါက်ဆွဲ တစ်ပွဲစီနှင့် ဖျော်ရည်တစ်ခွက်စီသောက်ပြီး ငြိမ်နေလိုက်ကြသည်။ စားသောက်ပြီးကြတော့မှ ရွှေကဗျာက ........
" နင့်ဆီမှာ စာရွက်ပါလား ........ "
" ပါတယ် ...... "
" ဘောပင်ကော ...... "
" ပါတယ် ..... "
" ငါ့ကို ခဏပေးစမ်း ..... "
သူခံရေးဖို့ စာအုပ်အောက်ခံတစ်အုပ်ကိုပ် ထုတ်ပေးလိုက်သည်။
သူစာငုံ့ရေးတာကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။ စာရေးတာက သိပ်မကြာလှပါ။လိုတိုရှင်းရေးလိုက်ပုံရပါသည်။ ပြီး ထိုစာကို သူ့ထံ ကမ်းပေးသည်။
" ရော့ ..... "
" ဘာလဲ ..... "
" နင့်ကို ငါကပေးတဲ့စာ ..... "
" အေးလေ ..... ဘာစာလဲလို့ ..... "
" ဖြတ်စာ ....... "
" ဟင် ဘာ ကိတ်စ ဖြတ်ရတာလဲ ..... "
" မချစ်ချင်တော့ ဘူး "
" အို ... မရဘူး နင့်ဖြတ်စာကို ငါလက်မခံဘူး .... "

www.burmeseclassic.com

www.burmeseclassic.com

" လက်မခံလို့ ရမလား .... "
" ရတယ် ...... "
" ယူမှာ .းသွားစမ်းပါဟာ ၊ ငါ လက်ရေးလှလှလေးနဲ့ ရေးထားတယ် .... "
" အိုမယူပါဘူးဆို ...... "
" နင် ငါ့စကား နားမထောင်ဘူးလား .... "
" ဒီစကားကိုတော့ နားမထောင်ဘူး ...... "
" နင် ... ပြောရ တော်တော်ကြပ်ပါလား ..... "
" ကြပ်ကြပ်ပဲ ...... "
" ကဲ ...... "
သူမက စိတ်မရှည်သလို ထိုင်ရာမှ ထလိုက်သည်။ တစ်ဆက်တည်း
" ကဲ ... ရော့ .... ယူ .... ယူ ...... "
ထိုစာခေါက်ကို သူ့ အင်္ကျီအိတ်ထဲ အတင်းထည့်ပေးရန်ဖြစ်သည်။
မင်းဆက် ရင်ဖို သွားသည်။
" ဟာ .... ဟာ ...... အဲဒီလိုမလုပ်နဲ့ .... "
ရင်ဘတ် အိပ်ကပ်ကို လက်နှင့် ဖိရင်း ထိုင်ရာမှ ဒရောသောပါး ထရပ်လိုက်ရ၏ ။ သူက စာကို ကမ်းပေးသည်။
" ရော့ ..... ယူလေ ...... "
" မဖြုတ်နိုင်ပါဘူး ၊ ဒီနေ့ မှ ရည်းစား ... စဖြစ်တာ ..... "
" ဩော် ... နင်က ရည်းစားညဖစ်တာ တစ်ပတ်လောက်ကြာရင်တော့ ဖြုတ်ပေးမယ်ပေါ့ ဟုတ်လား ...... "
" အဲဒီလိုလည်း မဟုတ်ပါဘူး .... "
" ဟာ .... ရှုပ်တယ်ဟာ ..... ရော့ .. ရော့ ... အခုပဲ ယူလိုက် ..... "
" ဟာ ...... "
မင်းဆက်က သူမနှင့် ထပ်ကြပ်မကွာရပ်လိုက်သည်။ သူမက လိုက်ကပ်သည်။ မင်းဆက်က နေရာရွှေ့ရပြန်သည်။ သူမက ထပ်လိုက်
သူမတို့ နှစ်ယောက် တိုင်ကူးတမ်း ကစားနေရသလို ဖြစ်နေသည်။ အခြားသိုင်းမှ ကျန်ရစ်ခဲ့သူများက သူတို့နှစ်ယောက်ကို ကြည့်ပြီး ရယ်ရခက် ငိုရခက်ဖြစ်နေကြသည်။
ရွှေကဗျာက ......
" နင် ငါ့ကို အရှက်ကွဲအောင် မလုပ်နဲ့နော် ..... "
" ငါ ဘာမှ မလုပ်ဘူး ...... "
" မလုပ်ရင် ဒီစာကို ယူလိုက်ပါလား ........ "
ထို အခိုက်မှာပဲ
" အစ်မ ... မစ်မ စားထားသောက်ထားတာတွေ ရှင်းသွားဦးလေ .... "
စားပွဲထိုးကောင်လေးက အသံနှင့်အတူ ရှေ့သို့ ရောက်လာသည်။
သူမက ဆောင့်ကြီးအောင့်ကြီးနှင့် ငွေထုတ်ရှင်းသည်။ မင်းဆက် မသိချင်ယောင်ဆောင်ကာ ယောင်လည်လည်လုပ်နေလိုက်သည်။ ငွေထုတ်ရှင်းရင်း သူ့စာရွက်က အောက်ပြုတ်ကျသည်။
ပြန်မကောက်တော့ဘဲ သူမက ထိုစာကို ဖနောင့် နှင့်ပေါက်၏
မင်းဆက်ကလည်း အပြေးအလွှားသွားကာ ဖနောင့် နှင့် ကူပေါက်ပေးလိုက်သည်။ ပြီးမှ ဘာမှ မဖြစ်သလို ရွှေကဗျာကို ........
" သွားစို့ ......... "



www.burmeseclassic.com

မျက်စိတစ်ဖက်လပ်နေသော အဘိုးအိုတစ်ယောက်ကို ရွှေကဗျာက မုန့်လုံးကြီးကြော်ကျွေးပြီး
အင်တာဗျူးလုပ်နေသည်။
“ ဘကြီး ”
“ ဘာရဲ ”
အဘိုးကြီးက အသက်ကြီးလှပြီ။ စကားပင် မပီတော့ ။
“ ဘကြီး ရဲ့ မျက်စိ က ဘာကြောင့် တစ်ဖက်လပ်နေရတာလဲ ”
အဘိုးကြီးကသိပ်ဖြေခြင်ပုံ မပေါ်။ အင်တင်တင်လေသံနှင့် ......
“ ငယ်ငယ်က တုတ်နဲ့ ထိုးမိတာ ...... ”
“ အိုး ကျွတ် ... ကျွတ် ..... ငယ်ငယ် တုန်းကဆိုတော့ ဘယ်အရွယ်ကလဲ ...... ”
“ လေးနှစ် ..... ”
“ ဟာလေဘားနှစ်ဆို ဘာမှ သိဦးမယ့် အရွယ် မဟုတ်ဘူး ..... ခု ဘယ်နှစ် နှစ်လဲ ... ”
“ ကိုးဆယ် ....... ”
“ အားပါးပါး ....”
မင်းဆက်က စိတ်မရှည်တော့ ..... ။
“ ကဲ ... ကဗျာ မင်း ဘာကို သိချင်တာလဲ .... ”
ထိုအခါကျမှ .....
“ ဒီလို ဘကြီးရဲ့ .... ဘကြီးက ဘယ်ဘက် မျက်လုံးက ကန်းနေတော့ ကျွန်မကို ကြည့်ရင် ညာဘက်ခြမ်းကိုပဲ
မြင်ရ မှာပေါ့ ”
“ တစ်ကိုယ်လုံး မြင်ရတယ် ....”
“ ဘာဖြစ်လို့လဲ ..... ”
“ သိဘူး ... ”
အဘိုးကြီး စိတ်တိုလာပုံရသည် ။ သူ့လက်ထဲ မှစားလက်စ မုန့်လုံးကြီးကြော်ကို ရွှေကဗျာ ဆီ
ပြန်ထိုးပေးသည်။
“ မသိတော့ဘူး ။ မဖြေချင်တော့ဘူး ... နင့်မုန့် ပြန်ယူသွားတော့ ..... ”
“ မဟုတ်ဖူးလေ အဘရဲ့ .... ဒီလိုပါ ... အဘ မျက်ရည် ကျတော့ ကန်းတဲ့ ဘက်ကပါ လိုက်ကျသလား
ဆိုတာ ..... ”
“ သွား ..... ”
အဘိုကြီး က စားလက်စ မုန့်နှင့် ပိတ်ပေါက် သဖြင့် ရွှေကဗျာတင် မက မင်းဆက်ပါ အလူးအလဲ
ရှောင်လိုက်ရသည်။အဘိုးကြီး နှင့် ဝေရာကိုရောက်မှ မင်းဆက်က ......
“ နင်ဘာတွေ လျှောက်လုပ်တာလဲ ဟာ ...... ”
“ ဗဟုသုတပေါ့ ဟဲ့ ..... ”
“ နင့် ဗဟုသုတ ကလဲ .... ”
“ ငါက ဂျာနယ်လစ် လုပ်ချင်တာ ......”
ပြီး မှ ခပ်ညည်းညည်းလေသံဖြင့် ဆက်ပြောသည်။
“ မအောင်မြင်သေးခင်တော့ ဒီလိုပေါ့ဟာ ...... ”
လာ လာချေသေး .......
“ ကဲ ... နင့် အိမ်ရောက်ဦး မှာလား ...... ”
“ ငါ့ အိမ် မဟုတ်ပါဘူး ..... ကလျာ အိမ်ပါ ....... ”
ရွှေကဗာက ကလျာတို့ အိမ်သွားချင်သည် ဆိုသဖြင့် မင်းဆက်က လိုက်ပို့ ခြင်းဖြစ်သည်။ လမ်းမှာ
မျက်စိတစ်ဖက်လပ်နေသော တေလေ အဘိုးအိုကြီး ကို သူမက မုန့်လုံးကြီးကြော်တစ်လုံးဝယ်ကျွေးကာ
အင်တာဗျူးနေခြင်း ဖြစ်၏။ အားလုံးသိကြပြီးသည့် အတိုင်အောင်မြင်ခြင်းလည်း မရှိချေ။
ကလျာတို့ အိမ်ရောက်တော့ နှစသ်ယောက်သား လက်ဖက်သုတ်တစ်ပန်းကန် အလယ်ထားပြီး စကားတွေ
ရွှန်းရွှန်းဝေအောင် ပြောကြသည်။ကြာတော့လည်း နားဘေးမှ မင်းဆက်က ပျင်းလာလေသည်။

www.burmeseclassic.com

သင်္ကေတန်းမှာလည်း အချိန်တိုင်းလိုလို တွေ့နေကြသူချင်း ခုမှတွေ့ရသလို
စကားတွေပြောနိုင်လွန်းသောကြောင့် ဖြစ်သည်။
ကလျာဦး က ကဗျာကိုပြောသည်။
“ ငါ နင့်ကို ရှက်စရာ တစ်ခုပြောရဦးမယ် သိလား ...... ”
“ ဘာလဲ .... ”
“ အိမ်မက်ထဲ မှာ ငါနဲ့ ကိုမိုးကြည်နဲ့က ကိန္နရာမောင်နှံတွေ ဖြစ်နေကြတယ် သိလား ..... ”
“ ဟုတ်လား ..... ”
“ ဟုတ်တယ် ..... ဟုတ်တယ် .....”
မင်းဆက်ကဝင်ဖျက်တော့သည်( ကိုမိုးကြည် ဆိုတာက ကလျာဦး၏ တရားဝင်ရည်းစား )ကလျာဦး
ကြောင်မအံ့မအံ့ ဖြစ်အသွား မင်းဆက်က
ဆက်၍ .....................
“ ကိုမိုးကြည်ကတောင် လက်ဖက်ရည်ဆိုင်ခေါ်သွားသေးတယ် လေ .... လက်ဖက်ရည်ခွက်များ
သူ့နှုတ်သီးကြီးနဲ့ သောက်လိုက်တာ ရှူးခနဲ တစ်ချက်ပဲ ၊ ပြီး သူ့အမြီးကြီးနဲ့ သူ့ပ်ခပ်လို့
အဆင်ကိုပြေနေတာပဲ ..... ”
“ နင်နော် ...... ”
“ ငါနဲ့ စကားပြောကောင်းနေတုန်း နင်ရောက်လာတယ်လေ ....နောက်မှာလည်း ဘုစုခရုတွေ တစ်ပြုံကြီးနဲ့
....... ”
“ ဘာ ....... ဘာပြောတယ် ...... ”
“ ဖြစ်တတ်ပါတယ်ဟာ ..... နင်တို့က ကိန္နရီ ကိန္နရာပေါင်းသင်းလာတဲ့ နှစ်ကိုပဲ တွက်ကြည့်ဦး ၊
သားတော်သမီးတွေ ဘယ်လောက်ထိ ပွားစည်မလဲ ဆိုတာ ..... ”
“ တော် .... တော် ..... နင်ဘာမှ မပြောနဲ့ ၊ နင်နဲ့ စကားမပြောတော့ဘူး ”
“ အဲဒီတုန်းကလည်း နင် ကိုမိုးကြည် ကို စိတ်ကောက်နေသေးတယ် လေ၊ နှုတ်သီးကြီးက
ကောက်ပြီးသားဆိုတော့ နှုတ်ခမ်းစူလို့ မရဖြစ်နေတယ် ”
ကဗျာက တသောသောရယ်သည်။ ကလျာဦးက အောင့်သက်သက်ဖြစ်နေ၏။ မင်းဆက်က
မျက်နှာသေလေးနှင့် ဆိုသည်။
“ ကဲ ... ကဲ .... ငါဝင်မပြောတော့ ပါဘူး ၊ နင့်ဘာသာနင် ဆက်ပြော၊ ဘာလဲ .... နင်တို့ ကိန္နရာဖိုမ
တွေကြတော့ ဇာတ်ထဲကလို မပြောမဆိုကကြတော့တာပဲလား ....... ”
“ နင် ....... ”
ကလျာက ပြောရမည့်စကားပင် နင်နေသည်။
“ ပြောကြ ပြောကြ ... ငါ သတင်းစာ သွားဖတ်လိုက်ဦးမယ် ”
အနိုင်နှင့်ပိုင်းကာ ခပ်တည်တည် သတင်းစာဖတ်နေလိုက်သည်။ သတင်းစာဖတ်နေရင်းမှ တစ်ဖန် ကိန္နရီ
ကိန္နရာဖိုမစုံတွဲနှင့် သူတို့၏ ဗုစုခရုများကို မျက်စိထဲ မှ မြင်ယောင်ကာ ရယ်ချင်နေမိသည်။
ရယ်သံထွက်သွားမိ၏ ။
“ ခွီး ...... ”
သူမတို့ နှစ်ယောက်ဝိုင်းအော်ကြသည်။ သံပြိုင်ပင် ။
“ ဘယ်လိုဖြစ်နေတာလဲ ...... ”
“ ဟို .... ဘယ်လို မှ မဖြစ်ပါဘူး .... ကလျာကို အဆောင်တစ်ခုပေးစရာ ရှိလို့ပါ ..... ”
“ အဆောင် ..... ”
“ အေးလေ ..... အဆောင်လက်ဖွဲ့ပေါ့ ..... ”
“ ဘယ်မှာလဲ ....... ”
အိတ်ထဲမှ လက်ဆွဲနှုတ်ဆက်ဟန် ကီးချိန်းလေးကို ထုတ်ပေးလိုက်သည်။ ကလျာက ကီးချိန်းလေးကို
ထုတ်ပေးလိုက်သည်။ကလျာက ကီးချိန်းလေးကို သေသေချာချာကြည့်ပြီး ..
“ ဘာကောင်းတာလဲ ...... ”

www.burmeseclassic.com

“ မိတ်ဆွေကောင်းတွေ ပေါ်များမယ်တဲ့ ”
“ အင်းမဆိုးပါဘူး ...... ”
ကဗျာက သူ့ကို မျက်စောင်းထိုး၏။
မင်းဆက်က ......
“ ဘာလဲ ..... ”
“ ငါ့ကျတော့ ဘာမှ မပေးဘူး ..... ”
“ ပေးမှာပေါ့ဟ ရော့ ဒီမှာ ..... ”
မင်းဆက်က လှမ်းပေးလိုက်သည်က အသည်းနှလုံးပုံ ကီးချိန်းလေး
ကို ကဗျာက လှမ်းယူပြီး ရယ်ကျဲကျဲနှင့် မေးသည်။
“ ဒါကကော ဘာကောင်းတာလဲ .... ”
“ ချစ်သောသူနဲ့ ပေါင်းရမည်ပေါ့ဟာ ..... ”
“ဟွန်း ... ”
“ ဒါ့ထက်ကောင်းတာ ဘာရှိတော့ လဲ ..... ”
“ ဟုတ်ပါပြီ .... ဟုတ်ပါပြီ ...... ထားပါတော့ ... ဒါထက် နင် ဒါတွေ ကို အယုံအကြည်ရှိလား ....... ”
“ ဒါတွေကို အယုံအကြည်ရှိလို့တော့ မဟုတ်ဖူးဟဲ့ ၊ ဒါပေမယ့် မမြင်ရတဲ့ လှိုင်းတွေ ကို
သတိထားရတယ် ”
နောက်တော့ ကဗျာနှင့် ကျလျာတို့ စကားထွေတလာဆက်ပြောကြသည်။ မင်းဆက်ကလည်း
အနှောင့်အယှက်မပေးတော့။သတင်းစာထဲမှာ နာရေးကြော်ငြာများကိုသာ သဲကြီးမဲကြီး ဖတ်နေလိုက်သည်။
အပြန်လမ်းကျတော့ မင်းဆက်က ကဗျာလက်ကလေးကို ကိုင်ပြီး လမ်းလျှောက်လာသည်။ကဗျာကလည်း
မရုန်း။မင်းဆက်က ကြည်နူးနေမိသည်။
“ ကဗျာ ..... ”
“ ဟင် ..... ”
“ ပျော်လား ...... ”
“ ကလျာအိမ်ကို က ဒီလိုပဲ လာနေကျပဲ၊ ထူးခြားပြီးပျော်တယ်ရယ်လို့ မရှိပါဘူး ........ ”
“ အခု ငါပါလာလို့လေ ..... ”
“ အို .... ရှုပ်တောင်ရှုပ်သေးတယ် ..... ”
လက်ထဲမှ သူမ၏လက်ချောင်းကလေးများကို ဖျစ်ညစ်လိုက်တော့ .. သူမက ရယ်သည်။ မင်းဆက်ကလည်း
လိုက်ရယ်မိသည်။ နှစ်ယောက်သား ကြည်နူးရွှင်ပျ .......
လမ်းမှာ ကဗျာက ........
“ မင်းဆက် ”
“ ဟင် ...... ”
“ ဟိုမှာတွေ့လား ........ ”
“ ဘာကိုပြောတာလဲ ...... ”
“ အိုးပုတ်တွေ ........ ”
လမ်းဘေးနေရိပ်မှာ အိုးသည်တစ်သည် ဘရှိနေသည်။ မြေအိုးများကို အထမ်းများဖြင့်
လိုက်ရောင်းနေခြင်းဖြစ်သည်။ယခုတော့ သစ်ပင်ရိပ်အောက်မှာ အထမ်းကိုချထားပြီး နားနေသည်။
“ အင်း ... အိုးပုတ်ကလေးတွေလည်း ပါတယ် ဘာဖြစ်လို့လဲ ...... ”
“ လာ ... သွားကြည့်ရအောင် ”
သွားကြည့်မည်ဆိုတော့လည်း သွားကြည့်ရုံပေါ့ ။
အိုးသည်က အာဝဇ္ဇန်းမရှင် ။ ဘယ်အိုးလိုချင်လည်း ဘယ်ဟာကြိုက်လည်း စတာမျိုး ဘာမှ မပြော။
ဤအတိုင်းငြိမ်နေသည်။ရွှေကဗျာ ၏ အသံလေးပဲ စာစာ စာစာ ထွက်ပေါ်နေသည်။
“ ဒီအိုးပုတ်လေး လှတယ်ဟ ..... ”
“ ဟာ ဒီအိုးပုတ်လေးကလည်း ချစ်စရာပဲ ......”

www.burmeseclassic.com

www.burmeseclassic.com

မင်းဆက်ကို လှမ်းတိုင်တည်သေးသည်။
“ မင်းဆက် ..... ”
“ ဟင် ...... ”
“ ဒီ အိုးပုတ်လေးကို ကြည့်စမ်း ....... ”
“ အင်း ..... လှပါတယ် ....”
“ ဒီ အိုးပုတ်ကကော ..... ”
“ သူလည်း လှတာပဲ ...... ”
“ နှစ်ခုယှဉ်ရင် ဘယ်ဘက်ကကောင်လေးက ပိုလှလဲ ..... ”
“ ဒီဘက်ကကောင်လေးက ချစ်စရာကောင်းတယ် ...... ”
“ အေးပြီးရော ... ဒါပဲ ဝယ်လိုက်တော့မယ် ..... ”
“ အဲကဒီအိုးပုတ်လေးတစ်လုံးနဲ့ နင်ဘယ်လို ဆော့ မှာလဲ ..... ”
“ ငါဆော့ဖို့ မဟုတ်ဖူး နင့်ကို လက်ဆောင်ပေး မလို့ .... ”
“ ဟောဗျ ..... ငါကကော ဘယ်လိုဆော့ ရ မှာလည်း ..... ”
“ အမှတ်တရ သိမ်းထားပေါ့ ....... ”
“ ကဲ ..... ကောင်းပါပြီခင်ဗျ ...... ”
နှစ်ယောက်သား အိုးပုတ်လေး တစ်လုံးနှင့် ပျော်ရွှင်စွာ ပြန်ထွက်လာကြသည်။ သူတို့ ကားငှားပြီး အိမ်ပြန်ကြချိန်မှာပဲ နေလင်းပိုင်က လှုပ်ရှားတော့၏။ မလှမ်းမကမ်းတွင် ရပ်ထားသော သူ့ကားကို စက်နှိုးပြီး ထို အငှားကားနောက်မှ လိုက်တော့သည်။ ထို TAXI ကားကို သူ့ပရာဒို ကားကြီးဖြင့် အချိန်မရွေးကျော်တက် ရပါသည်။ သို့သော် ပုံမှန်သာနောက်မှ လိုက်နေလိုက်သည်။ ရှေ့မှ ကားက ဒဂုံမြို့သစ် တော်ဝင်အိမ်ရာတွင် ချိုးကွေ့သွားသည်။
အားပါး .... တော်တော်စည်ကားတဲ့ အရပ်ပါလား။မျက်ခြည်မပြတ်အောင်မနည်းစောင့် ကြည့်နေရသည်။မြေညီထပ်တစ်ထပ်ရှေ့တွင်ရပ်သည်။
ကောင်မလေး၏ အိမ်ပဲဖြစ်ရမည်။ ငတိက အိမ်ထဲမဝင် နှုတ်ဆက်ပြီး Taxi နှင့်ပြန်ဆက်လိုက်သွားသည်။ နေလင်းပိုင်ကားထဲမှာတံခါးဖွင့်ပြီး ထိုင်နေလိုက်၏။ စီးကရက်တစ်လိပ်ဖွာရင်း ထိုအိမ်ကို မသိမသာ အကဲခတ်ကြည့်နေလိုက်သည်။
သူ့အထင်လည်းသေချာသွားပါသည်။ အတော်လေးကြာတော့ ကောင်မလေးပြန်ထွက်လာသည်။ ရေမိုးချိုး အဝတ်အစားလဲလာပုံရသည်။ အိပ်နေရင်း အဝတ်အစားလေးနှင့် သနပ်ခါးဘဲကြားရိုက်ပြီးထွက်လာသည်။ လက်ထဲမှာစာအုပ် နှစ်အုပ်ကို ကိုင်လာပြီး ဘယ်သူ့ကိုမှ မကြည့်ပဲ ရဲရဲရင့်ရင့်။
စာအုပ် အငှားဆိုင်တစ်ဆိုင်ရောက်သွားသည်။ စာအုပ်အပ်သည်။ ပြန်ငှားဦးမည်ထင်သည်။ စာအုပ်ရွေးနေသည်။
နေလင်းပိုင်က ဆိုင်ထဲဝင်လိုက်သွားသည်။ ဆိုင်ရှင်လူငယ်ကို .......
“ ဟိုလေ ... ငှားနေကျမဟုတ်ဘူး ၊ ခုစပေါ်ပေးပြီး ငှားချင်လို့ ..... ”
ဆိုင်ရှင်လူငယ်က သူ့ကိုအကဲခတ်သလိုကြည့်ပြီး .....
“ ရပါတယ် ..... ဘယ်နားမှာ နေတာလဲ ......... ”
“ တိုက် ၂၂ ကပါ ”
သူငယ်ချင်း အာကာစိုး၏ တိုက်ခန်းကိုပြောပြလိုက်သည်။
“ ရပါတယ် ငှားပါ ...... ”
ကောင်မလေးက သူရွေးထားသော စာအုပ်ကို ကောင်တာစားပွဲပေါ်တင်ပြီး ......
“ ဒီစာအုပ်ယူသွားမယ် ”
အို ချိုသာလိုက်သည့် အသံလေး ။ ငှားသည့်စာအုပ်က မြိုင်ရာဇာ တွတ်ပီကာတွန်း ။ ဆိုင်ရှင်လူငယ်က စာရင်းအမှတ် နေလင်းပိုင်ကလည်း အတင်းကပ်ကြည့်သည်။
ငှားရမ်းသူအမည်က ရွှေကဗျာတဲ့ ။ ဘာမှ မဟုတ်ပဲ ရင်တွေခုန်သွားသည်။ နီးရာစာအုပ်တစ်အုပ်ကို ဆွဲယူငှားပြီး ရွှေကဗျာနောက် သို့လိုက်သွားသည်။နောက်မှကပ်ကျော်ပြီး ကားဆီသွားသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com

အာကာစိုး၏ တိုက်ခန်းသို့မောင်းထွက်ခဲ့သည်။
အာကာစိုးနှင့် တန်းတိုးသည်။
“ ကျားသားမိုးကြိုး .... မင်း နေလင်းပိုင် ဟုတ်ပါတယ်နော် ..... ”
“ အေး ... မင်းအိမ်ကို ပရာဒိုစီးပြီး ဆင်းလာတာ ...... ”
အိမ်ထဲမှာနေသားတကျထိုင်ပြီးမှ နေလင်းပိုင်က ........
“ ကောင်မလေးတစ်ရောက်နောက်လိုက်ရင်း ဒီကိုရောက်လာတာ ..... ”
ထိုသို့ အစချီကာ သူ့ဖြစ်ရပ်ကိုပြောပြသည်။ သူ့စကားဆုံးတော့ အာကာစိုး မဲ့ပြုံးပြုံး၏။
“ မင်းရည်းစားတွေ ဘယ်ရောက်ကုန်လဲ ......... ”
“ တိုးတိုးပြောကွ ဒါမျိုးက ငရဲကြီးတတ်တယ် ..... ”
“ မင်းနဲ့တွဲနေတဲ့ ကောင်မလေး ဟို ......... ”
“ အို ...... မပြောနဲ့ ပြတ်သွားပြီ ......... ”
“ ဘယ်တုန်းက ပြတ်သွားတာလည်း ...... ”
“ မနေ့က .... ”
“ မင်းတော်တော် ခံစားလိုက်ရမှာပဲနော် .... ”
“ ဟီး ... ဟီး ..... ဟီး ......... ”
အာကာစိုးကလည်း စိတ်ပျက်လက်ပျက် လိုက်လံရယ်မောမိသည်။ နေလင်းပိုင်က ကျိုကျိုတက်မတက်မသိသော်လည်း အတော်ချမ်းသာသည့် သူဌေးသားဖြစ်၏။ ရုပ်လည်းချောသည်။အပြောလည်းကောင်းသည်။သွက်လက်ရဲရင့်ပြီး ဉာဏ်ပြေးသည်။ ဘာကိုမှလည်းအကြောက်အလန့် မရှိလှချေ။
ရည်းစားအတော်များသည်။ နှစ်ယောက်သုံးယောက်ကိုပင် တစ်ပြိုင်တည်းထားသေး၏။ ပေါင်းသင်းဆက်ဆံရေးကောင်းသဖြင့် မည်သူကမှ သူ့ကို အပြစ်မဆိုကြ။
“ ခုတွေ့တဲ့ကောင်မလေးက အနှိပ်စားလေးကွ .... ”
“ မနှိပ်တာကော မင်းကတွဲဖူးလို့လား ...... ”
“ ခုဟာလေးက ပိုနှိပ်တယ်ကွ ၊ မျက်လုံးကို ရွှန်းလဲ့ပြီး ညို့ဓာတ်အပြည့်ပဲ ..... ”
“ မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်ကကော ....... ”
“ လှမှလှ ........ ”
“ မင်းက ပြောတာ ဆိုတော့လည်း ယုံချင်လာပြီ ........ ”
“ ပညာကုန်သုံးပြီး ကြိုးစားပိုးပမ်းရမှာပေါ့ ...... ”
“ မင်းဆိုရင်တော့ ကောင်မလေးက ပြန်ကြိုက်မှာပါ ...... ”
“ လွယ်တော့မလွယ်ဘူး ... ခုလည်း ကောင်မလေး ဘေးနားမှာဘဲ တစ်ပွေ့ရှိတယ် ...... ”
“ ဟေ ...... သူ့ရည်းစားများလား ......... ”
“ ထင်ရတာပဲ ....... ”
“ သိပ်ကိစ္စမရှိပါဘူး ... ကြည့်ရတာ မအူမလည်နဲ့ .....ဘေးကိုဆွဲရွှေ့လို့ရမှာပါ ..... ”
အာကာစိုး တစ်ချက်ပြုံးရင်း .......
“ ကိုမိုးကျော်ကြီး အိုးပုတ်အထမ်းကြီးကော ....... ”
“ သူ့ဘာသာပြန်ရောက်လာတော့ သူဘာသာထမ်းပြီး လိုရာဆက်သွားမှာပေါ့ .... ”
ပြောပြီး နှစ်ယောက်သားရယ် ဖြစ်ကြသည်။ အာကာစိုးက ......
“ ကိုကြီးမိုးက ဒေါသကြီးတယ်နော် ...... မင်း .... ”
“ ရပါတယ် ..... သူကြိုက်တာလေး တစ်ပိုင်းလောက် ဝယ်တိုက်လိုက်ရုံပေါ့ .... ”
“ ငါကို ချန်ထားခဲ့လို့ ဘယ်ရမလဲကွ ...... ”
“ အေးပါကွာ ... ဘယ်သူက ချန်မယ်ပြောလို့တုန်း ...... ”
“ အေး ... အဲဒါဆို ငါလည်းကိုကြီးမိုးကို ကူပြောပေးမယ် ..... ”
“ အေး ...... ကောင်းတယ် ........ ”

www.burmeseclassic.com

" နေဦး ..... ကိုမိုးကြီးက အဲဒီနေရာကနေ ဘယ်တွေလျှောက်သွားဦးမှာတဲ့လည်း ..... "
" ပြန်မယ် ပြောတယ် ...... "
" ဒါဆို တို့က ဆိုင်ကို သူ့အရင်ရောက်နေရင်ကောင်းမယ် ...... "
" ဘာဖြစ်လို့လည်း ...... "
" သူ အံ့သြ ဝမ်းသာသွားအောင်ပေါ့ကွာ ....... "
" ဒါဖြင့်ရင်လည်း သွားရအောင် ... နေတောင် စောင်းနေပြီ ....... "
အာကာစိုး အဝတ်အစားလဲနေတုန်း နေလင်းပိုင်က တွေးတွေးဆဆပြောသည်။
" ကိုမိုးကြီး နောက်ဆို ငါ့ကိုမြင်ရင် ရပ်ပေးတော့မှာ မဟုတ်ဖူး "
" သေချာတာပေါ့ ....... "
ရယ်ကြရပြန်သည်။
ကိုမိုးကြီးဟု သူတို့ခေါ်ဝေါ်သောကိုမိုးကြီးက အထမ်းဖြင့် အိုးလှည့်ရောင်းသူဖြစ်သည်။
သူတို့တေါဘုံဆိုင်မှာခေါ်ကြဖြစ်သည်။ ဆင်းရဲနွမ်းပါးသော်လည်း စကားပြောကောင်းသောကို မိုးကြီးကို နေလင်းပိုင် နှင့် အာကာစိုးတို့က ခင်ကြသည်။ ဒက္ခလည်းပေးသည်။
ခုလည်း နေလင်းပိုင်က အိမ်အတွက် လျှပ်စစ်ပစ္စည်းများဝယ်ပြီး ပြန်အလာ ကိုမိုးကြီးက အထမ်းကြီးနှင့် အလှည့် လမ်းမှာဆုံပြီး သစ်ရိပ်အောက်မှာ စကားထိုင်ပြောနေကြခြင်းဖြစ်သည်။ ထိုသို့စကားပြောနေစဉ် ကိုမိုးကြီးက ဝမ်းသွားချင်သည်ဟုဆိုပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်နောက်ဝင်သွားသည်။
ထိုသို့ နေလင်းပိုင်တစ်ယောက်တည်း အိုးထမ်းကြီးနှင့် ကျန်ခဲ့ချိန်မှာ မင်းဆက်နှင့် ကဗျာတို့ ရောက်လာကြခြင်းဖြစ်သည်။
နေလင်းပိုင် နှင့်အာကာစိုးတို့ ရောက်သွားချိန်မှာ ဘုံဆိုင်ကလူစည်စပြုနေပြီ။ကိုမိုးကြီးက မရောက်သေး။ နေလင်းပိုင်က .....
" ဝီစကီတစ်ပြား ရေခဲတစ်ပွဲ ရေသန့်တစ်ဘူး ကြက်သားသုတ် တစ်ပွဲ .... "
မှာထားတာတွေရောက်လာတော့ ကိုမိုးလည်းရောက်လာသည်။နေလင်းပိုင်ကို မြင်မြင်ခြင်း .......
" ခွေးကောင်လေး မင်းဘယ်လိုလုပ်သွားတာလဲ ...... "
" ကိုမိုးကြီး ထွက်ခါနီးကျမှ ကျွန်တော်လည်းထွက်လာတာပါဗျာ .... "
" အိုးတွေသူများနောက်ပါကုန်ရင်ဘယ့်နှယ်လုပ်မလဲ ...... "
" ကျွန်တော်လည်း ကဗျာလေး သူများနောက်ပါသွားမှာစိုးလို့ပါ ကိုကြီးမိုးရာ ... "
" ဘာ ..... ဘာလေး ....... "
" ကဗျာလေး ...... "
" ဘယ်ကကဗျာလဲ ......."
ကိုကြီးမိုး အမေးကို နေလင်းပိုင်က စေ့စေ့ပြန်ဖြေရပြန်သည်။ ကိုကြီးမိုးကလည်း နဖူးကြောရှုံ့လျက် .......
" မင်း ... ဟိုကောင်မလေးကကော ....... "
" အဟီး ..... မနေ့ကပဲ ပြတ်သွားပြီ ..... "
" ငါ့ကို လုပ်ပါဦး ...... "
" ဗျာ ...... "
" ငါ့ခွက်ထဲကို အရက်ထည့်ပါဦးလို့ပြောတာ ..... "
" အဲဒါ ဒီကောင်က ကျွန်တော်တို့ နှစ်ယောက်ကို တိုင်ပင်နေတာ ကိုကြီးရဲ့ ... ကြက်ဥမွှေကြော် တစ်ပွဲလောက် ထပ်မှာရင်ကောင်းမယ်နော် .... "
" ရေခဲလည်း မှာဦးကွာ ...... အရက်ကလည်းကုန်တော့မယ် ..... "
" ကိုကြီးမိုးပဲ ဖိသောက်နေပြီးတော့ ......"
" အိုးသည်ကွ အိုးသည် ပင်ပမ်းတယ်သောက်နိုင်တယ် ...... "
" သောက်စေဗျာ ....... "
ဘာရယ်မဟုတ်ပဲ ရယ်ဖြစ်ကြသည်။ ခုမှ မြင်ဖူးသော ရွှေကဗျာကို ငယ်ကျွမ်းဖော်တစ်ယောက်လို နေလင်းပိုင်က ပြော၏။ မပြောမိသော အချိန်များတွင်လည်း ရွှေကဗျာ့ အရိပ်က တဝဲဝဲ။ တစ်ကြိမ်မှာ ရွှေကဗျာနှင့် အဘူ

www.burmeseclassic.com

www.burmeseclassic.com

သူ့ငတိကပါ ပါလာသဖြင့်ါ့ ထိုငတိကို စိတ်ထဲမှာပင် ပုလင်းနှင့် ထခေါက်လိုက်သည်။
မှတ်ထား .....................
++++++++++++++++++++++++++++++++++++

(၇)

ဒီနေ့ကားစောင့်ရတာတော်တော်ကြာသည်။ ကဗျာ စိတ်မောနေမိသည်။ ကားလာလျှင်လည်း လိုက်မရသေးပါ။
မင်းဆက် မလာသေးသောကြောင့် ဖြစ်သည်။
ဒီကြားထဲ ဘဲတစ်ပွေက လာရစ်နေသေးသည်။
“ ကျွန်တော်နည်းနည်း စကားပြောလို့ ရမလား ... ကဗျာ ..... ”
ကဗျာကဘာမှ ပြန်မပြော ခပ်တည်တည်သာနေသည်။
“ ဂန္တဝင်ဇာတ်လမ်းလေးအကြောင်းပေါ့ ...... ”
လာကြောင်တော့မည်။ ကြောင်ပြီ ........ ။
“ အင်္ဂလန်နိုင်ငံက ဂျိမ်းမေဆင်ဆိုတဲ့ လူတစ်ယောက် အကြောင်းပါ ..... ”
“ .............. ”
“ သူ့မြို့က ကရိတ်ကင်ဖီးလ်တဲ့ .... အဲဒီမြို့မှာနေတဲ့ အမျိုးသမီးတစ်ယောက်ကို မြတ်မြတ်နိုးနိုး
ချစ်မိသတဲ့ဗျာ ...... လက်ထပ်ခွင့်တောင်းရှာတယ် ၊ အမျိုးသမီးက ဘယ်လိုတုံ့ပြန်တယ် အောက်မေ့လဲ .......
”

မင်းဆက်မလာသေးလျှင်လည်း ကားလာလျှင် တက်လိုက်သွားတော့မည်ဟု ရွှေကဗျာ
ဆုံးဖြတ်လိုက်သည်။
“ သစ်တစ်ပင် ဝါးတစ်ပင်အောက်မှာ တရားကျင့်ကြံနိုင်လို့ ရှိရင် သူ လက်ထပ်ခွင့်ပေးမယ်တဲ့ ..... အဲ ....
ဇာတ်လမ်းက အဲဒီမှာ စတာပဲဗျ .... ”
ပြီး သူဆက်မပြောပါ ။ သက်ပြင်းတစ်ချက်ချသည်။ ပြီးမှ ... တစ်ခါ ....
“ ကျန်တာကိုနောက်နေ့ မှဆက်ပြောမယ် ဗျာ ....... ”
ရွှေကဗျာ ဝမ်းသာသွားသည်။ မင်းဆက်ကိုတွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မင်းဆက်
အနားမရောက်ခင်မှာပဲ ထိုပုဂ္ဂိုလ်လှည့်ထွက်သွားသည်။
မင်းဆက်က .......
“ ကဗျာ သူက ဘယ်သူလည်း ...... ”
“ မသိဘူးလေ ...... ”
“ နင့်ကို လာကြောင်နေတာလား ....... ”
“ အင်း ..... ”
“ ဘာတွေ လာပြောနေတာလဲ ...... ”
ထိုပုဂ္ဂိုလ်ပြောသမျှကို ရွှေကဗျာက ပြန်ပြောပြလိုက်သည်။ မင်းဆက်က ....
“ အဲဒီဇာတ်လမ်းကို ငါသိသားပဲ ...... ”
“ ဟုတ်လား ..... ဒါဖြင့် ဘာဆက်ဖြစ်သွားလဲ ..... ”
“ အဟီး ... ငါက သိတော့သိတယ် မေ့နေတယ် ....... ”
“ ဖြေး ...... ”
ရွှေကဗျာက မင်းဆက်ကို မသိမသာ ဗိုက်ခေါက်လိမ်ဆွဲသည်။
“ အား .... ဟဲ့ .... ဘေးမှာလူတွေနဲ့ ...... ”
“ အောင်မာ အဲဒါ ငါကပြောရမယ့်စကား ...... ”
“ ဟင် ... သူကလည်း လိမ်ဆွဲသေးတယ် ...... ”
“ တော်ပြီ ....တော်ပြီ ..... ကားလာပြီ ....... ”
ချစ်သူတွေ ဖြစ်ပြီးနောက် မင်းဆက်က ရွှေကဗျာ့ကို မှတ်တိုင်မှာလာကြိုသည်။ အဆင်းမှတ်တိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com

ကြိုခြင်းမဟုတ် ရွှေကဗျာ အိမ်အထွက် ကားမှတ်တိုင်မှာ လာကြိုခြင်းဖြစ်သည်။စိတ်မချ လို့ဆိုပဲ ..... ။
သူတို့နှစ်ယောက် သမီးရည်းစားဘဝလေးက ငြိမ်းချမ်းသည်။ ကလေးသမီးရည်းစားလို
ဖြစ်နေသည်။စကားထိုင်ပြောနေကြသည်ကများသည်။
" ငါ့အိုးပုတ်လေးကို နင် ဘာလုပ်ထားလဲ ....... "
" စာကြည့် စားပွဲပေါ်မှာတင် အိုးထဲသဲဖြည့် ..... ပန်းကလေးတွေစိုက်ထားတယ် .."
" နင်သူများကို ပေးမပစ်ရဘူးနော် ..... "
" အိုး ... ဘာလို့ပေးရမှာလည်း ရာရာစစ ...... "
" ဟင်း ... ပေးလို့ကတော့ နင် ဒါပဲ ..... "
ပြောပြောဆိုဆို ကဗျာက ဗိုက်ခေါက်လိမ်ဆွဲသည်။ မင်းဆက် ထွန့်ထွန့်လူးသွား
ရင်း ........
" ဟ .... မပေးပါဘူးဆို ...... "
ဂွယ်ကြရသည်။ အရယ်အဆုံးမှာ ရွှေကဗျာက ......
" မင်းဆက် .... "
" ဟင် ............. "
" နင် ငယ်ငယ်က အရိုက်ခံရဘူးလား ....... "
" ခဏ ... ခဏပေါ့ .... "
" ဘာဖြစ်လို့လည်း ...... "
" မျောက်ဆုံးအောင် ဆော့လို့တဲ့ .... "
" နင့် အစ်မတွေကော ....... "
မင်းဆက်က တစ်ချက်စဉ်းစားရင်း .......
" ငါတို့ မိဘတွေက ရိုက်တာနက်တာ သိပ်မလုပ်ဘူးဟ ၊ ငယ်ငယ်ကတော့ အစ်မ(၁) အရိုက်ခံရဘူးတယ် ၊
ရိုက်ကို ရိုက်ဂွမယ့် အပြစ်မို့လို့ ...... "
" ဘာဖြစ်လို့လည်း ...... "
"လမ်းပေါ်က ဆိတ်ချေးတုံးလေးတွေကို ဘာသီးလေးတွေလည်းဆိုပြီး ကောက်စားလို့လေ ..... "
ကဗျာက တခစ်ခစ်ရယ်သည်။
" ရိုက်သင့်တယ် .... ဒါပေမယ့် သနားတော့ သနားတယ်ပါတယ် .... ခစ် ....ခစ် ... ခစ် ...... "
" အစ်မ (၂)က ရည်းစားဆီ စာပြန်လို့ ...... "
" ဩော် ... "
" မဩော်နဲ့ ... သူစာပြန်တာက အကောင်း ...... "
" ဘယ်လို အကောင်းလဲ ...... "
" ဒီအရွယ်မှာ ဒါတွေ စိတ်မကူးဖို့ ၊ ပညာကိုသာ ကြိုးစားသင်ယူဖို့ ၊ ပညာစုံတဲ့တစ်နေ့ ကျရင်ဦးစားပေး
စဉ်းစားပါမယ်တို့ ဘာတို့ပေါ့ .... "
" သူစာပြန်တာ အကောင်းပဲ ဟဲ့ ... ဘာကိစ္စရိုက်ရတာလဲ .... "
" ဟဲ့ ...... အဲဒီတုန်းကမှ သူကလေးတန်းရှိသေးတယ် ...... "
" ဟောတော် ......... "
ရွှေကဗျာက ခွက်ထိုးခွက်လန်ရယ်လေတော့သည်။ မဆီမဆိုင် မင်းဆက်ကလည်း ရက်ရယ်လိုက်ရယ်သည်။
ကဗျာက .......
" ပြောပါဦး အမ(၃) ကကော ......"
" သူကနေတတ်ထိုင်တတ်ဟ ၊ အရိုက်ခံရတယ်ဆိုတာ မရှိဘူး ၊ အဆူခံရတာလောက်ပဲ ........ "
" အခု နင် ငါနဲ့ကြိုက်နေတာကို သူတို့သိလား ...... "
" ငါပြောပြထားတယ် ....... "
" အဲဒီတော့ ဘာပြောကြလဲ ....... "
" အစ်မ(၁)ကပြောတယ် ရယ်သလိုမောသလိုနဲ့ ....... "

www.burmeseclassic.com

" ဘာပြောတာလဲ .... "
" 'ဒင်ဥယျာဉ်ထဲက ပန်းသီးကို စားပြီးပြီပေါ့ တဲ့ ........ "
" ဘာပြန်ပြောလိုက်လဲ ....... "
" ဟုတ်တယ် .... ပန်းသီးလို ၊ ဆိတ်ချေးတုံးမဟုတ်ဖူးလို့ ....... "
" ဟယ် ...... နင်ကလဲ ....... "
" အဲဒီလိုပြောလိုက်တော့ ငြိမ်သွားရောလား ........ "
" အစ်မ(၂) ကရော ....... "
" နင်က အရွယ်ရောက်လို့ အမြီးပေါက်ပြီပေါ့တဲ့ ........ "
" အဲဒီတော့ ........ "
" ဟုတ်တယ် ကျွန်တော် လေးတန်းအောင်ပြီးပြီလို့ ........ "
ရွှေကဗျာ ကိုယ်လေးသိမ့်သိမ့်ခါအောင် ရယ်သည်။
" နင့်ကို လိုက်မရိုက်ဘူးလား ........ "
" ခေါင်းအုံးနဲ့ ပိတ်ပေါက်တယ် ...... "
" အစ်မ(၃)ကရော ........ "
" သူကတော့ ဘာမှသိပ်မပြောဘူး၊ ပြုံးစိစိပဲ လုပ်နေတယ် ..... "
" အစ်မ(၃)က ချစ်ဖို့ ကောင်းတယ်ဆိုပဲ ...... "
" အင်း ... သဘောကောင်းတာပါ နားလည်ဖို့ လွယ်တယ် ..... "
" သူတို့တွေကတော့ ရည်းစားမထားဘူးလား ........ "
" အစ်မ(၁)က ရုက်လို့ ရည်းစားမထားဖြစ်ဖူး၊အရုက်ကြီးတယ်ပေါ့ ..... "
" အစ်မ(၂)ကကော .... "
" ထားတယ် ... ဒါပေမယ့် စာပေးစာယူချစ်သူခေတ်ကုန်သွားလို့ သူလည်း တန့်သွားတယ် ....... "
ရွှေကဗျာမှာ ရယ်လိုက်ရတာ ... ပြီးမှတစ်ခါ စိတ်ဝင်တစား .......
" အစ်မ (၃) ကောက ဟင် .... အစ်မ(၃)ကကော ...... "
" သူ့ကို ကြိုက်တဲ့သူတွေက အများကြီးပဲ၊ ဒါပေမယ့် သူက ဘယ်သူ့ကိုမှ ပြန်မကြိုက်ဘူး ...... "
" ဘာဖြစ်လို့လဲ ... "
" သိဘူးလေ ....... "
" နင်ကလည်း ....... "
" ဟာ ..... ဘယ်သိမှာလည်း ဟ ..... "
တစ်ဆက်တည်း ကိုယ်သိချင်တာကို ပြန်မေးရပြန်သည်။
" နင့်အမကကော ငါတို့ချစ်နေတာကို သိပြီးပြီလား ...... "
" သိပြီပေါ့ ....... "
" နင်ပြောလိုက်တာပဲလား ...... "
" တစ်ကျောင်းလုံးသိမှတော့ သူလည်းသိပြီပေါ့ ..... "
"သြော်အေး ... ဟုတ်သားပဲ ... နင့်ကိုချစ်ရတာ အော်ကြီးဟစ်ကျယ်နိုင်တယ် ... "
" ဘာအော်ကြီး ဟစ်ကျယ်နိုင်တာလည်း ........ "
" နင်ကတစ်ကျောင်းလုံးမှာ အလှဆုံးကို ၊ နင်နဲ့ကြိုက်ရတာ လူပြောများစရာများ ဖြစ်သွားတာကိုး ....... "
" ထားပါတော့ .... ထားပါတော့ ....... "
" ထားပါတယ် ..... ထားပါတယ် .......၊ဒါထက် သူ ဘာပြောသေးလဲ ..... "
" ဘာမှမပြောဘူး ... မသိလိုက်မသိဘာသာ နေတယ် ....... "
" ဒါမှ ငါ့မရီးဖြစ်တော့မှာပေါ့ ...... "
" အင် .... မရီးချင်ဦး ........ "
" လက်မပါနဲ့လေ ...... အား ..... "
သူတို့ ၏ချစ်သူသဘာဝလေးက ထိုသို့ ဖြစ်သည်။ အေးဆေးတည်ငြိမ်လှသည်။ဆူဝေလှုပ်ခပ်နေသည့်သူက

www.burmeseclassic.com

နေလင်းပိုင် ဖြစ်သည်။ကိုကြီးမိုး ၊ အာကာစိုးတို့နှင့် အတူ ဘုံဆိုင်ရောက်နေသည်။
" ကိုကြီးမိုးကို ရင်ဖွင့်ရဦးမယ် ...... "
" ပုလင်းကိုလည်း ဖွင့်ကွာ ..... "
သူကလည်း တစ်မောင့် ပုလင်းဖွင့်ပြီး အကုန်စီစဉ်ပေးပြီးမှ .......
"ကောင်မလေးကို ကျွန်တော် စကားပြောလိုက်ရတယ် ...... "
" မြင်ဖူးတယ်အောင့်မေ့နေတာ မအေးစိန်ကိုလို့ ....... "
အောင့်သက်သက်နှင့် ရယ်မိသေးသည်။ထိုနည်းက
ကိုမိုးကြီး၏နည်းဖြစ်သည်။ကိုမိုးကြီးတစ်ယောက်ငယ်စဉ်က အမျိုးသမီးတစ်ယောက် ကိုချဉ်းကပ်ရာတွင်
ထိုနည်းကို သုံးခဲ့သည်။
" ကျွန်မ မအေးစိန်မဟုတ်ပါဘူး ရှင်လူမှားနေပြီ ..... "
" ဘယ်နှယ်မှားရမှာလဲ မအေးစိန်ရယ် .... သာဂိကတောင် မှာလိုက်သေးတယ် ... "
" မဟုတ်သေးဘူး .... မဟုတ်သေးဘူး .... ရှင်လူမှားပြီးလာပြောနေတာ ၊ ကျွန်မ မအေးစိန်မဟုတ်ဖူး ...
ကျွန်မနာမည် ရီရီတင့် ...... "
ထိုသို့ဖြင့် သူအောင်မြင်သွားခဲ့ဖူးသည်။
" အဲဒီလိုမဟုတ်ပါဘူးဗျာ....... ကိုကြီးမိုးကလည်း ခုကိုကြီးမိုး အကြံပေးတဲ့ အတိုင်း ပုံသွားပြောတာ
အဆင်ပြေတယ်လို့ ပြောတာ ..... "
" ပြေရမှာပေါ့ ... မပြေစရာ ဘာရှိလို့လဲ ...... "
" ကိုကြီးမိုးရဲ့ ပွဲတွေ့နည်းပေါ့ ဟုတ်လား ...... "
" အေး .... "
ကိုကြီးမိုးက ထိုသို့ ခပ်ပြတ်ပြတ်ပြန်ပြောပြီး အမြည်းမြေပဲကြော်ကို ကောက်ဝါးသည်။ကုကြီးမိုးက နယ်နယ်ရရ
မဟုတ်။ရည်းစားတွေ အများကြီးထားခဲ့ပြီးမှ မယူဘဲ လူပျိုကြီးလုပ်နေသူ။ ဘာဖြစ်လို့လဲ မေးကြည့်တော့
"ပျင်းလို့ "တဲ့ ။
နေလင်းပိုင်ကတော့ မပျင်းနိုင်ပါ။ ရွှေကဗျာလေးကို ပိုင်ဆိုင်နိုင်ရေး ရွှေကဗျာ၏ အချစ်ကို ရယူရေးအတွက်
အားသွန်ခွန်စိုက် ကြိုးစားရပါဦးမည်။ ကြိုးစားခဲ့သော
ကာလပင် တစ်ရက်ကြီးတိတိ ကြာညောင်းခဲ့ပြီ။
တစ်ချိန်လုံးငြိမ်နေသော အာကာစိုးက........
" ဟေ့ကောင်နေလင်း ....... "
" ပြောလေ ........ "
" နက်ဖြန်ခါ မင်းကောင်မလေးကို စကားသွားပြောဦးမှာ မဟုတ်လား ..... "
" အေး ..... "
" အဲဒါဆို ငါပါ လိုက်ခဲ့မယ် ..... "
" ကောင်းတယ် .... မင်း မလှမ်းမကမ်းက စောင့်ကြည့်နေပေါ့ ...... "
သူတို့ကိုကြည့် ပြီး ကိုကြီးမိုးက မဲ့သည်။
" အဲဒီလို မလုပ်ပါနဲ့ ကိုကြီးမိုးရ ...... "
" ဟ ....ဘာဖြစ်လို့လည်း ..... "
" ကိုကြီးမိုးတုန်းကလည်း ဒီလိုပဲ မဟုတ်လား ...... "
" ဟုတ်ပေါင် ....... "
" ဘယ်လိုလဲ ..... "
" စားနဲ့တန်သူကို စာပေး ၊ စကားနဲ့ တန်သူကို စကားပြော ၊ အမူအရာနဲ့တန်သူကို အမူအရာလုပ်ပြ .... "
" ဩော်မျက်လုံးထဲကနေ အကြင်နာ အရိပ်ရောင်ပြတာမျိုးပေါ့ကွာ .... "
" ကိုမိုးကြီးပြောတော့ လွယ်လွယ်လေးချည်းပဲ ..... "
ခုထိ ရည်းစားမရှိသေးသော အာကာစိုးက .......
" လူချင်း မတူလို့ပေါ့ကွာ ......... "

www.burmeseclassic.com

www.burmeseclassic.com

" ပညာချင်းတော့ တူတယ် ဆိုတဲ့ သဘောလား ...... "
" အာ ... မဟုတ်ပါဘူး ကိုမိုးကြီးရယ် ..... မဟုတ်ပါဘူး .... "
ဂုယ်ကြမောကြရသည်။ နေလင်းပိုင်နှင့် အာကာစိုးက ရေချိန်ကိုက်ပြီ။ ကိုမိုးကြီးက လိုနေသေးသဖြင့် ဆက်သောက်ရင်း အချစ်ဋ္ဌီကာတွေ ဖွင့်ကြသည်။ကိုကြီးက ဟောပြောသူ။ နေလင်းပိုင်နှင့် အာကာစိုးတို့က ပရိသတ်။
" မင်းတို့က အနှိပ်သည်လေလည်တာကို ခံရဘူးလား ...... "
" ဟာဗျာ .... ကိုကြီးမိုးကလည်း ..... "
" အကောင်းမေးတာကွ ....... "
" နံမှာပေါ့ဗျ ...... "
" အောင့်သက်သက်ကြီး ခံရမှာပေါ့ဗျာ ...... "
"အေး ... အချစ်ဆိုတာလည်း အဲဒီလို အောင့်သက်သက်ကြီးနဲ့ မွန်ထူနေအောင် ခံရတယ်၊ ရုန်းထွက်လို့လည်း မရဘူး ဒုက္ခတစ်မျိုးပေါ့ကွာ ..... "
" ဟာဗျာ ...... "
အာကာစိုးက တဟားဟားရယ်ရင်း .........
" ရွှေကဗျာ က အနှိပ်သည်ပေါ့ ဟုတ်လား ...... "
" အင်း ....... "
နှစ်ယောက်သားရယ်ကြပြန်သည်။ နေလင်းပိုင်လိမ့်ခံနေရသည်။ နေလင်းပိုင်က အာကာစိုးကို ........
" ဟေ့ကောင် .... အာကာ .... "
" ဘာလဲ ...... "
" မင်းနဲ့ ငါ လောင်းမလား ..... "
" ဘာကိုလောင်းမှာလဲ ........ "
" ရွှေကဗျာ ရဲ့ အချစ်ကို ရ ... မရ ပေါ့ ...... "
" အိုး ..... ဒါမျိုး မလောင်းဘူး ........ "
" ဘာဖြစ်လို့လဲ ....... "
" အချစ်ဆိုတာမျိုးက ခက်ခဲနက်နဲတယ်ကွ ...... "
ထိုသို့ အစချီကာ ' အချစ်အကြောင်း ' သိုင်းဝိုင်းပြောရန် ကြံ၏။ ဘူဘူချင်း တစ်အလုပ်မခံနိုင်သော နေလင်းပိုင်က ကဗျာကယာလက်ကာကာ .....
" တော် .... တော်ပါပြီကွာ .... ဒီလောက်ဆို ငါလည်း မှတ်လောက်သားလောက် ဖြစ်သွားပါပြီ "
ရယ်ကြရသည်။ အတော်လေးကြာတော့ လူစုခွဲသည်။ နေလင်းပိုင် အိမ်ပြန်ရောက်တော့ ဒက်ဒီက သူ့ကော့တေးနှင့်သူ ငြိမ့်နေပြီ။ သူ့ကိုတွေ့လျှင် ဒက်ဒီက ကုမ္ပဏီအကြောင်း စကားပစ်နေဦးမည်စိုး၍ တိတ်တိတ်လေး အခန်းထဲဝင် ခဲ့သည်။
မနက်မိုးလင်းတော့ ရွှေကဗျာအနားသို့ သူရောက်ပြီ။
ရွှေကဗျာက မိုးပြာရောင် ဝတ်စုံလေးနှင့် လှချင်တိုင်းလှနေသည်။
" အဲဒီလိုနဲ့ ကဗျာရယ် ...... "
သူ့အတွေးနှင့်သူတွေးနေသော ကဗျာလန့်သွားသည်။ လှည့်ကြည့်တော့ မနေ့က လူငယ်။ လုပ်လာပြန်ပြီ။ ရုပ်ပါကတော့ ခပ်ဖြူးဖြူးဖြစ်သည်။ ရုပ်ချောသည်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဆိုစေ ရွှေကဗျာက မနှစ်မြို့ချေ။
" ဘာလဲ ..... "
" ဩော်မနေ့က ဇာတ်လမ်းလေးကို ဆက်ပြောပြမလို့ ...... "
" .................. "
" ရွှေကဗျာက ဘာမှန်းမသိ ရေရွတ်ပြီး မျက်နှာလွှဲလိုက်သည်။ နေလင်းပိုင်က မျက်နှာပြောင်ပြောင်နှင့် ဆက်ပြောသည်။
" သူဟာ ... တကယ်ပဲ သစ်တောထဲ ဝင်ပြီးတရားကျင့်တော့တယ်၊ အခက်အခဲမျိုးစုံတွေ့တယ်၊ သူဟာ နှစ်မိုင်ပတ်လည်ကျယ်တဲ့ တောအုပ်ကို ရှင်းလင်းအောင် လုပ်ရတယ်၊ ကျောက်တုံးကျောက်ပြားတွေနဲ့

www.burmeseclassic.com

ဝတ်ကျောင်းတော်ဆောက်ရတယ်၊ သားရဲ့အန္တရယ်ကိုကာကွယ်နိုင်အောင် မျိုးစုံဖန်တီးရတယ်၊ ဒီလိုနဲ့ပဲ
တရားကျင့်ဖြစ်ပါလေရော ၊ တစ်နေ့မှာ သူ့ချစ်သူ ကောင်မလေးက သူတရားကျင့်ရာ
ခြံဝင်းအပြင်ရောက်လာတယ်၊ အဲဒီမှာ ပြဿနာပဲ .... ”
ကားမှတ်တိုင်မှလူတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဘာကားလာလာ တက်လိုက်မည်ဟု ရည်စူးထားသော
ကဗျာကလည်း စိတ်ထဲမှာ ဘဝင်ကျသွားသည်။ မင်းဆက်က ထိုကားကိုတွယ်ပြီး
လိုက်လာသောကြောင့်ဖြစ်သည်။
“ နောက်နေ့မှ ဆက်ပြောတာပေါ့ ကဗျာ ...... ”
ထိုသို့ ပြောပြီး လူအုပ်ကြားမှာ ပျောက်သွားသည်။ မင်းဆက်က ကားပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ......
“ မနေ့က ကောင်ပဲလား ..... ”
“ အင်း ..... ”
“ ဘာတွေ ထပ်လာပြောသလဲ ..... ”
“ မနေ့က ဇာတ်လမ်းရဲ့ အဆက်ကို လာပြောတာ ..... ”
“ ဒီကားလူနည်းနည်းကြပ်တယ် ၊ နာက်ကားနဲ့ မှ လိုက် ...... ”
“ သဘောလေ ........ ”
“ နင်က သူ့ကိုဘာပြန်ပြောလိုက်သလဲ ..... ”
“ ဘာမှ မပြောဘူး ..... ”
“ ဒီလိုလုပ်လေ ..... ”
“ နက်ဖြန်ကစပြီး ကိုယ်စောစောလာမှာပေါ့ ...... ”
“ အင်း .... ကောင်းသားပဲ ....... ”
ကားဂိတ်နှင့် ရွှေကဗျာတို့ တိုက်ခန်းက နီးနီးလေးဖြစ်သည်။ထိုတောက်လျှောက်မှာမပူရ။
သင်တန်းချိန်ပြီးတော့ သူတို့တစ်အုပ်ကြီး လက်ဖက်ရည်ဆိုင်ထိုင်ရသည်။
ကလျာက မေးသည်။
“ မင်းဆက် ”
“ ဟင် .... ”
“ ကဗျာ့ကို ဘဲတစ်ပွေလိုက်နေတယ်ဆို ..... ”
“ အေး ..... ”
“ ခပ်ချောချောပဲဆို ...... ”
“ အေး ..... ”
“ နင်စိတ်မပူဘူးလား ...... ”
“ ဘာကိုစိတ်ပူရ မှာလဲ .... မပူပါဘူး ရုပ်ကတော့ ငါလည်းချောတာပဲ ..... ”
ဝိုင်းရယ်ကြသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မင်းဆက်ကရုပ်ဖြောင့်သည်။ သူ့ကိုကြိတ်ကြိုက်နေသော
ကောင်မလေးတော်ပေါင် ရှိသည်။
“ ငါက ကဗျာ့ကို ထီရောင်းကျွေးမှာ ..... ”
“ ဟင် ..... ကဗျာ နင်ကတော့ ချမ်းသာတော့ မှာပဲ ...... ”
“ ဘာဖြစ်လဲ ... မရောင်းရတဲ့ ထီလက်မှတ်ထဲက ထပေါက်ရင် ပွတာပေါ့ .... ”
“ ဟဲ့ .... ကဗျာ ....... ”
“ ဟင် ..... ”
“ နင် ဒီတိုင်းပဲ ကြည့်နေတော့ မှာလား ........ ”
“ ဘယ်တတ်နိုင်မလဲဟာ .... လင်ဆိုးမယား တဖားဖားပေါ့ ..... ”
ဝိုင်းရယ်ဖြစ်ကြသည်။
“ သူကပါ ထီကူရောင်းပေးမှာပေါ့ဟ ....... ”
“ အေးလေ ... ဒီလောက်တော့ နည်းနည်းပါးပါး ရှိမှာပေါ့ ....... ”
“ တွန်းလှည်းကိုရပ်ပြီး နိုက်ကလေးနဲ့ ငါဟိုပြောသည်ပြော ပြောပြီးရင် ရပ်ကွက်ထဲမှ လူအပေါင်း

www.burmeseclassic.com

www.burmeseclassic.com

နားသောတဆင်ရအောင် ကျွန်တော့် ဇနီးက သီးချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေပါ့မယ် ခင်ဗျာ ..... ဆိုရင် သူက သီချင်းဆို ...... "
" အောင်မာ .... အောင်မာ ...... "
" အဲဒီအချိန်မှာ ငါက ထီရောင်းမယ်လေ ...... "
" အုန်း ....... "
ရွှေကဗျာ ညိုမြင်းဆက်၏ကျောကို ထုလိုက်ခြင်းဖြစ်ပြီး မင်းဆက်က ကျောကော့သွားရင်း .......
" ရွှဲရွှဲစိုအောင် × × × × ရှူရှူပန်းတယ်လေး × × × × × × "
" အဲဒါက ဘာဖြစ်တာလဲ ...... "
" နင်ဆိုရမယ့် သီချင်းလေ ...... "
နောက်တစ်ချက် အုန်းခနဲအသံကြားရလေသည်။ သိန်းဦးက
" ဟေ့ကောင် မင်းဆက် ........ "
" ဟေ ........ "
" အဲဒီ သီချင်းစာသားက ဝင်ဦးကားထဲက မဟုတ်လား ..... "
" ဟုတ်တယ်လေ ပါသေးတယ်လေကွာ ၊ ငါ့သမီး မုန်တယ်ဆို × × × × ထွက်လိုက်ပါ့ ချိုချိုဆိုတာ ........ "
" အဲဒီ သီချင်းက ကောင်းတယ်ကွ ........ "
" ကောင်းတာပေါ့ကွ .... လူကြိုက်များခဲ့တဲ့ သီချင်းပဲ ၊ အဲဒီသီချင်းနဲ့တင် ငါတို့ ကဗျာတို့ ထီဆိုင်က ပေါက်နိုင်တယ် ၊ သူ့ကို ကျစ်ဆံမြီး ကျစ်ခိုင်းထားပြီး ငါက ဆို ... ဆို ကျစ်ဆံမြီးကို ဆောင့်ဆွဲလိုက်မယ် ၊ ရပ်ဆိုရင်လည်း ကျစ်ဆံမြီးကို ဆောင့်ဆွဲလိုက်မယ် ၊ ဥပမာ ရွှဲရွှဲစိုအောင် × × × ဆိုပြီး သူက ဆိုနေတုန်း ငါက ကျစ်ဆံမြီး ဆောင့်ဆွဲလိုက်မယ်၊ သူကရပ်လိုက်ရမယ်၊ ငါက ထီရောင်းပေါ့ .... ထီရောင်းလည်းပြီးရော × × × × ရှူရှူပန်းတယလေးလို့ပေါ့လေ ထိုးသားပါ လန့်သွားအောင် ..........."
တဝါးဝါး ဝိုင်းရယ်နေကြသည့်ကြားမှ နောက်ထပ် ' အုန်း ' သံထွက်လာပြန်သည်။ မင်းဆက်ကတော့ တဟဲဟဲ ..... ။ ကဗျာ့ မှာလည်း ရှက်ရယ်ရယ်နေရသည်။
နောက်လူတွေကလည်း အသီးသီးဝင်နောက်ကြတော့ ထိုနေ့ လက်ဖက်ရည်ဝိုင်းအတွက် မင်းဆက်ရယ်၊ ကဗျာရယ် ၊ ထီဆိုင်ရယ် သီချင်းရယ်နဲ့ လည်နေတော့သည်။ ကလျာကလည်း ...... "
" ဟဲ့ ... ကဗျာ ... ကဗျာ .... "
" ဘာလဲ .... "
" နင်တို့ ထီလက်မှတ်ကို မဝယ်ဘူးဆိုတဲ့ ကောင်မလေးတွေ တွေ့ရင် ဆိုလိုက် ၊ သိလား ' ဘူး ' မမှတ်နဲ့ သမီးရယ် × × × ဖေဖေကြီးကို ချစ်တယ်ဆို × × × ဆို × × × ဆို ....... ဆိုလို့ မင်းဆက်ကို လက်ညှိုး ထိုးထိုးပြီး ဆိုပေါ့ ...... "
" အင်း .. ထီလှည်းထားပြီး လူချည်း အလွတ်ပြေးရမယ့်ကိန်းပဲ ...... "
မင်းဆက်၏ မှတ်ချက်ကြောင့် နှုတ်ခမ်းစူထားသော ကဗျာပင် ရယ်မိသည်။ ကျော်ဌေးက ......
" မင်းဆက် "
" ဟေ ....... "
" ကဗျာ့ကို မနက် မနက် ပုံလာပြောနေတဲ့ ငနဲကလေ ...... "
" အင်း ..... "
" တော်တော်ချမ်းသာပုံ ရလား ....... "
" ရတယ် ..... "
" အင်း ...... အင်း ....... "
ကျော်ဌေးငြိမ်သွားသည်။ သိန်းဦးက .......
" မင်းဆက်နော် ..... သတိလည်းထားဦး ၊ တော်ကြာ ကဗျာက အဟုတ်ပါသွားဦးမယ် ....... "
" အမ်မာ ... လူကိုများ ဘာအောက်မေ့နေလည်း ..... "
ကလျာကလည်း ......
" အေးလေ .... ကဗျာကိုများ ဘာအောက်မေ့နေလည်း မသိဘူး ..... "

www.burmeseclassic.com

ကဗျာက ဘာမှ ပြန်မပြော။ မချိုမချဉ်ပြုံးနေသည်။ မင်းဆက်သေသေချာချာစောင့်ကြည့်ပြီး
လေသံတစ်မျိုးပြောင်း၍........
“ ဒါကတော့ ဒီမိန်းမကို စောင့်ကြည့်ရမယ် ....... ”
“ အောင်မယ် ... အောင်မယ် ..... ဒါက ဘာစကားလဲ .... ”
“ အား ..... ”
ရွှေကဗျာက စိတ်ဆိုးမာန်ဆိုးနှင့် ညိုမင်းဆက်ကို ဆိတ်ဆွဲသဖြင့် မင်းဆက်က အီစလံဝေသွားသည်။
အလုဆိတ်ဆွဲခြင်းမဟုတ်။ တကယ်ဆိတ်ဆွဲခြင်းဖြစ်၍ အတော်နာသည်။
သို့ပေမယ့် မလျော့သေး။ တကျွတ်ကျွတ် ညည်းညူနေရင်းက ...... ”
“ ဒီမယ် အမိ ...... ”
“ ဘာလဲ ..... ”
“ လင်းတမင်း ကျော့ကွင်းမိတဲ့ အကြောင်း သိလား ..... ”
“ လင်းတ ..... ”
“ အေး ........ ”
“ မသိဘူး ....... ”
“ အေး .... အဲဒီ လင်းတမင်းဟာ ကျော့ကွင်းထဲမှာ မိပါလေရော ..... ”
“ ဘာဖြစ်လဲ ...... ”
“ ငိုတယ် ..... မုဆိုးကို ပုလဲတွေ ‘ခ’ ပြတယ်တဲ့ ..... ”
“ အဲဒါ ဘာဖြစ်လဲ ... မငိုလို့ ရယ်ပြနေရမှာလား ...... ”
“ အဲဒီမှာ မုဆိုးက သနားပြီး ကျော့ကွင်းကနေ ပြန်လွှတ်ပေးလိုက်တယ် .... ”
“ အေးလေ ... အဲဒါ ဘာဖြစ်လဲ .... ”
“ ငါလည်း နင့်ကို ပုံပြောပြတာ မဟုတ်ဘူး .... ဇာတ်လမ်း ..... ”
“ အေး ... ဒါဖြင့်လည်း ဇာတ်လမ်းပေါ့ဟာ ....... ”
“ နင် အခုပြောတဲ့ ဇာတ်လမ်းက ကလေးတောင် ရေးတတ်တယ် ..... ”
“ ဟုတ်ပါရဲ့နော် .... ”
“ ငပေါ ....... ”

( ၈ )

“ မင်းဆက် ”
“ ဟေ ...”
“ မနက်ဖြန်ကြရင် စောစောနော် ... ”
“ အေးပါ ... ”
ထိုသို့ အသေအချာပြောခဲ့သည်။ အသေအချာလည်း မှတ်ခဲ့သည်။ အခုတော့ စိတ်းဆိုးရပြီ။
မှတ်တိုင်မှာ မင်းဆက်မရှိ။ ဟိုသတ္တဝါက ရောက်နေ၏။
ကဗျာ့စိတ်ထဲမှာ မင်းဆက်ကို ဆွဲသာ ဆောင့်နေချင်တော့သည်။ ဟိုသတ္တဝါက အနားကပ်လာသည်။
“ အဟမ်း ... အဟမ်း ... ဟမ်း ... ”
“ အဲလိုနဲ့ဗျာ .. သူတော်စင်ဟာ တကယ်ပဲ တရားအားထုတ်နေတယ်၊ ရှေ့တောက်လျှောက် သူတို့ရဲ့ဖြစ်ရပ်က
လွမ်းရဖို့ ကောင်းသလို တရားရဖို့ ကောင်းသလို ... ”
“ အဟမ်း ... အဟမ်း ... ဟမ်း ...”
ချောင်းဟန့်သံနှင့်အတူ ဝိုင်းထဲဝင်လာသူက မင်းဆက် ...
“ ကောင်မလေးက တကယ်ပါ သူတော်စင်ကြီးကို လာလာကြည့်တယ်၊ အဲဒီအခါမှာ သူတော်စင်ကြီးက
ကောင်မလေးအတွက် ရေးဖွဲ့ထားတဲ့ ကဗျာတွေကို ကျောက်ခဲလေးနဲ့ ထုပ်ထုပ်ပြီး ပစ်ပစ်ပေးတယ်၊
ကောင်မလေးကလည်း ယူတယ် ...

www.burmeseclassic.com

www.burmeseclassic.com

" နောက်ပိုင်း ကောင်မလေး အိမ်ထောင်ကျသွားတယ် ... "
" ဒါပေမယ့် သူတော်စင်ကြီးဆီကို လာတုန်းပဲ ... သူတော်စင်ကြီးကလည်း ကျောက်ခဲကဗျာတွေ
ပစ်ပစ်ပေးနေတုန်းပဲ၊ သူတို့ရဲ့အချစ်ဇာတ်လမ်းက ရင်မောစရာကြီးပေါ့ ... "
နေလင်းပိုင် ကြောင်အမ်းအမ်း ဖြစ်နေသည်။
သူပြောမည့်ဇာတ်လမ်းကို မင်းဆက်က အဆုံးထိ ပြောသွားသောကြောင့် ဖြစ်၏။ တစ်ဆက်တည်း မင်းဆက်က
နေလင်းပိုင်ကို ...
" ဟေ့ကောင် သွားတော့လေ ... ငါတို့က ကားလာနေပြီ လိုက်တော့မယ် "
ထို့နောက် ကဗျာ့လက်ကိုဆွဲကာ ကားပေါ်သို့ တက်ခဲ့၏။ ကားပေါ်ရောက်တော့မှ ကဗျာက မင်းဆက်ကို
မသိမသာဆွဲဆိတ်ကာ ...
" နင်ကလည်း ..."
" ဘာလဲ ... "
" စောစောလာပါလို့ ပြောထားရက်သားနဲ့ ... "
" စောပါတယ် ... ငါကြိုရောက်နေတာ ကြာပြီ၊ လက်ဖက်ရည်ဆိုင်ထဲကနေ နင်တို့ကို ကြည့်နေတာ "
" အခု အဲဒီကောင် ဘယ်ထွက်သွားလဲ ..."
" အရှုံးသမားရဲ့နှလုံးသားနဲ့ ဂုံးတံတားဘက် ရောက်နေမှာပေါ့ ... "
" နင်နော် သူများကို လျှော့မတွက်နဲ့၊ အဲဒီကောင်က အရမ်းလျင်တယ် "
" အေးပါဟာ ... အေးပါ ... "
" ဒါထက် သူပြောတဲ့ဇာတ်လမ်းကို နင်က ဘယ်လိုလုပ် သိနေတာလဲ ... "
" ဒါများဟာ ကမ္ဘာကျော်ဇာတ်လမ်းကြီး မသိဘဲ နေမလား ... "
အတန်းထဲရောက်တော့ အချိန်စောနေသည်။ နေလင်းပိုင်၏ ပရာဒိုကားကြီးက သူတို့အရင်
ကြိုရောက်နေသည်။ သို့သော် သူတို့က ထိုကားကြီးကို သတိမထားမိ။ ကားထဲတွင် နေလင်းပိုင်ပါမှန်းလည်း
မသိ။ နေလင်းပိုင်စိတ်ထဲမှာ အတော့်ကို ခံပြင်းဒေါသထွက်နေ၏။ ထိုနေရာမှာ ကားကို အဓိပ္ပာယ်မဲ့
ရပ်ထားရာမှ အမြန်မောင်းထွက်လိုက်သည်။
အာကာစိုးဆီသို့ပဲ ရောက်သွားသည်။ မျက်နှာကြီး နီရဲခက်ထန်နေသော နေလင်းပိုင်ကို ကြည့်ကာ
တအံ့တသြမေး၏။
" ဟေ့ကောင် နေလင်း ဘာဖြစ်လာတာလဲ ... "
အတော်ကြာသည်အထိ နေလင်းပိုင်က ဘာမှမပြော။ နောက်မှ သုန်သုန်မှုန်မှုန်နှင့် ပြော၏။
" ဟေ့ကောင် ... မင်း အနူလက်နဲ့ ရွှေခွက်နိုက်တာ မြင်ဖူးလား "
" ဘယ်မြင်ဖူးမှာလဲကွ ... မင်း ဘာဖြစ်လာတာလဲဆိုတာသာ ပြောစမ်းပါ "
ထိုအခါကျမှ နေလင်းပိုင်က ' တက် ' တစ်ချက်ခေါက်ပြီး အကျိုးအကြောင်းကို ပြောပြ၏။ အာကာစိုးက
သေသေချာချာနားထောင်ပါသည်။ ပြီးတော့မှ တရားသံဝေဂရသော မျက်လုံးဖြင့် ...
" လူပါးပုလင်းထိဆိုတာ အဲဒါပေါ့ ... "
နေလင်းပိုင်က မကျေနပ်။
" မင်းကလည်းကွာ အရေးထဲ ... "
" မင်းက ချစ်သူရှိပြီးသား ကောင်မလေးကို အတင်းပိုးတာကိုး ... "
" ဟာ ... လွတ်လပ်တဲ့ လူငယ်တွေပဲကွာ ... "
" သံယောဇဉ်ကြိုးဆိုတာ ချည်နှောင်မိရင် ဘယ်အရာကိုမှ အလွတ်မပေးဘူး ... အရာရာကို နှယ်ပတ်တက်တော့
ဘယ်မှာ လွတ်လပ်မှာလဲ ... "
" နောက်ပြီး မင်းကြိုက်ဖူးတဲ့ ကောင်မလေးတွေကို ကိုယ်ချင်းမစာဘူးလား၊ လောလောဆယ် ဇင်မာသွဲ့ ကိစ္စကို
လုံးဝစိတ်မကောင်းဘူး ... "
" မင်းနဲ့ စကားပြောရတာ မကောင်းဘူးကွာ၊ ဇင်မာသွဲ့ကိစ္စကလည်း အပျို လူပျို ချစ်ကြ ကြိုက်ကြရင်းနဲ့
သဘောထားမတိုက်ဆိုင်လို့ ကွဲတယ် ရိုးရိုးလေးပဲဟာ ... "
" ဟေ့ကောင် ... အပိုတွေ လျှောက်ပြောမနေနဲ့ ... "

www.burmeseclassic.com

"ဇင်မာသွဲ့ မင်းကိုဘယ်လောက်ချစ်တယ် ... ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ ငါတို့အသိဆုံး ... မင်းဘာသာ တစ်ဖက်သတ်ဖြတ်ချလိုက်တာ၊ ဟိုတစ်နေ့ကပဲ ငါနဲ့တွေ့တယ်၊ တော်တော်လေးတောင်ပိန်သွားတယ်၊ မင်းကိုတောင် သတိတရ မေးရှာပါတယ် "
" ဟာ ... တော်ပြီကွာ ... ဒါတွေ မပြောတော့ဘူး ... "
နေလင်းပိုင် အိမ်နောက်ဖေးခန်းဝင်၏။
" ခလွမ် "
ကြွေပန်းကန်တစ်လုံးကို ရိုက်ခွဲလိုက်သည်။
" ဟာ ... ဟော့ကောင် ဒီသောက်ရူးနဲ့တော့ ခက်တော့တာပဲ ... "
အာကာစိုးက ပန်းကန်အကွဲစများကို ကောက်သိမ်း၏။
" ညနေကျမှ ကိုကြီးမိုးကို ပြောပြီးတော့ ..."
" အေး ... ဟုတ်တယ် ... အဲဒါကောင်းတယ် ... "
ထိုနေ့ခင်းပိုင်းကို နေလင်းပိုင် တစ်ယောက် အာကာစိုး၏အခန်းမှာပဲ အချိန်ဖြုန်းလိုက်၏။
ညနေရောက်တော့မှ ကိုကြီးမိုးနှင့် ဘုံဆိုင်မှာသွားဆုံကြသည်။ အာကာစိုးက ...
" ကိုကြီးမိုး ကိုကြီးမိုး ဒီကောင် အသည်းကွဲလာတယ် "
ကိုကြီးမိုးက တအံ့တသြပုံစံဖြင့် ...
" ဒီကောင်က ... "
" ဟုတ်ကဲ့ ... "
" အသည်းကွဲတယ် ... "
" ဟုတ်ကဲ့ "
" ဟော့ကောင်တွေ ငါ တစ်စိတ်ထဲ သောက်ထားရသေးတယ်၊ မမူးသေးဘူးကွ ..."
နေလင်းပိုင် စိတ်ပျက်လက်ပျက် ပြောမိသည်။
" ကိုကြီးမိုးကလည်း ဒီကောင်ငစိုးအတိုင်းပဲ ... "
" ကျွန်တော်က တကယ်ခံစားရတာဗျ ... "
" သူများအချစ်ကို ခွဲရင်တော့ ဒီလိုပဲ ဖြစ်မှာပဲ ..."
" ကိုကြီးမိုး ရည်းစားတွေ အများကြီးထားဖူးတာပဲ ဒါမျိုး မကြုံဖူးဘူးလား ... "
" ဟာ ... ငါကြိုက်တဲ့ရည်းစားတွေ ဆိုတာက လွတ်လွတ်ကင်းကင်းတွေကွ ..."
" ခု ကျွန်တော့်ကို ဘယ်လိုအကြံပေးမလဲ ... "
" 'လ' သုံးလုံးအကြံပဲ ပေးမယ် "
" ဘာလဲ 'လ' သုံးလုံးဆိုတာ ... "
" လက်လျှော့လိုက် လို့ ပြောတာ "
ထိုနေ့ညနေက သူတို့သည် အရက်သောက်၍လည်း မကောင်းကြ။ အတော်မှောင်မှ နေလင်းပိုင်က ...
" ကဲ ... သွားရအောင် ကျွန်တော်ကားနဲ့ ပြန်လိုက်ပို့မယ် "
" ခဏနေဦးကွာ ... ငါ ပါဆယ်မှာလိုက်ဦးမယ် "
သူ အိမ်ပြန်ရောက်တော့ နေလင်းပိုင်က ဘာမှမဖြစ်ခဲ့သလို သော့တွဲလေးတရမ်းရမ်းနှင့် သူ့အခန်းသူ တန်းဝင်လိုက်၏။ ဒက်ဒီကလည်း တွေ့ပါသည်။ မာမီကလည်း တွေ့ပါသည်။ မည်သူကမှ ဘာမှမပြောကြပါ။ သူ့နှုတ်ခမ်းမှ အရက်နံ့ကိုလည်း ရပါသည်။ ဘာမှ မပြောကြပါ။ အစကတည်းက ပြော၍ မနိုင်သောသား မဟုတ်လား။
ဖက်ဖူးဝါနှင့် ရွှေကဗျာကလည်း ခေါင်းချင်းဆိုင်နေသည်။ တောမှဘကြီးအကြောင်းဖြစ်၍ ချစ်ရေးချစ်ရာနည်းနည်းမျှ မပါ။ တောမှ ဘကြီးအိမ်သို့လာလည်မည်ဖြစ်၍ ထိုဘကြီးရောက်လာလျှင် သူမတို့ အင်မတန်စိတ်ညစ်သည်။ စကားအပေါက်အစပ် အလွန်များ၏။ ပြီး သူ့ဒေါသချည်းပဲ ဖြစ်သည်။ အလိုက်ကန်းဆိုးလည်း မသိ။ ထိုဘကြီး ရောက်လာလေလျှင် မည်သို့နေထိုင်စားသောက်ရမည်ဟု ညီအစ်မတစ်တွေ အကြံထုတ်နေကြသည်။
မေမေကတော့ စိပ်ပုတီးကိုင်ကာ သူတို့အပါးသို့ရောက်လာကာ နားထောင်နေ၏။

www.burmeseclassic.com

သူ့အစ်ကိုအကြောင်းပြောနေသည်ဖြစ်၍ ခေါင်းလေးခါခါနှင့် လှည့်ထွက်သွားသည်။
ဖက်ဖူးဝါက ...
“ ကဗျာ ”
“ ပြောလေ မမ ”
“ အဘိုးလာနေမယ့်နေ့တွေမှာ မင်းဆက်ကို အိမ်ခေါ်ထားရင် ကောင်းမလား ... ”
“ အမယ်လေးတော် ... မင်းဆက် မျှော့သွားမှာပေါ့ ”
“ အဘိုးအကြောင်းလည်း မင်းဆက်ကို သေသေချာချာ ပြောပြထားပေါ့ဟ ...”
“ အဲဒါဆို မမ ကိုတိုးကို လာနေခိုင်းပါလား ... ”
“ မရလို့ပေါ့ဟ ... ”
“ အစ်မ သူ့ကို ပြောကြည့်ပြီးပြီလား ... ”
“ ပြောမကြည့်ရသေးပါဘူး ... မဖြစ်နိုင်တာတွေကို ကြိုသိနေလို့ ... ”
“ မင်းဆက်နဲ့မှ ဖြစ်မှာ ... ”
ရွှေကဗျာ အတန်ငယ်စိတ်ဝင်စားသွားသည်။ မင်းဆက်က သူမတို့၏ ဘကြီးကို မည်သို့မည်ပုံ ထိန်းကျောင်းမည်ဆိုသည်ပေါ့။
ထိုသို့ဖြင့် ထိုပြဿနာက မင်းဆက်ခေါင်းပေါ် ရောက်လာသည်။
“ မင်းဆက် ”
“ ဟင် ... ”
“ နင်လုပ်ပေးမယ် မဟုတ်လား ... ”
“ ဒီလောက်ခွကျတဲ့ နင်တို့ဘကြီးကို ငါ ဘယ်လိုထိန်းမလဲဟာ ... ”
“ နင်ကလည်း သုံးလေးရက်ထဲဟာကို ... ”
“ အဲဒါ ငါက နင့်ကိုပြောရမယ့်စကားပါ ...”
“ ဘာပဲဖြစ်ဖြစ်ဟာ ... ငါ့ဘကြီးကို နင်လာထိန်းပေးရမယ်၊ ငါ့ကိုချစ်ရင်လုပ်ပေး ... မချစ်ရင် မလုပ်ပေးနဲ့ ဒါပဲ ”
“ ဟာ ... ”
“ ငါ့အိုးပုတ်ကလေးလည်း ပြန်ပေး ... ”
“ မပေးပါဘူး ... ဘာဖြစ်လို့ ပေးရမှာလဲ ... ”
“ အေး ... အဲဒါဆို ငါ့ဘကြီးကို လာထိန်းပေး စကားမရှည်နဲ့ ”
လက်ဖက်ရည်ဆိုင်ထဲမှာ သီဟနှင့် မိုးနွယ်တို့ တွေ့ရသည်။ သူတို့နှစ်ယောက်ဆီ ဝင်သွားပြီး စကားတွေ တောင်ပြောမြောက်ပြော ပြောနေလိုက်ကြ၏။
တောင်ပြောမြောက်ပြောကလည်း မန်ယူ၊ အာဆင်နယ်၊ ချဲလ်ဆီး၊ ရွှေကဗျာ၊ နောက်တစ်ခါ ဖာဂူဆန်၊ အာဆင်ဝင်းဂါး၊ မော်ရင်ညို၊ ရွှေကဗျာ နောက်တော့ ...
ရွှေကဗျာ ... ရွှေကဗျာ ... ရွှေကဗျာ ...
“ အဲဒါ မင်းအတွက် ကောင်းတာပေါ့ ...”
“ ဘာကောင်းတာလဲ ”
“ သူ့အိမ်ကို တရားဝင် ဝင်ခွင့်ရသွားတာပေါ့၊ သူ့အမေကြီးကိုလည်း နားဖောက်ပြီးသား ဖြစ်သွားတာပေါ့ ... ”
သီဟက ထိုသို့ပြောတော့ မိုးနွယ်ကလည်း ထောက်ခံသည်။
“ အဲဒီ သုံးလေးရက်မှာ အဘိုးကြီးကို ငါသွားထိန်းရင် မင်းတို့ပါလိုက်ခဲ့ ...”
ထိုအခါကျတော့ နှစ်ယောက်စလုံးက ခြေတခါခါ လက်တခါခါ ...
“ မလုပ်နဲ့ ... မလုပ်နဲ့ ...”
“ ရေတ်သီးနဲ့ပေါင်းလို့ ကြက်သွန်ပါရောထောင်းခံရတဲ့ ဘဝမျိုး ရောက်နေဦးမယ် ”
ညိုမင်းဆက်က မကျေမချမ်းဖြင့် ...
“ ဟေ့ကောင် သီဟ ... ငါ့ဆီမှာ မျက်နှာဖုတွေပျောက်အောင်လိမ်းလို့ရတဲ့ဆပ်ပြာရှိတယ်၊ အဲဒါ မင်းကို ပေးမလို့ဟာ ... ခုမပေးတော့ဘူးကွာ ... ”

www.burmeseclassic.com

“ မိုးနွယ် မင်းလည်းဒီအတိုင်းပဲ၊ အခုတော့ လက်သီး ... ”
သီဟက လေပျော့လေးနှင့် ပြောသည်။
“ အေးပါကွာ ... မင်းအောင်မြင်စေဖို့ ဆုတောင်းပေးပါတယ် ”
ထိုသို့ဖြင့်ပင် ဦးလေးကား ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ၏။ ဖက်ဖူးဝါ၊ ရွှေကဗျာ၊ သူတို့အမေ ဒေါ်မာလာနှင့်အတူ ဘူတာကြီးမှာ မင်းဆက်ပါ ရောက်နေကြ၏။
“ ရှာရ လွယ်ပါ့မလား ...”
ရွှေကဗျာက ...
“ အောင်မလေး လူတစ်ယောက်နဲ့ အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေမယ်ဆိုရင် အဲဒါ တို့ဘကြီးပဲ ”
ရထားဆိုက်လာသည်။ ရွှေကဗျာ ပြောသည့်အတိုင်းပင် နောက်မှလူနှင့် စကားအခြေအတင်ပြောပြီး ဝင်ချလာသည်။
“ ဟော့ကောင် ... မင်းလူငယ်ဆိုပေမယ့် တမောင်းအကြောပေးတယ် သိလား ...”
“ ဘယ်လိုအဘိုးကြီးလည်းဗျာ ... မတော်တဆနင်းမိတဲ့ဟာကို လူတွေ ဒီလောက်ရှုပ်နေတာ ”
အဘိုးကြီးက ထိုသူကို ဆက်မပြောတော့ဘဲ သူ့ညီမကို ...
“ နင်တို့ရန်ကုန်မှာ လူကြပ်ကြပ်လာပါလား ...”
“ ဆိုင်တွေလည်း တန်းစီ ကပ်လျက် ဖွင့်ထားတယ်၊ ငါတို့ရွာမှာ မြေလွတ်မြေရိုင်းတွေ အများကြီးရှိတယ်၊ လာဖွင့်ကြပါလား ...”
ဒေါ်မာလာက ...
“ အပြင်မှာ ကားစောင့်နေတယ် သွားရအောင် ... ”
“ ကားခက အရမ်းဈေးကြီးလား ... ဈေးကြီးရင် မစီးဘူး၊ လမ်းလျှောက်ကြမယ် ”
ကားပေါ်ရောက်တော့ ...
ညိုမင်းဆက် အခက်ကြုံရပြန်သည်။ ဒေါ်မာလာတို့သားအမိ သုံးယောက်က နောက်ခန်းတွင်ထိုင်သည်။ သူနှင့် ထိုအဘိုးကြီးက ရှေ့ခန်းမှာထိုင်ရသည်။ အဘိုးကြီးအသံက ဟောင်ဖွာဟောင်ဖွာ ...
“ ဒီကောင်လေးက ဘယ်သူလဲ ... ”
“ ဩော် ... သမီးတို့ အပေါင်းအသင်းထဲကပါ ... ”
“ ဒီကောင်လေးကြည့်ရတာ မွန်မွန်ရည်ရည်နဲ့ ... ”
“ တချို့လူငယ်တွေကျ စကားပြောလို့မကောင်းဘူး ”
“ သုပဏ္ဏာတိုင်းပါဆိုမှ စစ်ကိုင်းလား မေးနေကြတယ် ”
ထို့နောက် မင်းဆက်ကို နီးနီးကပ်ကပ်လေး ငဲ့ကြည့်ကာ ...
“ သူတို့ ငါ့ကိုလာကြိုရင် ရရဲ့သားနဲ့ ဘာကိစ္စမင်းက လိုက်လာရလဲ ... ”
ဒေါ်မာလာက ဝင်ပြောသည်။
“ အဖော်ရအောင်လို့ပါ ... ”
“ ဟော့ .. လူဆိုတာ မွေးကတည်းက တစ်ယောက်တည်းပဲ ဟော့ ... ”
ကဗျာက နှုတ်ခမ်းတလန် ပန်တလန်နှင့် ဝင်ပြော၏။
“ အဲဒီတစ်ယောက်တည်း မွေးလာတာကိုပဲ ဘယ်နှစ်ယောက်လောက်က လုပ်ကိုင်ကျွေးမွေးပြုစုရတယ်ဆိုတာ ရှိသေးတယ်လေ ”
ဘကြီးလုပ်သူ၏ မျက်လုံးကြီးက ပြူးထွက်လာ၏။
“ ဟဲ့ ... မိကဗျာ ... ”
“ ဘာလဲ ... ”
“ နင်က ငါ့ကို ကဏ္ဍကောစ လုပ်တာလား ”
“ ဘာ ကဏ္ဍကောစလဲ ... ”
“ ကဏ္ဍကောစ ဆိုတာ ကပျက်ကယက်လုပ်တာကို ပြောတာ ”
“ မလုပ်ပါဘူး ဘကြီး ... အိမ်ရောက်ရင် မင်းဆက်နဲ့ လွှတ်ထားမှာ ”
ပြောကြဆိုကြရင်းပင် ကားက ကဗျာတို့ အိမ်ရှေ့သို့ ရောက်၏။ လွယ်အိတ်ကြီးတစ်လုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဖာတောင်းတစ်တောင်းသာ ပါသော ဘကြီးက သူ့ပစ္စည်းများကို မည်သူမျှ အထိမခံပါ။
သူ့ပစ္စည်းများကို အိမ်ရှေ့တွင်ချပြီး ခြံထဲသို့ ဟိုဟိုသည်သည် ဖေ့ကြည့်ကာ ...
" ဟာ ... ပေါက်စက တော်တော်တောင် ထွားနေပြီပဲကိုး ... "
ကဗျာက တီးတိုး ဘာသာပြန်ပေးသည်။
" အိမ်ထောင့်က ပိန္နဲပင်ကို ပြောနေတာ ... "
" အဲဒါ သူစိုက်ထားတဲ့ အပင်လေ ... "
" အဲဒီအပင်ကို သူက ပေါက်စလို့ နာမည်ပေးထားတယ် "
'မလွယ်ပါလား' ဟု မင်းဆက် ပခုံးတွန့်မိ၏။
ဧည့်ခန်းထဲထိုင်မိကြတော့ ဒေါ်မာလာက ...
" ကဲ ... ထိုင်နှင့်ကြဦး ... " ဆိုကာ အထဲဝင်သွား၏။
" ကဲ ... မင်းဆက်လည်းထိုင်နေဦး ... "
ညီအစ်မနှစ်ယောက်ကပါ အလျှိုလျှိုဝင်သွားကြလေ၏။
သူတို့ဘကြီးနှင့် နှစ်ယောက်တည်း ထိုင်ရသည်မှာ ရင်ခုန်ဖွယ်ရာ ကောင်းလှ၏။ မကြည့်၍လည်း မဖြစ်သဖြင့်
မျက်လုံးချင်းမဆုံအောင် ခိုးခိုးကြည့်ရ၏။ နောက်တော့လည်း သူဂျီမတိုက်ခင် ကိုယ်အရင်ဂျီမည်ဟူသော
သံမိဋ္ဌာန်ဖြင့် ...
" ဘကြီး "
" ဟေ ... "
" ဘကြီးဖင်မှာ ဘယ်သူ့ချေးလဲဗျ ... "
ဘကြီးက မျက်လုံးပြူးထွက်လာပြီး ...
" ဟာ ... ဒီပလော်ပလန်က အသစ်ပဲကွ၊ ငါတစ်ခါမှ မစဉ်းစားမိဘူး ... ဒါကြောင့် လူငယ်ပေမယ့် မင်းက
တိုးတက်မယ်လို့ ငါပြောတာ၊ မင်းပေးတဲ့ ပလော်ပလန်အသစ်ကို ငါ စဉ်းစားလိုက်ဦးမယ် "
အဘိုးကြီးက ဆေးတံကြီးဖွာကာ သေသေချာချာ ငြိမ်ငြိမ်သက်သက် စဉ်းစားနေတော့သည်။ ထိုအခါကျမှ
သူ့ပစ္စည်းတွေကို သူနေမည့်အခန်းထဲသို့ ပို့ရ၏။ သူ တိတ်နေသဖြင့် တစ်အိမ်လုံးလည်း တိတ်နေတော့၏။
ကဗျာက မင်းဆက်ကို တီးတိုးလာမေး၏။
" မင်းဆက် ငါတို့ဘကြီးကို နင် ဘာလုပ်ထားတာလဲ "
" ဒဿနပဉ္စာ ဖြေရှင်းခိုင်းထားတာ "
" အဘိုးကြီး ထမင်းတောင် ကောင်းကောင်းမဝင်ဘူး "
" ငါကတော့ ဝင်တယ် "
" မသထာရေစာ မျိုးဆို့ "
" ကိုယ့်ချစ်သူစားတာကို ဒီလိုပဲ ပြောရလား ... ဟဲ ဟဲ ဟဲ ... "
" နေပါဦး နင်မေးလိုက်တဲ့ မေးခွန်းက ဘာတုန်း "
အတင်းမေးသဖြင့် ပြောပြလိုက်ရ၏။ အဲဒီတော့လည်း ရယ်လိုက်တာ ခွက်ထိုးခွက်လန်။ သူ့အမေနှင့်
သူ့အစ်မကိုပါ ပြန်ပြောပြသည် ထင်သည်။ ထိုနှစ်ယောက်စလုံးလည်း မျက်နှာတွေ ပြုံးစိစိ ဖြစ်နေကြသည်။
ညနေစောင်းလာပြီ မင်းဆက် ပြန်ရတော့မည်။ အဘိုးကြီးက လှမ်းခေါ်၏။
" ကောင်လေး ဟိုကောင်လေး ... "
" ကျွန်တော့်နာမည် ညိုမင်းဆက်ပါ ... "
" အေး အဲဒီညိုမင်းဆက် ကို ခေါ်တာပဲ "
" ဟုတ်ကဲ့ လာပါပြီ ... "
" မင်းပေးခဲ့တဲ့ကျင့်စဉ်က ညဘက်လည်း ကျင့်လို့ရတယ် မဟုတ်လား ... "
" ဟာ ... ပိုကောင်းတာပေါ့ ... "
" ငါ နမူနာကျင့်ကြည့်ဦးမယ် ... မင်းကြည့်လိုက် ... "
အဘိုးကြီးက ကြမ်းပြင်ပေါ်လှဲလိုက်ပြီး ခြေနှစ်ဖက် လက်နှစ်ဖက်ကို လျှော့ထားကာ
အသက်ဝဝတစ်ချက်ရှိုက်လိုက်၏။ ပြီးမှ နှုတ်ဖြင့် ...

www.burmeseclassic.com

“ ဟီး ဟီး ဟီး ဟီး ဟီး ”
“ အမေ့ … ဘာသံကြီးလဲတော့ … ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
“ ဟဲ့ … နင်တို့ဘကြီးအသံ မဟုတ်လား … ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
သားအမိတစ်တွေ ပြေးထွက်လာကြသည်။
“ အစ်ကို ဘာဖြစ်တာလဲ ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
“ ဘကြီး ဘာဖြစ်တာလဲ ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
“ မင်းဆက် တို့ဘကြီး ဘာလို့ ဒီလိုဖြစ်သွားတာလဲ … ”
“ ဆေးပညာ ကျင့်စဉ်တစ်ခု ရှိတယ်ဟ … ကိုယ့်မှာ ရောဂါတွေ ရှိရင် ကိုယ့်ရဲ့အသံစွမ်းအားနဲ့ ကုယူလို့ရတယ်၊ အသံကုထုံးလို့ ခေါ်တယ် ”
ရွှေကဗျာ ဇဝေဇဝါဖြစ်နေခိုက် မင်းဆက်က သူ့လွယ်အိတ်ထဲမှ စာအုပ်ကလေးတစ်အုပ်ကို ထုတ်ပြသည်။
စာအုပ်က အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော စာအုပ်ဖြစ်သည်။
“ ကုထုံးအမှတ် ၆ ကိုကြည့်လိုက် အဲဒါ အခုနည်းပဲ … နင့်ဘကြီးလေ့ကျင့်နေတာ … ”
“ သူငြိမ်သွားတာတော့ ဟုတ်ပါပြီ၊ အဲဒီအသံကြီးနဲ့ ငါတို့က ဘယ်လိုလုပ် အိပ်ရမှာလဲ … ”
“ မကြာပါဘူး သူအိပ်ပျော်သွားမှာပါ ”
“ မင်းဆက်ရယ် … နင့်နှယ် … ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
“ ငါ့နှယ်နော် နင့်ဘကြီးနှယ် … ”
“ ဟီး ဟီး ဟီး ဟီး ဟီး ”
ဖြစ်ပုံကတော့ အဲဒီလိုပါပဲ ………

( ၉ )

ထိုရက်ပိုင်းများအတွင်းဝယ် နေလင်းပိုင် စိတ်လေနေ၏။ ကိုကြီးမိုး၊ အာကာစိုးတို့နှင့်လည်း စကားဟက်ဟက်ပက်ပက် မပြောမိ။ ဟိုနှစ်ယောက်ကလည်း အားပေးဖျောင်းဖျမှု မရှိဘဲ ဘာသိဘာသာနေ၏။
အာကာစိုးက ဝီစကီကို ရေခဲနှင့် စပ်နေရင်းက …
“ ကိုကြီးမိုး ”
“ ဟေ … ”
“ အသည်းကွဲတယ်ဆိုတာ အဲဒါမျိုးလားဗျ … ”
“ မဟုတ်ဘူး ဒီကောင်အသည်းကွဲတာမဟုတ်ဘူး၊ အချစ်နာကျနေတာ ”
“ အချစ်နာကျနေတာ ဟုတ်လား … ”
“ ဟုတ်တယ် ”
“ စကားလုံးက အထူးအဆန်းပါလား ”
“ လွမ်းဖျားလွမ်းနာလိုမျိုးပေါ့ကွာ၊ ဒါပေမယ့် မတူဘူး၊ လွမ်းဖျားလွမ်းနာဆိုတာက မတွေ့ရ မမြင်ရနဲ့ ကွဲကွာနေတဲ့ချစ်သူတွေမှ ဖြစ်တတ်တာ၊ အချစ်နာကျတယ်ဆိုတာက နေ့တိုင်းတွေ့နေ မြင်နေနိုင်ပါရက်နဲ့ သူနဲ့ကိုယ်နဲ့ မဖြစ်နိုင်တော့လို့ ရင်ထဲကနာနေတာ ”
နေလင်းပိုင် တောင်တောင်အီအီ လျှောက်စဉ်းစားနေမိ၏။ သူသည် တကယ်ပဲ အချစ်နာကျနေပြီလား။ အရှုံးသမား ဖြစ်သွားပြီလား။ ချစ်သူသာ ရှိသေးပြီး အိမ်ထောင်မပြုရသေးသည့်၊ စေ့ပင် မစေ့စပ်ရသေးသည့် မိန်းမပျိုတစ်ယောက်ကို လွတ်လပ်သည့် လူငယ်တစ်ယောက်က ပိုးပန်းတာ အလွန်လား။
နေလင်းပိုင် ဘီယာဖန်ခွက်ထဲမှ အမြှုပ်များကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။
ဘီယာသောက်ချင်စိတ်လည်းမရှိ။ ဟိုနှစ်ယောက်ကတော့ ရေထည့်လိုက် အမြည်းစားလိုက်ဖြင့် ..

www.burmeseclassic.com

www.burmeseclassic.com

" ကိုကြီးမိုး "
" ဟေ ... ဘာတုန်း .. "
" အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးဆိုတယ် မဟုတ်လား "
" အေး ပြောတော့ ပြောကြတာပဲ ... ဒါပေမယ့် ... "
" အဲဒီအတိုင်းဆိုရင် မတရားလုပ်ခံရသူက ဘယ်ကျေနပ်မလဲ၊ အရှုပ်ဆိုး အကျည်းတန်တာပေါ့ "
" ခက်တော့တာပဲဗျာ ... အမြင်လှအောင် ဘယ်လိုလုပ်ရမှာလဲ "
" ဘယ်လိုမှ မလုပ်နဲ့တော့ ... မင်းလက်လျှော့လိုက်တော့၊ ခုချိန်မှ ဥစ္စာပေါ ရုပ်ချော ပညာတတ် မင်းရဲ့ဝိတ်တွေနဲ့ ဝင်လည်း အလကားပဲ ... ဗီလိန်ပဲ ဖြစ်မှာပေါ့ ... "
နေလင်းပိုင် ရင်ထဲမှာ မီးချောင်းကြီး မြိုချရသလို ခံစားနေရသည်။
" ကျွန်တော် သူ့ဆီကို မသွားတာ သုံးလေးရက်ရှိပြီ "
" ကောင်းတာပေါ့ကွာ ... နောက်တော့ သုံးလေးပတ်၊ နောက်တော့ သုံးလေးလ ... နောက်တော့ သုံးလေးနှစ် ဒီလိုနဲ့ပဲ မေ့သွားမှာပါ ... "
အာကာစိုးက ...
" ဟော့ကောင် ... မင်းငှားထားတဲ့ စာအုပ်တွေ ငါ့ဆီမှာ ပြန်ပို့လိုက်ဦး ... "
" အေး ... ပြောနေကြာတယ် အခုပဲ သွားပို့မယ် ... "
ကိုမိုးကြီးကလည်း မည်းမည်းမည်းလိုက်လာ၏။ ဒါတောင် ဆိုင်မှ ထတော့ ရစ်နေသည်။
" နေလင်းပိုင် "
" ဗျာ ... ကိုကြီးမိုး "
" မင်းက ဘီယာတွေမှာပြီး သောက်လည်းမသောက်ဘူး"
" သောက်ချင်စိတ်မရှိဘူးဗျာ ... "
ထိုသို့ဖြင့် အာကာစိုး၏ အိမ်သို့ ဦးတည်မောင်းခဲ့သည်။ ညမှောင်နေပြီ။ ပိုးကောင်ငယ်လေးများ၏ ကျလစ်ကျလစ်အော်သံများကို ကြားနေရသည်။ အာကာစိုး အိမ်ရောက်တော့ ငှားထားသောစာအုပ်များကို ယူရသည်။
ကိုကြီးမိုးက ...
" ငါဒီမှာပဲ နေခဲ့တော့မယ် "
" ပါဆယ် ယူလာပြန်ပြီလား ... "
" အေးပေါ့ ... မင်းတို့တောင် မသိလိုက်ဘူး မဟုတ်လား ... ဟဲ ဟဲ ဟဲ ဟဲ ... "
သို့ဖြင့် နေလင်းပိုင် တစ်ယောက်တည်း စာအုပ်ဆိုင်သို့ ထွက်လာခဲ့ရသည်။ စာအုပ်ဆိုင်နားမှာ ရွှေကဗျာတို့အိမ်ရှိ၏။ မကြည့်ဖြစ်အောင် အားတင်းကြိုးစားရင်း စာအုပ်ဆိုင်ရှေ့မှာ ကားရပ်လိုက်သည်။ စာအုပ်တွေယူပြီး ဆိုင်ထဲဝင်တော့ ...
" ဟာ ... "
ဆိုင်ထဲရောက်နေသူက ရွှေကဗျာ ...
ရွှေကဗျာက သူ့ကိုတစ်လှည့်၊ သူမောင်းလာသော ကားကို တစ်လှည့် ကြည့်သည်။ မျက်နှာအမူအရာ အပြောင်းအလဲမရှိ၊ ခပ်တည်တည်ပဲ ဖြစ်၏။
နေလင်းပိုင် ပြန်အပ်ရမည့် စာအုပ်တွေကို စားပွဲပေါ်တင်ပြီး စာရင်းတွက်နေကြတုန်း ဆူညံဆူညံအသံများ ကြားရသည်။
" အမလေး ... ကျွန်မသမီးလေးကို လုပ်ကြပါဦးတော် ... ဘယ်လိုဖြစ်လည်းမသိဘူး ... "
မိန်းမတစ်ယောက် ကလေးတစ်ယောက်ကို ပွေ့ချီထားသည်။ ဆိုင်ထဲသို့ဝင်လာလေသည်။ ကလေးက နှုတ်ခမ်းမှာ အမြှုပ်တွေနှင့် ...
" ဟ ... ဘယ်လိုဖြစ်တာလဲ ... "
" မသိပါဘူးရှင် ... ကျွန်မကြည့်လိုက်တော့ အဲလိုဖြစ်နေတာပဲ "
ဆိုင်ထဲရှိနေသူအကုန်လုံး ခြေမကိုင်မိ လက်မကိုင်မိ။ ကလေးက သတိလစ်နေ၏။ နေလင်းပိုင်က
" အမြန်ဆေးရုံသွားမှ ဖြစ်မယ် ... ကျွန်တော် ကားနဲ့ လိုက်ပို့ပေးပါ့မယ် ... "

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ဆိုင်မှ လူနှစ်ယောက်ကပါ အဖော်လိုက်လာသည်။ တော်သေးသည်။ ဆေးရုံရောက်တော့ ကလေးက အသက်မီရုံရှိသည်။ လက်သည်းဆိုးဆေးတွေ မျိုချလိုက်၍ ဖြစ်သည်။ ကလေးအမေက နေလင်းပိုင်ကို ကျေးဇူးတင်၍မဆုံး။ ပြီးသူမက သမီးကို ညအိပ်စောင့်ရန် ကျန်ခဲ့သည်။
နေလင်းပိုင်တို့လည်း အတော်ပင်ပန်းသွားသည်။ နေလင်းပိုင်က စာအုပ်ဆိုင်မှ လူများကို ပြန်ပို့ပေးသည်။
ထိုအခါကျမှ စာအုပ်ဖိုးတွေရှင်းရသည်။ မယူပါလုပ်နေသဖြင့် အတင်းပေးရသည်။ ပြန်လှည့်ထွက်တော့ ...
" ဟင် ... ရွှေကဗျာ"
" ကလေးအခြေအနေ ဘယ်လိုရှိလဲ "
အသေးစိတ် ရှင်းပြရပြန်သည်။
အခြေအနေကို လိပ်ပတ်လည်တော့မှ ရွှေကဗျာက ရင်ဘတ်ကို လက်ကလေးနှင့် ဖိကာ ...
" ဘုရားသိကြားမလို့ တော်ပါသေးရဲ့ ... "
စာအုပ်ဆိုင်မှ လူက ဝင်ပြော၏။
" ဘုရားသိကြားမလို့ မဟုတ်ဘူး ... ဟောဒီက ကိုနေလင်းပိုင် မလို့ ... "
" ဟာ ... ခင်ဗျားတို့ကလည်းဗျာ ကျွန်တော် ငရဲတွေ ဘာတွေကြီးနေပါဦးမယ် "
တစ်ဆက်တည်း ရွှေကဗျာဘက်လှည့်၍ ....
" ကိုယ့်နာမည် နေလင်းပိုင်ပါ "
" ကျွန်မ မှတ်ထားပါ့မယ် "
" အားလုံးပဲ တာ့တာ ... သွားပြီ ... ချစ်ပုံ့လေးရဲ့ ကျန်းမာရေး အခြေအနေသိချင်လို့ အိမ်ကိုခွင့်တောင်းပြီး ထွက်လာရတာ ... "
ထို့နောက် လှပသော ခန္ဓာလေးကို ယိမ်းနွဲ့ပြီး ထွက်သွားပါတော့သည်။
ထိုညမှာ နေလင်းပိုင် တော်တော်နှင့် အိပ်မပျော်။ ပျော်နေ ရင်ခုန်နေတော့၏။ ဖူးစာရေးနတ်က အချိန်မီ အစွမ်းပြပြီထင့်။ အာကာစိုးနှင့် ကိုကြီးမိုးကို ပြန်ပြောရင်ကောင်းမလား၊ မပြောဘဲနေရင် ကောင်းမလား စဉ်းစားရင်း အတွေးဖြာနေသည်။
မှေးခနဲ အိပ်ပျော်သွားတော့ အိပ်မက်တစ်ခု မက်၏။ အိပ်မက်က အလွန်ထူးဆန်းသည်။
အိပ်မက်ထဲမှာ ကဗျာတစ်ပုဒ်ကို သူရသည်။ ကဗျာက ဖတ်မရ။ ရွှေပေလွှာပေါ်တွင် ရွှေရည်မှင်သားတို့ဖြင့် ရေးထားသောကြောင့် ဖြစ်၏။ ဖတ်လို့ရရန် အတင်းကြိုးစားသောအခါ လက်ထဲတွင် ရွှေကဗျာ ပျောက်သွားသည်။
" အလိုလေး ... "
သူ သဲကြီးမဲကြီး ရှာသော်လည်း ပြန်မတွေ့တော့ချေ။ ရွှေကဗျာသည် မှော်အစွမ်းတွေ တက်ထားရော့သလား။
မိုးလင်းတော့ မောနေ၏။ ဘာပဲဖြစ်ဖြစ် ဖြစ်သမျှကို သူကျေနပ်ပါသည်။
လမ်းကြောင်းကတော့ ပွင့်လာပြီ။ အာကာစိုးနှင့် ကိုကြီးမိုးကို အနည်းငယ်ထူးခြားမှုရှိမှပဲ သူပြောတော့မည်။
ညနေကျတော့ ကားယူပြီး ကလေးမ ( ချစ်ပုံ့လေးဆိုသော သူသာ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ရွှေကဗျာတို့ အလွန်ဝမ်းနည်းရမယ်ဆိုသော ) သွားကြည့်ရ၏။ ကလေးက ယဲ့ယဲ့လေးဖြစ်၏။ သူပင်စိတ်မကောင်း။
ချစ်ပုံ့လေး၏ အမေဖြစ်သော မခင်လေးကလည်း သူ့အား အကူအညီတောင်းပြန်သည်။ သူတို့အိမ်မှ လိုအပ်သောပစ္စည်းပစ္စယ သွားရောက်ယူပေးရန် ဟူ၏။
သူပေးလိုက်သော အိမ်သော့တွဲကို ယူကာ ကားမောင်းထွက်လာခဲ့လိုက်၏။ နေလင်းပိုင် တစ်ချက်မှားသွားသည်။ သို့သော် အမှားကောင်းဖြစ်သည်။
ချစ်ပုံ့လေးတို့အိမ်ကို သူမသိ။ ရမ်းသမ်းထွက်လာရာရောက်နေသည်။ သို့သော် ရွှေကဗျာတို့အိမ်သို့ ဝင်မေးလိုက်လျှင်လည်း ရသည် မဟုတ်ပါလော။
" ကံဆုံချင် ဒီလိုပဲကွ ... "
ကားကို ရွှေကဗျာတို့အိမ်ရှေ့မှာ ညင်သာစွာ ရပ်လိုက်သည်။ အိမ်ထဲမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။
" ဘာကိစ္စရှိလို့လဲ "
အိမ်နေရင်းအဝတ်အစားနှင့်ပင် လှပချောမွေ့နေသော အမျိုးသမီးဖြစ်သည်။
" ကျွန်တော် ရွှေကဗျာနဲ့ တွေ့ချင်လို့ပါ ... "

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် ' မမ ဘယ်သူလဲ ' ဟူသော မေးသံလေးနှင့်အတူ ရွှေကဗျာရောက်လာပြီး နေလင်းပိုင်ကို တွေ့တော့ မျက်နှာတစ်မျိုးလေးဖြစ်သွားသည်။
" ဘာကိစ္စလဲ "
" ဟို ချစ်ပုံ့လေးတို့ အမေက ကျွန်တော့်ကို သူ့အိမ်က ပစ္စည်းတွေ ဝင်ယူခိုင်းပါတယ် "
" အဲဒီတော့ ... "
" ကျွန်တော်က ထွက်သာလာတယ်၊ သူ့အိမ်မသိဘူး ဖြစ်နေတယ် "
" ဩ ... အဲဒါ ညွှန်လိုက်လို့ရပါတယ်၊ ဟိုထောင့်က ပိတ်ထားတဲ့ အိမ်ပဲ နီးနီးလေးပါ ... "
" မဟုတ်ဘူး .. အဲဒါနဲ့မပြီးသေးဘူးခင်ဗျ ... အဲဒီအိမ်က ဘာလို့လူမရှိတာလဲ၊ ကျွန်တော်က သော့တွဲကိုင်ပြီး အဲဒီအိမ်ထဲက ပစ္စည်းတွေကို လျှောက်ယူဖို့ဆိုတာ မသင့်တော်ဘူးထင်တယ် "
" သြော် ... ကျွန်မက ရှင်နဲ့အတူ လိုက်ဝင်ရမှာလား "
နေလင်းပိုင် ဘာပြောရမှန်းတောင်မသိ ဖြစ်သွားသည်။
" ဟို ... ဟို .... "
စကားအကြပ်ရိုက်နေစဉ် တစ်ချိန်လုံး နောက်မှ ရပ်နားထောင်နေသော ဒေါ်မာလာက ...
" ကဲ ... ကဲ ... အမေပါ လိုက်ပါ့မယ် ... "
ဖက်ဖူးဝါ အိမ်စောင့်ဖြစ်သွားသည်။
မခင်လေးတို့အိမ်ထဲကို ဝင်ရတာ လွယ်လွယ်ကူကူ ရှိပါသည်။ နေလင်းပိုင်၏ ရင်ထဲမှာလည်း ရွှေကဗျာနှင့်အတူ အခုလို နေထိုင်ရခြင်းမှာ သာယာချမ်းမြေ့ရှိပါသည်။
ဒေါ်မာလာကို စကားရောသောဖောသော လုပ်ပါသည်။
" အန်တီ "
" ဟေ ... "
" မခင်လေးက ဘယ်လိုဖြစ်တာလဲ၊ ဆွေမျိုးသားချင်းတွေ မရှိဘူးလား ... "
ဒေါ်မာလာက တိုတိုပဲ ရှင်းပြသည်။
" သူတို့လင်မယားကို နှစ်ဖက်ဆွေမျိုးတွေက စွန့်ပစ်ထားကြတယ်၊ ယောကျာ်းက သင်္ဘောသား၊ ခု ပင်လယ်ထဲမှာ၊ မနေ့က မင်းကားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တိုးတာ ဘုရားမတာပဲ အောက်မေ့"
ယူစရာရှိသည်များကို သူတို့သားအမိက ဦးဆောင်ရှာဖွေ ကူညီယူဆောင်ပေးပါသည်။ ဒေါ်မာလာက မေးသည်။
" ချစ်ပုံ့လေးရဲ့ အခြေအနေက ဘယ်လိုတုန်း "
" ကျွန်တော်ပြောပြတာထက် လိုက်ကြည့်လိုက်ရအောင် ကျွန်တော် အပြန် လိုက်ပို့ပေးမယ် ... "
" အေး .. ကောင်းတယ် ... "
ဒေါ်မာလာနှင့် စကားပြောရသည်က လိုရင်းရောက်လေသည်။ ရွှေကဗျာကသာ ဂဂျီဂျောင်နှင့် ..
" ဒါဆို အိမ်မှာ မမတစ်ယောက်တည်း ဖြစ်နေမှာပေါ့ ... "
" ညည်းအစ်မက ဘယ်မှမသွားဘူး၊ ပြန်လာရင် တွေ့ရမှာ ... "
" ဒါဆိုလည်းပြီးရောလေ .. ဒါပေမယ့် ချစ်ပုံ့လေး ဝေဒနာခံစားနေရပုံလည်း မကြည့်ရက်ဘူး .."
ဒေါ်မာလာက ဘာမှမပြော။ မှာထားသော ပစ္စည်းများကို ကားပေါ်ပို့ တင်ကြသည်။ ကားက ရွှေကဗျာတို့ အိမ်ရှေ့မှာ ရပ်ထားခြင်းဖြစ်သည်။ တချို့အိမ်မှ လူများက ထွက်ကြည့်ကြသည်။ ကားပေါ်မှာ ဒေါ်မာလာက မေးသည်။
" မခင်လေး ခုကော ငိုနေတုန်းပဲလား "
" ဟုတ်ကဲ့ ... "
" အန်တီတို့ မနက်က ရောက်သေးတယ်၊ အန်တီရယ် သမီးအကြီးမရယ်ပေါ့ ... "
" အန်တီတို့ကိုတွေ့တော့ရော မငိုဘူးလား ... "
" ငိုတာပေါ့ကွယ် ... တို့လည်းမျက်ရည်လည်တာပေါ့ ... "
" ရွှေကဗျာဆိုရင် အော်ငိုမယ်ထင်တယ်"
ထိုနောက်ဆက်တွဲစကားကို ဒေါ်မာလာဆက်ပြောခြင်းမဟုတ်။ နေလင်းပိုင်က ဝင်ပြောခြင်းဖြစ်သည်။ အရွှန်းပါသော စကားဖြစ်၍ ဒေါ်မာလာ မသိမသာပြုံး၏။ ရွှေကဗျာကတော့ သိသိသာသာ

www.burmeseclassic.com

မျက်စောင်းထိုးသည်။ နေလင်းပိုင် ရင်ထဲမှာ ငြိသွားသည်။ သူ့ရင်ထဲမှာ ရွှေကြာပွတ်နှင့် အရိုက်ခံရသလို ရှွန်းခနဲ မြည်သွားသည်။

ဆေးရုံမှာ မခင်လေးနှင့် တွေ့အပြီး သူမှာသော ပစ္စည်းများကို ပေးပြီး ခဏအကြာမှာ ဒေါ်မာလာက ...

“ စကားမစပ် မင်းနာမည်တောင် မမေးရသေးဘူး ”

“ ကျွန်တော့်နာမည် နေလင်းပိုင်ပါ ”

“ ဘယ်မှာနေလဲ ”

“ ဘောက်ထော်မှာပါ ”

“ တို့ကိုလည်း ပြန်ပို့ပေးရဦးမှာဆိုတော့ မင်းလည်းပြန်ရ နောက်ကျမယ် သွားကြစို့ ... ”

“ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ”

အပြန်လမ်းကို ကားပေါ်မှာ တိတ်ဆိတ်စွာ စီးမျောလိုက်ပါလာခဲ့ကြ၏။ သုံးယောက်စလုံး စကားမဟကြ။ နေလင်းပိုင်က စကားတွေအများကြီး ပြောချင်သည်။ သို့သော် ဘယ်ကစ၍ ဘာကိုပြောရမှန်းမသိ။ ရည်မွန်တည်ကြည်သော ဒေါ်မာလာ၏အနေအထားကြောင့် ဘာကိုမျှ စကားမစရဲဘဲ နှုတ်ဆိတ်နေရခြင်း ဖြစ်၏။

ထိုသို့ဖြင့် ထိုညမှာ နေလင်းပိုင် အိပ်မက်တွေ ကောင်းနေပြန်ပါသည်။ ထိုသို့ပင် အိပ်မက်တွေ ကောင်းရပါစေ ...

“ မိကဗျာ ... ”

( ၁၀ )

မင်းဆက်ပျော်နေသည်။ ဗြဟ္မာ့ခေါင်းကြီး လွတ်သွား၍ ဖြစ်သည်။ နောက်တစ်နေ့ မိုးလင်း၍ သူတို့အိမ်သွားတော့ ရွှေကဗျာရော ဖက်ဖူးဝါပါ သူတို့ဘကြီး၏ အထုပ်အပိုးများကို သေသေသပ်သပ် ပြင်ဆင်နေသည်။ ဘကြီးကို တစ်နေရာပို့မည်ဟု ထင်ရသည်။

“ သုဝဏ္ဏဘက်မှာရှိတဲ့ သူ့မိတ်ဆွေလင်မယားဆီ သွားနေမလို့တဲ့လေ ... ”

“ ဟိုက ခေါ်လို့လား ... ”

“ ခေါ်လို့ပေါ့ဟဲ့ ... ”

“ ဒါကြီးများ ... ”

“ အံမယ် ... မင်းဆက်နော် ငါ့ဘကြီးကို ... ”

ထိုအချိန်မှာပဲ ...

“ အားလုံးအဆင်သင့် ဖြစ်ပြီလားဟေ့ ... ”

အပေါ်ထပ်မှ အောင်မြင်ခန့်ညားလှသော အသံကြီးကို ကြားလိုက်ရ၏။

“ အဆင်သင့်တော့ ဖြစ်ပါပြီ ကားလာဖို့ပဲ ”

ဘကြီးတော်က မနေ့က အဝတ်အစားအတိုင်းပင် ဆေးတံကြီးခဲလျက် ဆင်းလာ၏။

ညိုမြင်းဆက်ကို တွေ့တော့ ...

“ ဟ .. နွားကြီးတောင် ရောက်နေပြီကိုး ... ”

ညိုမြင်းဆက် မျက်လုံးပြူးသွား၏။

“ ဘကြီး ကျွန်တော့်နာမည် မင်းဆက်ပါ ”

“ မင်းဘာသာ ဘာဖြစ်ဖြစ် ငါက ငါခင်တဲ့လူတွေကို ငါပေးချင်တဲ့ နာမည်ပေးခေါ်တာ၊ မှတ်ထား မင်းနာမည် နွားကြီး ... အခု ငါသွားမယ့်အိမ်က လေအိုးနဲ့ ပေါ်တာ ... ”

မင်းဆက် ကပျာကယာ ထောက်ခံလိုက်၏။

“ ဟာ ကောင်းတာပေါ့ .. သူတို့နာမည်တွေ ကြားကတည်းက သူတို့အရည်အချင်းကိုပါ တန်းသိရတယ်၊ ဘကြီးတို့သုံးယောက်နေမယ့် အိမ်လေးကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေမှာပဲ ”

“ ကားလာပြီ .. ကားလာပြီ .. ”

ဖက်ဖူးဝါက အငှားကားတစ်စီး ငှားလာခြင်းဖြစ်သည်။ ပစ္စည်းပစ္စယများ အကုန်တင်၍ လက်ပင်မပြဘဲ

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးတော်ထွက်သွားသည်။
ထိုအခါကြတော့မှ ညည့်ခန်းကုလားထိုင်များပေါ် ခြေပစ်လက်ပစ်ထိုင်မိကြသည်။ မင်းဆက် မကျေမချမ်းနှင့် ...
" ငါ့ကိုများ နွားကြီးတဲ့ .. "
ရွှေကဗျာက ရယ်သည်။ ဖက်ဖူးဝါက မသိမသာပြုံးပြီး အိမ်ခန်းထဲလှည့်ဝင်သွားသည်။ ရှောင်ပေးသွားသည် ဆိုပါစို့ ... မင်းဆက်က ရွှေကဗျာကို မှတ်မှတ်ရရ မေးမိသည်။
" ညက သူ ဟီး ဟီး ဟီး ဟီး ကျင့်စဉ် ကျင့်ရဲ့လား ... "
" ကျင့်တာပေါ့ .. ဘာသံကြီးမှန်းမသိဘဲ ထွက်ထွက်လာလို့ တို့သားအမိတစ်တွေ ခဏတော့ စိတ်ညစ်နေရတယ် "
" အဲဒီကျင့်စဉ် အဲဒီနည်းက အိပ်ပျော်တယ်ဟ၊ အရှက်သာမရှိနဲ့ ဘယ်ရက်မှာ ဖြစ်ဖြစ် ကျင့်လို့ရတယ် "
" အမယ် အလာကြီးပါလား "
" နောက်ပြီး ဒီနည်းက ကျင့်ရင် စွဲတယ်ဟ ... "
" ဟယ် ... အဲဒီဟာကြီး ငါ့ဘကြီး သေရာပါသွားရင် ခက်ကရော "
" သေခါနီးတောင် တဟီးဟီး ဖြစ်နေမယ် "
ဆက်တီပေါ်မှ ခေါင်းအုံးနှင့် ရွှေကဗျာက မင်းဆက်ကို ထပေါက်မိ၏။
" မင်းဆက် အစုတ်ပလုတ် ... "
" ဟဲဟဲ ဟဲဟဲ ... "
" နွားကြီး ... "
" ဟော့ ... ဟော့ ... ဟော့ .. အဲဒီလိုတော့ မခေါ်နဲ့လေ ... "
" ခေါ်တော့ ဘာဖြစ်လဲ ... "
" နင်လည်း နင့်ဘကြီးနဲ့ တစ်ဂိုဏ်းထဲ ဖြစ်သွားမှာပေါ့၊ ဒါနဲ့ နေပါဦး နင်တို့ညီအစ်မကိုရော နင်တို့ဘကြီးက နာမည်ပေးမထားဘူးလား "
" ဟင့်အင်း .. သူက သူ့အာရုံကျတဲ့လူမှ ရွေးမှည့်တာ "
" အခုတောင် ဒီမှာ မဆီမလျော်ကြီး ပိန္နဲပင်ကိုများ ပေါက်စ .. လူကိုကျတော့ နွားကြီးတဲ့ .."
တခစ်ခစ်ရယ်နေသော ရွှေကဗျာ့ကို ကြည့်ကာ ...
" ငါ စိတ်ကူးတစ်ခုတော့ ရတယ် "
" ဘာလဲ .. "
" နင့်ကိုလည်း ငါ့ဘာသာ နာမည်တစ်မျိုးပေးပြီး ခေါ်မယ် ... "
ရွှေကဗျာက လဲ့လဲ့ကလေးပြုံး၏။ မင်းဆက်က ..
" ကဲ .. ကဲ .. ကျွန်ုပ်ချစ်သော မိန်းမပျို ... ကျွန်ုပ် ပြန်လိုက်ပါဦးမည် ... အိမ်မှာ ဘာညာ သာရကာလေးတွေ သွားနမ်းဖြုံးလိုက်ဦးမည် "
မင်းဆက်တို့က အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးလုပ်သည်။ မင်းဆက် ဝါသနာမပါပုံများတော့ ရိုက်မေးစရာတောင်မလိုဘဲ စုံစီနဖာ ပြောပြနိုင်သည်။ မင်းဆက် ပြန်ရန်ပြင်၏။
" ကဗျာ နက်ဖြန်ခါ အတန်းမရှိဘူးနော် ... ကိုယ် စိတ်မချဘူး ... "
" အောင်မလေး ဖြစ်ရလေ .. ကျုပ်တို့က သမီးအလိမ္မာလေးတွေ၊ ကဲပါ .. သွားမှာဖြင့် သွားပါ၊ ငါအိမ်အလုပ်တွေ ကူလုပ်ပေးရဦးမယ် "
" ကဗျာ "
" မသွားသေးဘဲ ဘာလုပ်နေတာလဲ "
" ငါ စိတ်မချဘူးဟာ "
" စိတ်ချ စိတ်ချ ... စိတ်မချစရာ ဘာအကြောင်းမှ မရှိဘူး "
" ဘာသံမှ မကြားချင်ဘူးနော် "
" ဟောတော့ .. ကဲ ကိုနွားကြီး ... "
" အဲဒီလိုတော့ မခေါ်နဲ့ ... ကဲ သွားပြီ သွားပြီ ... "
ညိုမင်းဆက် ချောင်သော ဘတ်စ်ကားများကို ရွေးချယ်စီးနင်းသွားသည်။ ရေ့ကွေသို့ရောက်လျှင် ဆင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

ကားပြောင်းစီးရမည်။ ကားရပ်၍ မင်းဆက်အဆင်း မိန်းကလေးတစ်ယောက်၏ ခန္ဓာကိုယ်က မင်းဆက်နောက်ကျောပေါ် ပြိုကျလာသည်။ မင်းဆက် အင့်ခနဲ ဖြစ်သွားသည်။ ရပါတယ်လေ နွားကြီးပဲ ...
" ဇင်မာ ရလား ... "
နောက်ထပ်မိန်းကလေးတစ်ယောက်၏ အော်မေးသံကို ကြားရသည်။ ကားအောက်ရောက်ပြီး လူရှင်းမှပဲ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။
" ဟာ ... ဇင်မာ မဟုတ်လား ... "
သူမနှင့် အဖော်ပါလာသော မိန်းကလေးကိုလည်း စေ့စေ့ကြည့်လိုက်မိသည်။
" နင်က စုမွန် မဟုတ်လား ... "
စုမွန်က ...
" နင် ညိုမင်းဆက် မဟုတ်လား ... "
" အေး ဟုတ်တယ် နင်တို့က ဘယ်သွားမလို့လဲ "
" အဲဒါတွေက ပြောရင် ရှည်ပါတယ်၊ လာ .. လက်ဖက်ရည်ဆိုင် ထိုင်ရအောင် "
လက်ဖက်ရည်ဆိုင်ထဲ သုံးယောက်သား ဝင်ခဲ့ကြသည်။ စုမွန်က သွက်သွက်လက်လက်ဖြင့် ...
" ကော်ဖီမစ် နှစ်ခွက် ... "
ထို့နောက်မင်းဆက်ဘက်သို့ လှည့်ကာ ...
" မင်းဆက်ရော ဘာလဲ ... "
" ကော်ဖီမစ်ပဲ လုပ်လိုက်ပါ "
ပြီး စုမွန်ထံမှ ...
" နင်ဘယ်သူနဲ့ တွေ့သေးလဲ၊ သက်တင်စိုးတို့ ဘိုဘိုထွန်းတို့က နိုင်ငံခြားမှာ .. "
စသဖြင့် စကားဝိုင်းကို ရွှန်းရွှန်းဝေ ဦးဆောင်နေ၏။ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းများဖြစ်သည်။ မင်းဆက် စိတ်ဝင်စားနေသည်က ဇင်မာသွဲ့။ သူတို့နေခဲ့သော အထက်တန်းကျောင်းမှာတော့ ဇင်မာသွဲ့သည် အလှဆုံးနှင့် အတက်ကြွဆုံး မိန်းကလေးဖြစ်သည်။ ယခု မည်သို့ဖြစ်သည်မသိ။ လေးလံထိုင်းမှိုင်းကာ မျက်လုံးတွေလည်း အရောင်မှိန်နေသည်။ မင်းဆက်က ...
" နင်တို့ ယောကျ်ားယူပြီးကြပြီလား "
စုမွန်က ရယ်ဟဟနှင့် ...
" အချိန်တန်ရင် နွားပိန်ကန်မှာပေါ့ဟာ "
လောလောလတ်လတ် နွားကြီးဖြစ်လာသော မင်းဆက် တွန့်သွားသည်။ ဒီတစ်ခါ ရွှေကဗျာတို့ ဘကြီးနှင့်တွေ့မှပဲ နွားပိန်ကြီးလားဟု စစ်စစ်ပေါက်ပေါက် မေးရဦးမည်။ လောလောဆယ်တော့ စုမွန်ကို ...
" နင်တို့ အိမ်ထောင်မကျသေးတာ အဆန်းမဟုတ်ပါဘူး၊ ဇင်မာသွဲ့ အိမ်ထောင်မကျသေးတာ အထူးအဆန်းပဲ "

ထိုစကားကြောင့် သူမတို့နှစ်ယောက်သား မျက်နှာပျက်သွားကြသည်။ အကြောင်းတစ်ခုခုရှိ၍ ဖြစ်မည်ထင်၏ဟု တွေးထင်မိကာ မင်းဆက်အားနာသွားသည်။
" ဟိုလေ ... "
ထိုသို့စကားချီကာ ကျောင်းတုန်းက သူငယ်ချင်းတွေအကြောင်းကို ဘာဘာညာညာ လျှောက်ပြောနေလိုက်၏။ ရယ်စရာတွေလည်းပါသည်။ သို့သော် ပြောဆိုရယ်မောနေကြသည်က မင်းဆက်နှင့် စုမွန်သာ ဖြစ်၏။ ဇင်မာသွဲ့က တကယ့်မျက်နှာတည်၊ မျက်နှာသေ၊ ဖယောင်းနတ်သမီး ရုပ်ထုကဲ့သို့ဖြစ်နေ၏။ ခဏကြာမှ ဇင်မာသွဲ့ထံမှ စကားသံထွက်လာသည်။
" ငါ သန့်စင်ခန်း သွားလိုက်ဦးမယ် "
စုမွန်က သွက်လက်ဖျတ်လတ်စွာ မတ်တတ်ထရပ်ပြီး ...
" သွားလေ .. ငါလိုက်ခဲ့မယ် "
ဇင်မာသွဲ့က လက်မခံချေ။
" ရပါတယ် နေပါ ငါတစ်ယောက်တည်းပဲ သွားလိုက်မယ် "
စုမွန်နှင့် ညိုမင်းဆက်တို့သာ သူမနောက်ကျောကို ကြည့်ပြီး ကျန်ရစ်သည်။ မင်းဆက်က ...

www.burmeseclassic.com

" ဇင်မာ ဘယ်လိုဖြစ်သွားတာလဲ၊ အရင်က ဒီပုံမှ မဟုတ်တာ "
" အသည်းကွဲတာလေ ... အသည်းကွဲတာ "
" သူ့လိုလှတဲ့ မိန်းကလေးကို အသည်းခွဲရက်တဲ့ကောင်က ရှိသေးလား ... "
" ရှိတာပေါ့ .. အလောင်းအစားနဲ့ကို ခွဲသွားတာ "
"ဘယ်လို . . . ငါနားမလည်ဘူး"
"ယောကျ်ားလေးတွေ အလောင်းအစားလုပ်ကြတာဟေ့ . . . ဇင်မာသွဲ့ရဲ့ အချစ်ကို ရအောင်ယူပြီး ပစ်ထားခဲ့ရမယ်၊ လှည့်ကိုမကြည့်ရဘူးတဲ့ . . . "
"တော်တော်မိုက်ရိုင်းပါလား . . . "
စုမွန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး . . .
"ဇင်မာသွဲ့အကြောင်း နင်လည်းသိသားပဲ၊ ဘဝကို အလေးအနက်ထားတဲ့မိန်းကလေး၊ ကုန်ကုန်ပြောရရင်ဟာ ဇင်မာသွဲ့မှာ ချစ်သူရှိသွားတယ်၊ နောက်တော့ အသည်းကွဲပြီး စွန့်ပစ်ခံရတယ်"
"ဩ . . . "
"ဇင်မာက သူ့ချစ်သူကို အရမ်းချစ်တယ်၊ ဘာနဲ့မှ မတူအောင်ကို ချစ်တာ၊ ခုလိုအလုပ်ခံလိုက်ရတော့ အရူးတစ်ပိုင်းကိုဖြစ်နေတာပဲ"
"အဲဒီအကောင်ကို နင်တို့ပြန်မရှာကြဘူးလား . . . "
"တွေ့ပါတယ်၊ ဒါပေမယ့် အဲဒီအကောင်ကလည်း တို့ကိုရှောင်တယ်၊ စကားအပြောမခံဘူး၊ သူ့ကားပေါ်မှာတော့ နောက်ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ . . . "
"နေပါဦးဟ . . . အဲဒီကောင်နာမည် ငါ့ပြောပါဦး . . . "
"တို့နဲ့ရွယ်တူလောက်ပဲ နေလင်းပိုင်တဲ့၊ ရုပ်ချောတယ်၊ အပြောကောင်းတယ်၊ ပရာဒိုကား စီးတယ် . . . "
"တော်ပြီ . . . တော်ပြီ . . . ဟိုမှာ ဇင်မာ ပြန်လာပြီ . . . "
ဝိုင်းသို့ ရောက်ရောက်ချင်း ဇင်မာက ပြောသည်။
"ပြန်ကြရအောင် ငြီးစီစီကြီးဖြစ်လာပြီ"
ထို့နောက် မင်းဆက်ကို . . .
"မင်းဆက် တို့သွားတော့မယ် . . . "
"အေး . . အေး . . . အေး . . . "
ထိုနေ့ညက မင်းဆက် တော်တော်နှင့် အိပ်မပျော်။ ဇင်မာသွဲ့အကြောင်းတွေးကာ စိတ်မကောင်းဖြစ်နေမိ၏။
စိတ်ထဲမှာလည်း တေးမှတ်ထားလိုက်သည်။ နေလင်းပိုင်၊ ရုပ်ချော၊ အပြောကောင်း၊
ဘောက်ထော်ဘက်မှာနေသည်။ ပရာဒိုစီး၏။
ထိုရက်များထဲမှာ မင်းဆက်နှင့် ကဗျာတို့ ရန်ဖြစ်ငြင်းခုန်ရသေးသည်။ စကားပြောရင်း ဘယ်က ဘယ်လိုရောက်သွားသည် မသိ။
"ငါ့စကားနွားရဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ"
"ကိုယ့်ဘက်ကိုယ်ယက်ပြီး ကိုယ်မှမှန်ကန်တယ်လို့ တွင်တွင်ပြောနေတဲ့စကားပေါ့ . . . "
"နင် ငါ့စကားနွားရ မဖြေနဲ့လေ . . . "
မင်းဆက် စိတ်ညစ်သွားသည်။
"ငါ့စကားနွားရဆိုတာ မဟုတ်ဘူး၊ ငါက ငါနားလည်သလို ဖြေတာ"
"အေးလေး ငါမေးနေတယ်၊ ငါ့စကားကို ဘာကြောင့်နွားက ရရမှာလဲ"
ရွှေကဗျာက မျက်နှာလှလှလေးကို မဲ့၍ . . .
"ဒါနဲ့များ သူ့ကိုယ်သူမြန်မာပညာရှိ ဦးလုမိုးရဲ့မြေးတဲ့ . . . "
"နင် အဲဒီလို ငါ့စကားနွားရ မပြောနဲ့လေ . . . "
"ငါ့စကားနွားရက ငါပြောတာမဟုတ်ဘူး နင်ပြောနေတာ . . . "
အမှန်တော့ နွားလိုချင်သော လူတချို့ သူရ ကိုယ်ရ သူ့ဘက် ကိုယ့်ဘက် အနိုင်အထက်ပြောဆိုကြခြင်း ဖြစ်နိုင်ပါသည်။ ဤမျှလောက် ပြောပြနိုင်လျှင် ရွှေကဗျာက ကျေနပ်သွားနိုင်ပါလိမ့်မည်။
ယခုမင်းဆက်က ပိတ်ခံပြီး ဘာမှမပြောသဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် နင့် ငါမယုံတာ"
မင်းဆက်က . . .
"နင့်ကို ငါမေးမယ် ဖြေမလား"
"မေး . . . "
"သယ်လာရင်း တဖြည်းဖြည်းပေါ့သွားတဲ့ ပစ္စည်းတစ်ခု သိလား"
"သိသားပဲ . . . ရေခဲတုံး"
"လူ့ခန္ဓာကိုယ်မှာ အကြီးဆုံးအရာက ဘာလဲ . . . "
"နင်နော် မညစ်စုတ်နဲ့ . . . "
"ညစ်စုတ်တာ မဟုတ်ဘူး . . . အကောင်းမေးနေတာ၊ ခေါင်းလား၊ ကိုယ်လား၊ ဝမ်းဗိုက်လား တင်ပါးလား . . . "
သူမ မျက်လုံးလေး ပြူးထွက်လာအောင် စဉ်းစားပါသည်။ သို့သော် နောက်ဆုံးမှာ လက်လျှော့လိုက်ရ၏။
"မှတ်ထား . . . လူ့ခန္ဓာကိုယ်မှာ အရေခွံက အကြီးဆုံးပဲ၊ တစ်ကိုယ်လုံးကို သူက ထုပ်ပိုးထားတာ"
"ကဲ . . . ကဲ . . . ပန်းပေးပါတယ်နော်၊ ရှင်ရှုံးရင်တော့ ကျုပ်ကို အိုးပုတ်ပြန်ပေးရမယ်"
"ဟ . . . ဟ . . . ဘာဆိုင်လို့လဲ"
"ဆိုင်တယ် . . . ဆိုင်ဆိုင် မဆိုင်ဆိုင် ဆိုင်တယ် . . . "
"ဒါ နင် ငါ့စကားနွှားရပြောတာပဲ . . . "
ပြန်ကာနီးကျမှ စိတ်ထဲမှာ သို့လော သို့လောဖြစ်၍ ကောက်ကာငင်ကာ မေးလိုက်သည်။
"ကဗျာ"
"ဘာလဲ ပြောလေ . . . "
" နင် နေလင်းပိုင်ဆိုတဲ့လူကို သိလား"
ရွှေကဗျာ အံ့သြသွားသည်။ ဘာအကြောင်းကို ဘယ်လိုကြား၍ . . .
မင်းဆက်က ဆက်ပြောသည်။
"ဘောက်ထော်ဘက်မှာနေတယ်ဟာ၊ ပရာဒိုစီးတယ်၊ ရုပ်ချောတယ်၊ အပြောကောင်းတယ်၊
မိန်းကလေးလှလှလေးတွေကို လိုက်တွဲတယ်"
ကဗျာ ဘာပြန်ပြောရမှန်းမသိ၊ နောက်မှ မင်းဆက်ကို မဝံ့မရဲလေသံဖြင့် . . .
"အဲဒါ ငါ့ကို မှတ်တိုင်မှာ ဇာတ်လမ်းလာပြောတဲ့လူလေ . . . "
"ဟာ . . . ဒီကောင်လား . . . "
ညိုမြင်းဆက် စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတော့၏။ ရွှေကဗျာကတော့ အပြစ်ဖြစ်မည်စိုး၍ နေလင်းပိုင်
သူတို့အိမ်သို့ အဝင်အထွက်ဖြစ်လာခဲ့ပုံများကို အကုန်ရှင်းပြပါသည်။
ညိုမြင်းဆက်က နည်းနည်းမျှ မကျေနပ်။
"ဒီစာအုပ်ငှားတာ ဒီမှာမှ လာငှားရလားကွ . . . သူ့အိမ်က အဝေးကြီး ဒါမင်းကို ချဉ်းကပ်ဖို့
ကြိုးစားပုံတစ်မျိုးပဲ . . . "
"ငါလည်း မသိဘူးလေဟာ"
"နောက်တစ်ခါ နင် ဒီအကောင်နဲ့တွေ့ရင် သတိထားဆက်ဆံ"
"အေးပါ"
ကဗျာ မျက်လုံးကလေး ကလယ်ကလယ်နှင့် . . .
"နေပါဦး . . . နောက် အချိန်ကလေးရမှ နင့်ကို ငါကလည်း မေးရပါဦးမယ်"
"ဘာလဲ"
"အဲဒီနေလင်းပိုင် အကြောင်းပေါ့"
"ကိုင်း . . . ဒါဖြင့် အခု ငါသွားပြီ"
နောက်တစ်ရက် နှစ်ရက်နေတော့ ဇင်မာသွဲ့အကြောင်းကို အဓိကထား၍ နေလင်းပိုင်အကြောင်းကို
ပြောပြလိုက်ပါသည်။ သိပ်အယုံအကြည်ကြီးတော့ မဟုတ်။
"နင့်ဟာက တကယ်ရော ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် အဲဒီကောင်နဲ့ ငါ ဇင်မာသွဲ့ကို ဆုံပေးချင်တယ်"
"နင် ဇင်မာသွဲ့နဲ့ ငါ့ကို မိတ်ဆက်ပေးပါလား"
"ဘာလုပ်မလို့လဲ"
"သနားလို့" ဟု သူက ဆိုလေသည်။

( ၁၁ )

" ဟော့ကောင် တိုးကြီး ... "
ကိုတိုးက ပထမ ဇဝေဇဝါဖြစ်သွားပြီးမှ ...
" ဟာ ... မိုးကြီး ... "
တစ်ယောက်နှင့်တစ်ယောက် ဖက်လှဲတကင်း ရန်တွေ့ကြသည်။ ဖက်ဖူးဝါက နောက်ဘက်နားမှာ ချန်ရစ်ရင်း ကြည့်လိုက်သည်။
" မင်းက ဘာလုပ်နေတာလဲ "
" အိုးသည်လေကွာ ... ဒီမှာ အိုးထိုင်ရောင်းနေတာ "
" မင်းကွာ ... ပညာတွေအများကြီး သင်ထားပြီး ဘယ့်နှယ် အိုးရောင်းရတာလဲ "
" အေး အခုတော့ ငါက တစ်နေ့လုံး အိုးသည် .. ညနေကျရင် စာတတ်ပေတတ် အရက်သမားပေါ့"
ဖက်ဖူးဝါကို မေးဆတ်ပြကာ ...
" မိတ်ဆက်ပေးဦးလေကွာ "
ကိုတိုးက ...
" ဖက်ဖူး "
" ဟုတ်ကဲ့ "
" ဒါ ကိုယ်နဲ့ တစ်တန်းထဲ ကျောင်းပြီးတဲ့ သူငယ်ချင်း ... မိုးကျော်တဲ့ .. လူငယ်ချစ်မင်းသားကြီးပေါ့၊ အားလုံးက သူ့ကို ကိုကြီးမိုးလို့ ခေါ်ကြတယ် "
" ဟုတ်ကဲ့ ... ကျွန်မနာမည် ဖက်ဖူးဝါပါ "
" ဗျာ ... "
ကိုကြီးမိုး အံ့အားသင့်သွားသည်။
" ရွှေကဗျာဆိုတဲ့ ညီမ ရှိလား ... "
" ဟုတ်ကဲ့ ရှိပါတယ် .. သိလို့လား ... "
" ကျွန်တော်နဲ့ တိုက်ရိုက်တော့မသိပါဘူး၊ ကျွန်တော့်ဆိုင်မှာတော့ သူအိုးပုတ်ဝယ်ဖူးတယ် "
ကိုတိုးက ဝင်ပြောသည်။
" မင်းက ရွှေကဗျာ ဆိုတဲ့နာမည် ဘယ်လိုလုပ်သိတာလဲ ... "
" ဒီလိုကွ .. ငါအပြင်သွားနေတဲ့အချိန် သူက လာဝယ်သွားတာ၊ အဲဒီအချိန်မှာ ထိုင်ရောင်းနေတာ ငါ့ချာတိတ်တစ်ယောက် .. နေလင်းပိုင်တဲ့ .. ရွှေကဗျာကို တန်းတန်းစွဲပဲ၊ အရှုံးအမှုံးကို လိုက်စုံစမ်းတော့တာပဲ၊ အဲဒါနဲ့ပဲ ငါတို့စကားဝိုင်းထဲမှာ ဖက်ဖူးဝါ တို့ ပါလာတော့တာပဲ "
" ငါ့ခယ်မလောင်းကိုတော့ အိုးသည်နဲ့ မပေးစားနိုင်ပါဘူးကွာ "
" အိုးသည်က ငါပဲ သူမှ မဟုတ်တာ၊ သူက သူဌေးသား ရုပ်ချော အပြောကောင်း ... "
" ဒီလောက်ပြည့်စုံနေမှတော့ သူ့မှာလည်း ချစ်သူရှိနေလောက်မှာပေါ့ ... "
" ဟာ ... ရည်းစားများတာကတော့ ပြောမနေနဲ့တော့၊ တွဲလိုက်သမျှကလည်း အချောအလှတွေချည်းပဲ "
" ရည်းစားတစ်ယောက်ထဲကို အတည်မတွဲဘူးလား "
ကိုမိုးကြီး၏မျက်နှာက စပ်ဖြဲဖြဲ ဖြစ်သွားသည်။
" သူလည်း ငါ့လိုပဲပေါ့ကွာ၊ ခု ငါကလိမ္မာသွားပြီ၊ ဒီကောင်က မိုက်လို့ကောင်းတုန်း ရှိသေးတယ် "
ဖက်ဖူးဝါက ဝင်ပြော၏။

www.burmeseclassic.com

" ခု ကျွန်မညီမလေးကို လာနွယ်နေတဲ့သူကို ဘယ်လိုရှောင်ရမလဲဆိုတာ အကြံပေးပါဦး .. "
ကိုကြီးမိုးက ဖက်ဖူးဝါကို ...
" ဒါနဲ့ ရွှေကဗျာမှာ ရည်းစားရှိတယ်ဆို "
" ဟုတ်ကဲ့ .. ကျွန်မနဲ့ အမေကလည်း သဘောကျပါတယ်၊ လုပ်ငန်းကိုင်ငန်းလေး အခြေကျသွားရင် သူတို့လက်ထပ်ကြမှာပါ "
" ဩော် ... ဟုတ်ကဲ့ ... "
" အေးဗျာ ကျွန်တော်လည်း ပြောဖူးပါတယ်၊ ခုလည်း ထပ်ပြောလိုက်ပါဦးမယ် "
" ကျေးဇူးပါပဲ ... "
ထို့နောက် သူတို့ လူစုခွဲကြ၏။
" အိုးသည်ဖျို့ ... အိုးသည် ... "
အသံကြီးက အောင်မြင်လှပေသည်။ သူနှင့် အတော်လှမ်းသွားပြီးမှ ဖက်ဖူးဝါက ...
" ကိုတိုးမှာ ဒီလိုအပေါင်းအသင်းမျိုးလည်း ရှိတာပဲနော် "
" အင်း ... ဖက်ဖူးဝါ ရှက်လို့လား "
" မရှက်ပါဘူး ... အံ့ဩတာပါ "
" ကျောင်းမှာကတည်းက နေချင်သလို နေလာတဲ့သူလေ .. သဘောက ကောင်းပါတယ် "
" အိမ်ရောက်ရင် ကဗျာ့ကိုတော့ ပြောပြထားရဦးမယ် "
" ကိုလည်း နေလင်းပိုင် အကြောင်းကို ထပ်စုံစမ်းကြည့်ဦးမယ် "
ထိုအချိန်တွင် ညီမြင်းဆက်နှင့် ရွှေကဗျာတို့ ပြဿနာက မင်းဆက်က စခြင်းဖြစ်သည်။
" ငါအသက်ရှည်ကျန်းမာစေတဲ့ အာဟာရခြောက်ပါးကို ဆေးနည်း ရခဲ့တယ် "
" ပြောပါဦး "
" နံပါတ်တစ်က ... "
" လတ်ဆတ်သောဟင်း ... "
" အင်း ... "
" နံပါတ်နှစ်က ... "
" ချက်ပြုတ်ပြီးကာစ ထမင်းပူပူ ... "
" တော်တော်အစားငမ်းတာပဲ ပြောပါဦး ... "
" နို့ထမင်းတို့ ထောပတ်တို့ ရေနွေးတို့ပါတယ် "
ရွှေကဗျာ မျက်မှောင်လေးကြုတ်ကာ ပြန်မေးသည်။
" သိပ်လည်း မထူးဆန်းပါဘူးဟာ "
" အေး ထူးဆန်းတာရှိတယ်ဟ .. တစ်ချက်ကျန်သေးတယ် "
" ဘာလဲ ... "
" ဗာလအရွယ် မိန်းမပါ ပါတယ် "
" သူက ဘာဝင်လုပ်တာလဲ "
" အဲဒါလေ သူ့ကိုပါ မှီဝဲရမှာ "
" အောင်မာ ... "
" သူလိုမျိုး ငါလည်း သက်ရှည်ကျန်းမာချင်လိုက်တာ "
ရွှေကဗျာက ဆောင့်တွန်းသည်။
" သွား ... သွား ... "
" ဟ ... ဘယ်ကိုသွားရမှာလဲ ... "
" နင့်ဗာလအရွယ် မိန်းမဆီသွား ... ငါ့ဆီမလာနဲ့ "
" ဟ ... ဘယ်မှာ ရှိမှန်းတောင်မသိဘူး "
" ရှာပေးမယ် တွေ့ရင်သွား ...၊ ငါ့ကို ငါ့အိုးပုတ်ကလေး ပြန်ပေးထားခဲ့ ... "
" ဟဲ ဟဲ ဟဲ ဟဲ နောက်တာပါ ကဗျာလေးရယ် ... "

www.burmeseclassic.com

www.burmeseclassic.com

" အဲဒါမျိုး လာမနောက်နဲ့ မကြိုက်ဘူး ... "
" အေးပါ ... အေးပါ ... "
" ကဗျာ "
" အင် ... "
" နေလင်းပိုင် ရဲ့ကားကို လိုက်မစီးရဘူးနော် "
" အေးပါ "
" စကားလိုက်ပြောရင်လည်း အရင်လို ခပ်တည်တည်ပဲနေ "
" အေးပါ "
" ဆရာမတို့လည်း အခြေအနေပြောပြထားဦး ... "
ဆရာမဆိုသည်က ဖက်ဖူးဝါကို ရည်ရွယ်ခြင်းဖြစ်သည်။
" အေးပါ "
" တော်ကြာ နင်မပါဘဲ နင့်အစ်မ ပါသွားဦးမယ် "
" ဝေးသေး "
ရွှေကဗျာနှင့် သူ လူချင်းခွဲပြီးနောက် ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ဘော်ဒါတွေဆုံနေပြီ။ ဌေးကျော်၊ သိန်းဦး၊ သီဟ၊ မိုးနွယ် ...
ဌေးကျော်က ရယ်ရွှန်းပတ်ရွှန်းဖြင့် ...
" ညီလာခံကို အဝင်နောက်ကျပါလား ရောင်းရင်း ... "
" နေလင်းပိုင် အရေးအခင်းကို .. "
" ဘယ်သူ့ကိုလဲ .... "
" ကဗျာ့ကို ... "
" သူယုံရဲ့လား ... "
" ယုံတော်မူပါ့ .. ယုံတော်မူပါ့ ... "
" သူက ဘယ်လိုဆက်လက်လှုပ်ရှားမယ်တဲ့လဲ "
" သူ့အစ်မကို အရင်ဆုံး အသိပေးမယ် ထင်တယ် "
" သူ့ရဲ့လုံခြုံရေးအစီအစဉ်ကော "
" ဒီကောင် ရောက်မလာနိုင်သေးတဲ့ အချိန်ကျမှပဲ စာအုပ်အငှား အပို့လုပ် "
" အေးဟုတ်တယ် သူ့အစ်မပါ ခေါ်သွားလည်း ရတာပဲ "
" ဟုတ်တယ် ... ဒါအမှန်ပဲ "
" ဒါဆို တို့တစ်ခုလုပ်ရဦးမယ် "
" ဘာလဲ ... "
" ဇင်မာသွဲ့ကို ရှာရဦးမယ် "
ထိုစကားကြောင့် ညိုမြင်းဆက် မျက်လုံးပြူးသွားသည်။
" မင်းတို့ ဇင်မာသွဲ့ကို သိလို့လား "
" မသိဘူးလေ "
" မသိဘဲနဲ့များ ... "
" ဘာဖြစ်လဲ .. ဒီလိုပဲ စုံစမ်းပြီး ရှာဖွေမှာပေါ့ ... "
" တွေ့တော့ ဘာလုပ်မလို့လဲ ... "
" ဩ ... ဝိုင်းဝန်းအားပေးရတာပေါ့ကွာ ... "
" အေးလေ သူ့ခမျာ သနားပါတယ် ... "
" ငယ်ပေါင်းအရင်းကြီး ငါ့ကိုတောင် ပြန်ခါနီးမှ ပြုံးပြဖော်ရတယ်၊ ကောင်မလေးက ဆိုက်ကိုဖြစ်နေတယ်၊ ဒီပရက်ရှင်ပေါ့ကွာ စိတ်ကျရောဂါသည်လေးပေါ့ ... "
" အဲဒါကြောင့် အားလုံးက ဝိုင်းပြီး ကူညီဖို့လိုတာပေါ့ "

www.burmeseclassic.com

" လုပ်လေ လုပ်ကြ .. ကောင်းတာချည်းပါပဲ "
သူတို့တစ်တွေ လက်ဖက်ရည်ဆိုင်မှ လူစုကွဲတော့ နေလင်းပိုင် တို့ဘုံဆိုင်မှာက လူစုံသလောက်ရှိပြီ။ နေလင်းပိုင်က မိန့်မိန့်ကြီးပြုံးထိုင်လျက်။ ကိုကြီးမိုးမျက်နှာက အတန်ငယ်အေးနေသည်။ အာကာစိုးကတော့ သူ့ပုံစံ ဂျော်လီစတိုင်အတိုင်းရှိသည်။ မှာထားသော အရက်၊ ဆော်ဒါ၊ ရေခဲ၊ အမြည်းတွေ ရောက်လာမှ နေလင်းပိုင်က ...

" ဟား ... ဟား နောက်ဆို သူတို့သားအမိသုံးယောက်လုံးကို ကားနဲ့တင်ခေါ်လာပြမယ်၊ မယုံမရှိနဲ့ ကဲ .. ချီးယားစ် "

အရက်ဝိုင်းစပြီးတော့ အာကာစိုးက Rap တွေ Hip Hopတွေ လျှမ်းလျှမ်းဝေအောင် လျှောက်ပြောနေသည်။ ရပါသည်။ နေလင်းပိုင်က သည်းခံတတ်သည်။ ကိုကြီးမိုးကတော့ ထုံးစံအတိုင်း ခပ်အေးအေး၊ အာကာစိုးစကားပြော၍ ညောင်းပြီး အရက်သောက်၊ အမြည်းစားလုပ်ကာမှ ကိုကြီးမိုးက ...
" နေလင်းပိုင် ... "
" ဗျာ ... ကိုကြီးမိုး ... "
" မင်း အဲဒီကိစ္စကြီးကို ရပ်သိမ်းလိုက်ရင် ကောင်းမယ် "
" ဘယ်ကိစ္စကြီးတုန်း ကိုကြီးမိုးရ ... "
" ရွှေကဗျာ ကိစ္စကိုပြောနေတာ ... "
" ဟင် ... ဘာဖြစ်လို့လဲ ကိုကြီးမိုးရ ... "
" အခုဆို ခင်ရာ ခင်ကြောင်းတွေတောင် ဖြစ်နေပြီ ... "
" အဲဒါဆိုလည်း ခင်ရာခင်ကြောင်းမှာပဲ ရပ်လိုက်ရင် ကောင်းမယ် "
" ကိုကြီးမိုး ကလည်း ဘာဖြစ်လို့လဲ "" ကောင်မလေးမှာ သူ့ချစ်သူနဲ့သူ ရှိတယ်လေ ... "
" အဲဒီငတိကို ကျွန်တော် ဆွဲရွှေ့လိုက်လို့ ရတယ် "" မလုပ်ကောင်းဘူးလေကွာ ... ဘာလို့လုပ်ရမှာလဲ "
နေလင်းပိုင် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ အာကာစိုးက တစ်စခန်းထလာပြန်သည်။
" ဇင်မာသွဲ့ကို ပဲ မင်းလက်ထပ်သင့်တယ် "
" ခုလောက်ဆို သူလည်း ငါ့ကို မေ့နေလောက်ရောပေါ့ ... "
" မမေ့လို့ ဒီနေ့အထိ ဝေဒနာ ခံစားနေရတာပေါ့ "
နေလင်းပိုင် ဘာမှပြန်မပြော။ အာကာစိုးကလည်း နေလင်းပိုင်ထံမှ မျက်နှာလွှဲ၍ ...
" သီချင်းရေးမယ် သီချင်းရေးမယ် ... ဘဝမှာ ဘာမှမရှိပေမယ့် ဟာလာဟင်းလင်းဖြစ်ကျန်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ အထီးကျန်နိုင်မှု ... "
ကိုကြီးမိုးက ဝင်ထောက်ခံ၏။
" အေး ... ရေးကွာ .. ကောင်းတယ် "
အာကာစိုး၏ စကားက နေလင်းပိုင်ကို အတော်လေး အနေခက်သွားစေသည်။ ဘာမှမပြောတော့ဘဲ အရက်ကိုသာ ဖိသောက်နေမိတော့သည်။ ကိုကြီးမိုးက ...
" နေလင်းပိုင် ဇင်မာသွဲ့နဲ့ကိစ္စမှာ မင်းတော်တော် နာမည်ကြီးခဲ့ရပြီပဲ၊ အဲဒီကိစ္စကို ငါမပြောတော့ပါဘူး၊ လက်တလော ကိစ္စကိုပဲ ပြောမယ် "
ဝီစကီငှဲ့သောက်သည်။ အမြည်းတစ်ဖက် ကောက်ဝါးသည်။ ပြီးမှ ...
" ရွှေကဗျာလေး ကိစ္စကိုတော့ လက်လျှော့လိုက်ပါ "
" ဟ .. ကျွန်တော့် တိုးတက်မှု ဒီလောက်မြန်နေတဲ့ဟာ၊ အားပေးမှပေါ့ ကိုကြီးမိုးရ ... "
ကိုကြီးမိုးက ခေါင်းကို ခပ်လေးလေးခါပြီး ...
" ဒါ အားပေးရမယ့်ကိစ္စမဟုတ်ဘူး နေလင်းပိုင် ၊ ရှုတ်ချရမယ့် ကိစ္စ ... "
နေလင်းပိုင် မျက်နှာ ရှုံ့မဲ့သွားသည်။
" ဘာဖြစ်လို့လဲ ကိုကြီးမိုး "
" သူများချစ်ခြင်းကို ခွဲတာမကောင်းဘူး "
" ဒီခေတ်မှာ ဒါတွေ မရှိတော့ပါဘူး ကိုကြီးမိုးရာ "

www.burmeseclassic.com

" နောက်ပြီး ရွှေကဗျာက ငါ့သူငယ်ချင်းရဲ့ ညီမလေးဖြစ်နေတယ် "
" ဘယ်သူ့ညီမလဲ ... "
" ဖက်ဖူးဝါရဲ့ညီမလေး "
" ဟင် ... တစ်ချိန်လုံး ဒါကို ဘာလို့မပြောတာလဲ၊ ကိုကြီးမိုးနဲ့ ဖက်ဖူးဝါနဲ့ ခင်ကြတယ်ဆိုတာကို ... "
" ဒါတွေ ထားလိုက်ပါတော့ကွာ၊ ငါ လိုရင်းပြောချင်တာက ရွှေကဗျာကိစ္စကို မင်း လက်လျှော့လိုက်တော့ ... "
ထို့နောက် မည်သူကမျှ စကားမဆက်တော့ဘဲ ငြိမ်သက်သွားသည်။ အရက်ထည့်သံ၊ ရေခဲတုံးခလောက်သံ၊ ဟင်းရည်ပူကို တရှူးရှူး မှုတ်သောက်သံများသာ ကျန်ခဲ့၏။ ဖက်ဖူးဝါနှင့် ရွှေကဗျာကလည်း ခေါင်းချင်းဆိုင်ကာ တကျိတ်ကျိတ် ဆွေးနွေးနေကြ၏။
" ဒီကောင်က လျှင်တော့ လျှင်တယ် မမရဲ့ ... "
" ဘယ်လိုလျှင်တာလဲ .. ဟိုတစ်နေ့ကဆိုရင် ကဗျာ ရေမိုးချိုးထမင်းစားပြီး အပြင်လဲထွက်ရော အိမ်ကဧည့်ခန်းမှာ ငုတ်တုတ်ကြီး ... "
" ဟဲ့ ... မေမေ မရှိဘူးလား .... "
" ရှိတယ်လေ ... သူတို့ဘာသာ ဘာအကြောင်းတွေ ပြောနေလဲ မသိဘူး၊ ကဗျာ့မှာ စိတ်ပူလိုက်ရတာ "
" ဘာကို စိတ်ပူတာလဲ "
" မင်းဆက် လှည့်ဝင်လာမှာစိုးလို့ပေါ့ "
" သူ့ကားကိုရော မင်းဆက်က သိလား "
" ခုဆိုရင် သိကောင်း သိနေရောပေါ့ ... "
" အေး ဘာပဲပြောပြော အဲဒီကောင်ရဲ့ ကားနဲ့လည်း လိုက်မစီးနဲ့တော့ "
" ဟာ ... မမကလည်း ကြံကြီးစည်ရာ ... "
" ငါ့ကို လမ်းကြုံခေါ်တင်ရင်လည်း မလိုက်ဘူး "
" အင်း ... ကောင်းတယ် ပြတ်တယ် "
" တစ်မိသားစုလုံးကို လာခေါ်ရင်ကော ဘယ်လိုလုပ်ရမလဲ "
" အင်း ... အဲဒါဆိုလည်း ခက်တယ် "
" မေမေ့ကို အဲဒီလူအကြောင်း ပြောပြလိုက်ရင် ကောင်းမလား "
" အဲဒါဆိုရင် ... အဲ မေမေကလည်း ဒါမျိုးကို စိတ်ဝင်စားမှာ မဟုတ်ဘူး ... " နှစ်ယောက်သား ခေတ္တ တိတ်ဆိတ်သွားကြသည်။

( ၁၂ )

"ဟဲ့ . . . ဒုက္ခပါပဲ . . . "
ဖက်ဖူးဝါ အံ့ဩထိပ်လန့်စွာ ရေရွက်မိသည်။ သူ့နံဘေးမှာ ရွှေကဗျာက တီးတိုးသံဖြင့် . . .
"ဘာလဲ"
"ဟိုမှာ"
ကားကြီးက တံခါးပိတ်ရသေးသည်မဟုတ်ချေ။ ကဗျာကယာခုန်ဆင်းလိုက်ကြသည်။ ထိုအခါကျမှ အိမ်သော့တွဲကြီးကို လက်မှာချိတ်ကိုင်ပြီး ထွက်လာသော မိခင်ဖြစ်သူ ဒေါ်မာလာနှင့် ဘာမှမတော်စပ်သူ နေလင်းပိုင် ထွက်လာကြသည်။

"မေမေ မေမေ့ဘုရားကိုးဆူ သမီးမလိုက်တော့ဘူး၊ သမီးသူငယ်ချင်းတွေရောက်လာလို့ . . . "
"ဘယ်မှာလဲ"
"ဟိုမှာ . . . "
ရွှေကဗျာညွှန်ပြရာကို ကြည့်လိုက်တော့ မင်းဆက်နှင့် မိုးနွယ် . . .
ဒေါ်မာလာက . . .
"ဩော် . . . သမီးကလည်း ဘုရားကိုးဆူပူဇော်ပွဲဆိုတာ ဖူးမြော်သင့်တယ်၊ နောက်ပြီး မောင်နေလင်းပိုင်က

www.burmeseclassic.com

www.burmeseclassic.com

တစ်မိသားစုလုံးကို ကားအကြိုအပို့လုပ်ပြီး ဖိတ်တာ"
"သမီးကတော့ သူငယ်ချင်းတွေနဲ့ပဲ နေချင်တယ် မေမေ"
"ဟဲ့ . . . လူကြီးမျက်နှာပျက်အောင် မလုပ်ရဘူး၊ မောင်မင်းဆက်တို့ကို ငါကြည့်ပြောလိုက်မယ်"
တဖြည်းဖြည်းနီးကပ်လာသော ညိုမြင်းဆက်တို့အပါးကို ဒေါ်မာလာကလည်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေပြီ။ သူတို့ချင်း လမ်းတစ်ဝက်မှာ ဆုံကြသည်။ ထို့နောက် ဘာတွေပြောကြသည် မသိ။ အချိန်အနည်းငယ်ကြာသည်။ ရွှေကဗျာက ညိုမြင်းဆက်ကို ကြည့်နေသည်။ ညိုမြင်းဆက်က ရွှေကဗျာ့ကို မကြည့်။ နေလင်းပိုင်က ရွှေကဗျာ့ကိုကြည့်သည်။ ဖက်ဖူးဝါကတော့ ရင်မောနေပြီ။ ဒေါ်မာလာက ပြုံးကာ ရယ်ကာနှင့် ဘာတွေလျှောက်ပြေလိုက်သည် မသိ။ မင်းဆက်တို့နှစ်ယောက် မျက်နှာမှုန်တေတေဖြင့် လှည့်ထွက်သွားကြလေ၏။ ဒေါ်မာလာ ကားဆီသို့ ပြန်ရောက်လာပြီး ရယ်ရွှန်းပတ်ရွှန်းနှင့် . . .
"အငယ်မသူငယ်ချင်းတွေလေ မောင်နေလင်းရဲ့၊ လာလိုက်ရင် ဒီမှာစာသောက်ပြီးမှ ပြန်တဲ့ကောင်တွေ၊ အခုစိတ်ကောက်ပြီး ပြန်သွားကြတာ"
"ဒါဆိုလဲ အန်တီ ကျွန်တော် ကားထွက်လိုက်တော့မယ်"
"အေး . . အေး . . ကဲ . . ကားပေါ်တတ်ဟေ့ . . . အားလုံးပဲ . . . "
ထုံးစံအတိုင်း နေလင်းပိုင်၏ နံဘေးမှ ထိုင်သူက ဒေါ်မာလာဖြစ်၏။ ရွှေကဗျာတို့ညီအစ်မက နောက်ခန်းမှာ။ ကျောခိုင်းပြီး လမ်းလျှောက်ထွက်သွားသော ညိုမြင်းဆက်တို့ကို ကျော်တတ်ရသဖြင့် ရွှေကဗျာ့ရင်ထဲမှာ နင့်နေအောင် နာသည်။

နေလင်းပိုင်ကတော့ အလွန်ပျော်သည်။ မင်းဆက်တို့တစ်တွေကို ဖယ်ထုတ်ပစ်လိုက်နိုင်သည့်အပြင် အိမ်ရှိ မင်္ဂလာပရိသတ်များကိုပါ ကြွားနိုင်၍ဖြစ်သည်။ သို့သော် ထိုအချစ်မှာ လက်တွေ့မှာ ခက်ခဲမှု ရှိသွား၏။ ဖက်ဖူးဝါနှင့် ရွှေကဗျာက သူ့အမေ ဒေါ်မာလာကို တီးတိုးကပ်ပြောသည်ကို တွေ့ရသည်။ ဒေါ်မာလာက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ အကြည့်ကို နေလင်းပိုင်ဆီ ရွှေ့၏။
"မောင်နေလင်းရေ"
"ဗျာ အန်တီ"
"အန်တီတို့ ပြန်ချင်ပြီ . . . အိမ်မှာကတည်းက အငယ်မက ခေါင်းကိုက်နေတာ"
"ရတယ်လေ . . . ကျွန်တော် ပြန်လိုက်ပို့ပေးမယ်"
သူတို့ ကားမောင်းထွက်ပြီးထွက်ကာမှ ဂေါပကလူကြီးပုံစံ ဝတ်စားဆင်ယင်လာသော ကိုကြီးမိုးနှင့် အာကာစိုးကို တွေ့ရသည်။
"ခုမှ ရောက်လာတာကိုး ကုန်တော့မယ်ဗျ"
"ညနေကျမှ မင်းကိုပဲ ထိုင်စားကြတာပေါ့ နေလင်းပိုင်ရယ်"
အိမ်ပြန်ရောက်သောအခါ ရွှေကဗျာ ငူငူကြီး ထိုင်နေမိသည်။ အမှန်တကယ် နေမကောင်းဖြစ်နေသည် ထင်၍ မေမေကပင် ဆေးတချို့ လာတိုက်သည်။ နောက်မှ တစ်ယောက်ထဲ အခန်းထဲသို့ ဝင်ခဲ့သည်။
"မမ"
"ဟင် . . . "
"ဘယ်လိုလုပ်ရင် ကောင်းမလဲ မမ . . . "
"မမလည်း မပြောတတ်တော့ပါဘူးကွယ် . . . "
"မင်းဆက်က ဘာတွေပြောမလဲ မသိဘူး . . . "
ဖက်ဖူးဝါ သက်ပြင်းချ၏။ နှစ်ယောက်ထဲရှိသော အခန်းလေးမှာ တိတ်ဆိတ်သွားသည်။ နောက်နေ့ကျတော့ မင်းဆက်နှင့် ကဗျာတို့ ဆုံနေကျနေရာလေးမှာ ဆုံကြသည်။ ရွှေကဗျာက အနည်းငယ်စော၏။ နောက်ကျမှ ရောက်လာသော မင်းဆက်က . . .
" တယ်စောပါလား"
"အင်း စောစောပဲ လာခဲ့တယ်"
"မသိပါဘူး ကားနဲ့လိုက်ပို့တဲ့လူရှိလို့လားလို့ . . . "
ခနဲ့သောစကားကို မင်းဆက်က တိုက်စစ်နှင့် စဖွင့်သည်။ ရွှေကဗျာ မျက်နှာ ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုမပြောပါနဲ့ မင်းဆက်ရယ် . . . "
"ဒါဖြင့် ငါ ဘယ်လိုပြောရမှာလဲ . . . "
"ဒီကောင့်ကားကို မစီးပါနဲ့လို့"
ရွှေကဗျာက လေသံပျော့လေးဖြင့် ဖြေရှင်း၏။
"အဲဒီနေ့မနက်ကျမှ မေမေက မိသားစုအကုန်လုံး ဘုရားကိုးဆူသွားမယ် ပြင်ထားကြဆိုလို့ . . . ငါတို့လည်း အဝတ်အစားတွေလည်း ထားလိုက်ကြတာ၊ မေမေက ဒီလိုပဲ မိသာစုအလိုက် ဘုရားကိုးဆူပွဲတွေကို လိုက်တတ်လေ့ရှိတယ်၊ ငါတို့အတွက်လည်း ဘာမှ မထူးဆန်းဘူး၊ ဒါပေမယ့် နေလင်းပိုင် ကားကြီးနဲ့ရောက်လာမှ ဘုရားကိုးဆူပူဇော်ပွဲဟာ သူ့အိမ်မှာဆိုတာ သိလိုက်ရတယ်၊ ငါ့အစ်မလည်း စိတ်ညစ်သွားတယ်၊ ဒါပေမယ့် တို့ ဘာမှ မတတ်နိုင်တော့ဘူး"
"တောက် . . . "
"ဒီကောင် ဒီလိုသာ နင်တို့အိမ်ကို ဝင်ထွက်နေရင် ငါ နင့်ကို ဘယ်လိုလုပ် စိတ်ချလို့ ရမှာလဲ"
"ဟယ် . . . နင်ပြောမယ်ဆိုလည်း ပြောစရာပဲဟဲ့၊ လာနေမှာတော့ နင်ထုတ်လို့ ရတာလည်း မဟုတ် . . . "
"အဲဒါဆိုရင် ငါတို့ချင်းပဲ ဖြောင်တွေ့မှ ဖြစ်မယ်"
"ဘယ်သူနဲ့ ဘယ်သူလဲ . . . "
" ငါနဲ့ နေလင်းပိုင်ပေါ့ . . . "
"တော်ကြာ နင်တို့ ထိုးဟယ် ကြိတ်ဟယ် ဖြစ်ကြဦးမယ်"
"ဒါ ထိုးကြိတ်ရုံနဲ့ ပြီးတဲ့ကိစ္စ မဟုတ်ဘူးဆိုတာ သူသိမှာပါ"
အင်းယားကန်စပ်က နေရာမှာဖြစ်၏။ အင်္ကျီမှိုင်းမှိုင်း ပုဆိုးမှိုင်းမှိုင်းကို ဝတ်ဆင်ထားသော မင်းဆက်အား မတုန်မလှုပ် ရပ်နေသည်ကို တွေ့ရသည်။ မင်းဆက်အပါးသို့ ပရာဒိုကားလေးတစ်စီး လာရောက်ရပ်တန့်လိုက်သည်။ ကားပေါ်မှ နေလင်းပိုင် သွားကြားထိုးတံလေး ကိုက်ပြီး ဆင်းလာသည်။ မင်းဆက်ကို . . .
" မင်းရောက်နေတာ ကြာပြီလား . . . "
"လမ်းလျှောက်တဲ့လူဆိုတော့ ကြိုရောက်ရတာပေါ့ကွာ . . . "
နေလင်းပိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။
"ပြောပါဦး . . . မင်းက ငါ့ကို ဘာကိစ္စ ခေါ်ရတာလဲ"
"စကားပြောမလို့ . . . "
" ဘာလဲ ကဗျာ့အကြောင်းလား . . . "
" သိပ်သေချာတာပေါ့ . . . "
နေလင်းပိုင်က စီးကရက်အသစ်တစ်ဖူးဖောက်၍ မင်းဆက်ကို တည်သည်။ မင်းဆက်က ခေါင်းခါပြသည်။
" ရွှေကဗျာကို မင်းလက်လျှော့လိုက်ပါတော့ . . . "
"ဘာဖြစ်လို့လဲ . . . "
" မင်းက လူကောင်းမှ မဟုတ်တာ၊ ရွှေကဗျာ့အနား လိုက်ကပ်နေတာ ရွှေကဗျာ သိက္ခာလည်းကျတယ်၊ အန္တရာယ်လည်း ရှိတယ်"
"ငါက ဘာတွေမကောင်း ဖြစ်နေလို့လဲ . . . "
မင်းဆက်၏မျက်နှာ တင်းမာသွားသည်။
"ဇင်မာသွဲ့ကို မင်း မမှတ်မိတော့ဘူးလား"
"မင်း ဘယ်လိုလုပ်သိသလဲ . . . "
"တခြားဇေကရီတို့ ဝတ်ရည်လွင်တို့ ရတနာတို့ အဲဒီကောင်မလေးတွေကလည်း ရှိသေးတယ်၊ ထားပါတော့ ဇင်မာသွဲ့က အရေးကြီးဆုံးပဲ"
"ဇင်မာသွဲ့ကတော့ ဘာဖြစ်နေလို့လဲ"
"မင်းကြောင့် အရူးတစ်ပိုင်းဖြစ်နေပြီလေ၊ စိတ်ကျဝေဒနာ စွဲသွားတယ်"
နေလင်းပိုင် စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်သည်။
"မမေ့နိုင်လို့ သူ ရောဂါဖြစ်သွားတာပေါ့ကွ၊ စိတ်ကျရောဂါသမားဆိုတာ အချိန်မရွေး ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

သတ်သေနိုင်တယ် မင်းသိလား”
နေလင်းပိုင် ကြက်သေ သေသွားသည်။
“မင်းဟာ လူတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးတာပဲ”
“ဒီအကြောင်းတွေ ကဗျာသိလား”
“သိတာပေါ့ . . . ”
“ဟာ . . . ပြဿနာပဲ”
“ကဗျာက မင်းကို လူမှုရေးအရပဲ ဆက်ဆံလိမ့်မယ်၊ ကျန်တဲ့ မင်းလိုချင်တာတွေ ဘာမှပေးမှာ မဟုတ်ဘူး”
“တောက် . . . ”
နေလင်းပိုင်က တတ်ခေါက်သည်။ စီးကရက်ကို ခြေထောက်နှင့် နင်းချေသည်။
“ဇင်မာသွဲ့တစ္ဆေက အခုအထိ ခြောက်တုန်းပါလား”
“မင်းက တစ္ဆေအခြောက်ခံရတယ်ပြောနေ၊ ဟိုမှာပြုစားခံလိုက်ရတဲ့သူက ဘယ်လိုတွေ ဖြစ်နေတယ်ဆိုတာ သွားကြည့်ပါဦး”
“ငါသွားကြည့်တော့ရော သူတို့က လက်ခံမှာမို့လို့လား”
“အိုး . . . လက်ခံတာပေါ့ကွာ၊ အတိုင်းထက် အလွန်ပေါ့ . . . ”
“ဒါဆို ကဗျာ့ကို ငါက စွန့်လွှတ်ရတော့မှာပေါ့ ”
“အခု မင်း ကဗျာ့ကို ဘယ်မျက်နှာနဲ့ သွားတွေ့မလဲ ဆိုတာ စဉ်းစားကြည့်လေ . . . ”
“ဟူး . . . ”
နေလင်းပိုင်က လေပူကြီးတစ်ချက် မှုတ်ထုတ်သည်။ ထို့နောက် . . .
“ကဲ ကဲ . . . မင်းပြောချင်တယ်ဆိုတာ ဒါတွေမဟုတ်လား . . . ”
“ဟုတ်တယ် . . . ”
“ဒါဆိုလည်း ငါပြန်တော့မယ်၊ ဒါပေမယ့် တစ်ခုရှိတယ်”
“ဘာလဲ”
ထိုအခါကျမှ ညစ်ကွက်တစ်ကွက်ကို ထုတ်၏။
“မင်းပြောစကားအတိုင်း ဇင်မာသွဲ့နဲ့ငါနဲ့ ချစ်သူတွေပြန်ပေါင်းစည်းသွားပြီ ဆိုပါစို့၊ မင်းကကျတော့ ရွှေကဗျာ့အနားမှာပဲ နေမှာလား”
“အေးပေါ့ . . . အစကတည်းက သူ့အနားကလူ ငါက . . . ”
“မင်းကရော ရွှေကဗျာ့ကို ချစ်သက်သေတွေ မပြနိုင်ဘူးလား . . . ”
“ဘာ အချစ်သက်သေလဲ . . . ”
“မင်းနဲ့ငါ သူ့ကိုပြောပြဖူးတဲ့ဇာတ်လမ်းလေကွာ၊ ချစ်သူအတွက် သူတော်စင်ဝတ်ပြီး ချစ်သူလာမှ ခဲလုံးလေးနဲ့ ကဗျာလေးတွေ ရေးရေးပို့တဲ့ဇာတ်လမ်းပေါ့ . . . ”
မင်းဆက် ငိုင်သွားသည်။ နေလင်းပိုင်က မချိုမချဉ်ပြုံးလျက် . . .
“ငါကျတော့ ရွှေကဗျာအတွက် သူ့ကို စွန့်လွှတ်ပြီး ဇင်မာသွဲ့ဆီ သွားရမယ်၊ မင်းကလည်း ရွှေကဗျာ့အတွက် အဲဒီလို စွန့်လွှတ်တဲ့အချစ်မျိုးထားရင် ဘယ်လောက်ကောင်းမလဲ . . . ”
မင်းဆက် ခေါင်းရှုပ်သွားသည်။
“မင်းဆိုလိုချင်တာက . . . ”
နေလင်းပိုင်က သူ့ကိုယ်သူ ပိုင်နိုင်သော အပြုံးဖြင့် . . .
“တစ် . . .ရွှေကဗျာ့ဘေးကို ငါမကပ်တော့ဘူး . . . ဇင်မာသွဲ့ဆီပဲ ငါပြန်မယ်၊ နှစ် . . . မင်းကလည်း ကဗျာ့အနားကို ကပ်မနေရဘူး၊ သူတော်စင်ကြီးချစ်သလိုပဲ အဝေးက စွန့်လွှတ်ချစ်နဲ့ ချစ်ရမယ်”
ဗလိုင်းကြီး ညစ်သောအကွက်ဖြစ်သည်။ သို့သော် မင်းဆက်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။
“ အေး ... မင်းဘက်က ကတိတည်ရင် ငါ့ဘက်ကလည်း ဖြစ်စေရမယ် ”
နေလင်းပိုင်က မင်းဆက်ဆီ လျှောက်လာကာ လက်ဝါးကမ်းပေး၏။ မင်းဆက်က ထိုလက်ဖဝါးကို သူ့လက်ဖဝါးဖြင့် ဖြန်းခနဲ ပြန်ရိုက်လိုက်သည်။
“ ကဲ ... ငါသွားပြီ ”

www.burmeseclassic.com

သွားစရာရှိသည်ဖြစ်သော နေလင်းပိုင်က မသွားသေးဘဲ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ် ရှိုက်ဖွာကျန်ရစ်ခဲ့သည်။ ထိုရက်ပိုင်းအတွင်းမှာ မင်းဆက် တကုပ်ကုပ် အလုပ်ရှုပ်နေသည်။ ဘာတွေရှုပ်နေလဲဟု သူ့ဟာသူပဲ သိမည်။

တစ်ညနေ ပစ္စည်းတစ်ခုသွားအဝယ်မှာ စုမွန်နှင့်တွေ့၏။ ကောင်းသတင်းကို ကြားရလေသည်။

“ ဟဲ့ ... နေလင်းပိုင်နဲ့ ဇင်မာသွဲ့ ပြန်အဆင်ပြေသွားပြီ ... ”

“ တကယ်လား ... ”

“ အောင်မယ် ... မသိချင်ယောင်ဆောင်နေတယ်၊ ဖူးစာရေးနတ်ကြီး နင်က ဇင်မာသွဲ့ဆီ နေလင်းပိုင်ကို လွှတ်လိုက်တာ မဟုတ်လား ”

“ ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... သူတို့တွေ အဆင်ပြေရဲ့လား ”

“ ပြေသမှ ... နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်နေတယ် ”

“ အေး ... ဇင်မာသွဲ့ကို ငါကလည်း သတိရတယ် ပြောလိုက်ဟာ ”

“ အေးပါ ... သူတို့ကလည်း နင့်ကို တွေ့ချင်ကြပါတယ် ”

ထိုမျှပြောပြီး နှုတ်ဆက်၍ ပြန်လာခဲ့သည်။

သူငယ်ချင်းတွေဆီလည်း မင်းဆက်မရောက်။ ငွေကျော်၊ သီဟ နှင့် သိန်းဦးတို့တစ်တွေလည်း ကြာလာမှ ရိပ်မိလာသည်။

“ ဟ ... ဟိုကောင်မင်းဆက် မတွေ့ပါလားကွ ... ”

“ အေး ... ရွှေကဗျာ့နားပဲ ကပ်နေလားမသိဘူး ”

ရွှေကဗျာ့မှာလည်း ဒုက္ခ ... နေလင်းပိုင် လာမကပ်တော့သဖြင့် စိတ်ရှုပ်သက်သာသွားသော်လည်း မင်းဆက်က ဘယ်ရောက်နေမှန်းမသိ။ သင်တန်းကိုလည်း မလာ၊ ဖက်ဖူးဝါက မေးသည်။

“ နင်နဲ့ မင်းဆက် ရန်ဖြစ်ထားလား ”

“ မဖြစ်ပါဘူး မမရယ် ... ”

“ ဒါဖြင့် ဘာဖြစ်လို့မလာတော့တာလဲ ”

“ မသိဘူးလေ ... ကဗျာလည်း အဲဒီဟာကို စဉ်းစားနေတာ ... ”

“ အတန်းထဲက သူငယ်ချင်းတွေကို မေးကြည့်ပါလား ”

“ မေးကြည့်တယ် ”

“ ဘာပြောလဲ ... ”

“ သူတို့လည်းမတွေ့တာကြာပြီတဲ့ ... ”

“ ဟဲ့ .. ဟဲ့ .. တစ်ခုခုလုပ်ကြဦးလေ၊ နေမကောင်း ဘာမကောင်းများ ဖြစ်နေလားမှ မသိတာ၊ စုံစမ်းလည်းကြည့်ပါဦး ... ”

ထိုသို့ဖြင့် သူငယ်ချင်းများကြားဝယ် မင်းဆက် ပျောက်ဆုံးမှုက ရေးကြီးခွင်ကျယ် ဖြစ်လာရ၏။ သူငယ်ချင်းအားလုံး သင်တန်းမှာ ဆုံမိတုန်း မင်းဆက်ဆီသွားဖို့ ဆုံးဖြတ်ချက်ချလိုက်ကြ၏။

ဒီကြားထဲ ဇင်မာသွဲ့ အိမ်မွေးနေ့ပွဲကို သွားတတ်ရလေသည်။ ဇင်မာသွဲ့ နံဘေးမှာက နေလင်းပိုင် . . . ဇင်မာသွဲ့က မေးသည်။

“ညိုမြင်းဆက် ပါမလာဘူးလား”

ကဗျာက မျက်နှာလေးငယ်သွားသည်။

“တို့ဆီတောင် မလာတာကြာပြီ၊ ဘာများဖြစ်လို့လဲ မသိဘူး”

နေလင်းပိုင် မျက်နှာပျက်သွားသည်။ ကဗျာကဆက်ပြောသည်။

“သူ့သူငယ်ချင်းတွေနဲ့လည်း မတွေ့ဘူး၊ အဲဒါကြောင့် ဘာဖြစ်သလဲဆိုတာ သိရအောင် သူ့အိမ်ကို တစ်ရက် စုသွားကြဖို့ တိုင်ပင်နေတယ်”

ဇင်မာသွဲ့က . . .

“ဟာ . . . ဒါဆို ဇင်မာသွဲ့တို့လည်း လိုက်ခဲ့မယ်လေ၊ ပေါ်တော်မူကြီးကို သွားခေါ်ထုတ်ရအောင်”

တစ်ဆက်တည်း နေလင်းပိုင်ကိုပါ လှည့်၍ . . .

“ဇင်မာတို့လည်း လိုက်သွားမယ်လေ နော် . . . ကိုကိုနော် . . . ”

www.burmeseclassic.com

www.burmeseclassic.com

နေလင်းပိုင်က မျက်နှာအပျက်ပျက်အယွင်းယွင်းဖြင့် ခေါင်းညိတ်ပြသည်။
ထိုသို့ဖြင့် မင်းဆက် တရားထိုင်နေရာမှ မျက်လုံးဖွင့်ကြည့်လိုက်တော့ . . .
“ဟဲ . . ဟဲ . . ဟဲ ဒီလိုမျိုး တောထွက်ချင်လို့ ဘယ်လွယ်ဦးမလဲ ရသေ့လေးရယ် . . . ”
သီဟက ခေါင်းမှ ဒေါက်ချာကြီးဆောင်းပြီး ပြောခြင်းဖြစ်သည်။
မင်းဆက် လန့်သွားသည်။
“ဟေ့ကောင် . . . ဘယ်က ရောက်လာတာလဲ၊ ခေါင်းက ဟာကြီးကို ချွတ်လိုက် . . . ”
ဌေးကျော်ကလည်း သစ်ခေါက်ဆိုးသင်္ကန်းကို ကိုယ်မှာ ကပ်ချည်ကာ ပုံစံအမျိုးမျိုးပြောင်းနေ၏။ အခန်းအပြင်မှ
သိန်းဦးနှင့် မိုးနွယ်တို့၏ အသံကလည်း ထွက်လာသည်။
“တောထွက်မယ့် ပုဂ္ဂိုလ်တွေ တရားဖြတ်ပြီးလားဟေ့ . . . ”
မင်းဆက်မှာ ဌေးကျော်ကို လိုက်ဆွဲရင်း . . .
“ဟေ့ကောင် . . . မလုပ်ကောင်းဘူးကွ မလုပ်ရဘူး . . . ”
မိုးနွယ်ကပါ အခန်းထဲဝင်လာပြီး ဒေါက်ချာဆောင်းထားသော သီဟကို သဘောကျနေသည်။
မင်းဆက်က . . .
“ ဟ . . . ဘယ့်နှယ့်ကြောင့် ငါ့အိမ်မှာ အများကြီးရောက်နေကြတာလဲ . . . ”
အပြင်မှ တစ်ယောက်က အသံသြသြကြီးနှင့် . . .
“တို့လည်း ကျန်သေးတယ်ဟေ့ . . . ”
“အခန်းထဲကကောင်တွေ ဧည့်ခန်းထဲထွက် . . . ”
ဧည့်ခန်းထဲရောက်တော့ နေလင်းပိုင်နှင့် ဇင်မာသွဲ့တို့ကို ဦးစွာတွေ့လိုက်ရသည်။
“ခုလိုမြင်ရတာ ဝမ်းသာတယ်ဟာ . . . ”
ဇင်မာသွဲ့ကလည်း . . .
“နင့်ကျေးဇူးပါဟာ . . . ”
နေလင်းပိုင်က သပိတ်ကြီးပိုက်ထွက်လာသော မိုးနွယ်ကိုကြည့်ကာ ရယ်နေသည်။ ပြီး တစ်ဆက်တည်း
မင်းဆက်ကို . . .
“ငါက နောက်တာပါကွ . . . တကယ်လုပ်စရာမလိုပါဘူး၊ သူငယ်ချင်းတွေအကုန်လုံးလည်း ငါပြောပြလို့
သိပြီးသွားပြီ . . . ”
“မင်းတကယ်ပြောတာလား . . . ”
“တကယ်ပြောတာပေါ့ဟ . . . ဒါကြောင့် အိမ်မှာ မင်းကို တောမထွက်ခင် အမိလာဖမ်းရတာ”
ထိုအခါကျမှ မင်းဆက်၏ မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ရွှေကဗျာဘက်လှည့်ကာ . . .
“ကဗျာ့ကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ သိပြီမဟုတ်လား”
ရွှေကဗျာက ရှက်ပြုံးဖြင့် ခေါင်းညိတ်ပြသည်။ သို့သော် တီးတိုးပြောသည်။
“နင် အဲဒီလိုသက်သေပြပုံကြီးနဲ့ဆို တို့က ဘယ်လိုလုပ်ပေါင်းစည်းရမှာလဲ . . . ”
“ဒေ . . . ”
အားလုံးက ဝါးခနဲ ဝိုင်းရယ်ကြသည်။
ထို့နောက် အားလုံး အင်းယားကန်စပ်မှာ ဘူးသီးကြော် သွားစားကြသည်။ မင်းဆက်က
ရွှေကဗျာအနားနားကပ်၍ ပြောသည်။
“နင့်အိုးပုတ်ကလေးကို ငါ ဘယ်တော့မှ ပြန်မပေးတော့ဘူးဟာ”
ရွှေကဗျာက ရှက်ပြုံးလေးနှင့် ခေါင်းညိတ်သည်။ အင်းယားကန်တစ်ခုလုံး ချိုမြိန်လှပသွားလေသည်။ ။

---

www.burmeseclassic.com